ကြေးမုံ
The Mirror
Established in 1957
၁၃၇၆ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၁၁ ရက်၊ အင်္ဂါနေ့၊ (22-7-2014) (၇၉၀၉)

မိုးရွာသွန်းမှု

၂၁-၇-၂၀၁၄

ကော့သောင်း	၄ ဒသမ ၈၈ လက်မ	
မြောက်ဦး	၄ ဒသမ ၆၁ လက်မ	
ငါးသိုင်းချောင်း	၄ ဒသမ ၄၁ လက်မ	
လှည်းကူး	၄ ဒသမ ၃၄ လက်မ	
ကျောက်တော်	၄ ဒသမ ၂၉ လက်မ	
ရန်ကုန်(မင်္ဂလာဒုံ)	၄ ဒသမ ၀၆ လက်မ	
ဝ	၃ ဒသမ ၉၈ လက်မ	
မအူပင်	၃ ဒသမ ၉၈ လက်မ	
မျော်ဘီ	၃ ဒသမ ၅၄ လက်မ	

ပြည်သူ့စွမ်းအားဖြင့်
နိုင်ငံတော်ကို
တည်ဆောက်အံ့

ပြည်သူ့လွှတ်တော်အစည်းအဝေး

ယခုနှစ် မိုးရာသီစိုက်ပျိုးစရိတ်ကို ဇူလိုင် ၁၈ ရက်အထိ ကျပ် ၄၁၂ ဒသမ ၂၃ ဘီလီယံ ထုတ်ချေးပြီးဖြစ်

နေပြည်တော် ဇူလိုင် ၂၁

ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး (၃၂)ရက်မြောက်နေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပသည်။

မေးခွန်းများ မေးမြန်းဖြေကြားခြင်းကဏ္ဍတွင် ဘော်လခဲ မဲဆန္ဒနယ်မှ ဦးအေးမောင်၏ **"ပြည်ထောင်စုအဆင့်ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များမှ စီမံကိန်းများကို လုပ်ငန်းတင်ဒါနစ်ဖြင့် ဆောင်ရွက်နေမှုသည် ပြည်သူလူထုထံ အမှန်တကယ်အကျိုးသက်ရောက်မှုရှိ မရှိ"** မေးခွန်းနှင့်စပ်လျဉ်း၍ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာစန်းလွင်က ၂၀၁၁ ခုနှစ် စက်တင်ဘာလ ၂၃ ရက်နောက်ပိုင်းမှစ၍ အစိုးရဌာနအဖွဲ့အစည်းများအနေဖြင့် ဌာနတွင်းပစ္စည်းဝယ်ယူရေးကော်မတီနှင့် တည်ဆောက်ရေးလုပ်ငန်းများစိစစ်ရေးကော်မတီတို့ဖွဲ့စည်းပြီး ယင်းအဖွဲ့မှ စိစစ်၍ ဝန်ကြီးဌာနစီမံခန့်ခွဲမှုကော်မတီအစည်းအဝေးသို့ တင်ပြအတည်ပြုချက်ရယူခြင်းဖြင့်လည်းကောင်း၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့တို့ကလည်း ဒေသဈေးနှုန်းစိစစ်ရေးအဖွဲ့၊ တည်ဆောက်ရေးလုပ်ငန်းများ စိစစ်ရေးကော်မတီတို့မှစိစစ်ပြီး တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့အစည်းအဝေးသို့ တင်ပြအတည်ပြုချက်ရယူခြင်းဖြင့်လည်းကောင်း၊ ဝယ်ယူရေးနှင့် တည်ဆောက်ရေးကိစ္စရပ်များကို ဆောင်ရွက်လျက်ရှိပါကြောင်း။ **စာမျက်နှာ ၇ ကော်လံ ၁ သို့ ✱**

အမျိုးသားလွှတ်တော်အစည်းအဝေး

အိမ်တွင်းအထောက်အကူအလုပ်သမားများ စေလွှတ်ခြင်းကို စနစ်တကျသေချာစွာ စိစစ်ဆောင်ရွက်သွားမည်

နေပြည်တော် ဇူလိုင် ၂၁

လွှတ်တော်ကိုယ်စားလှယ်များ၏ ဆောင်ရွက်ချက်များသည် ပြည်သူများ၏ အမှန်တကယ် လိုအပ်ချက်ဖြစ်သည့်အတွက် သက်ဆိုင်ရာဝန်ကြီးဌာနများက အမြန်ဆုံး ဆောင်ရွက်ပေးမှသာ ပြည်သူများက လွှတ်တော်ကိုယ်စားလှယ်များကို ယုံကြည်လာမည်ဖြစ်သကဲ့သို့ လွှတ်တော်နှင့် နိုင်ငံတော်အစိုးရအပေါ် ပိုမိုယုံကြည်အားကိုးလာမည်ဖြစ်ပါကြောင်းဖြင့် အမျိုးသားလွှတ်တော်အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ၏ အစီရင်ခံစာ၌ သုံးသပ်ထားသည်။

အမျိုးသားလွှတ်တော် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီက ကော်မတီ၏ **ပထမအကြိမ် အမျိုးသားလွှတ်တော် နဝမပုံမှန်အစည်းအဝေးတွင် မေးမြန်းခဲ့သည့် ကြယ်ပွင့်ပြ မေးခွန်းများ၊ ကြယ်ပွင့်မပြ မေးခွန်းများ၊ အဆိုများနှင့် ပထမပုံမှန်မှ အဋ္ဌမပုံမှန်အစည်းအဝေးအထိ လုပ်ငန်းဆောင်ရွက်ရန်ကျန်ရှိသည့် ကြယ်ပွင့်ပြမေးခွန်းများ၊ ကြယ်ပွင့်မပြ မေးခွန်းများ၊ အဆိုများ**နှင့်စပ်လျဉ်းသည့် အစီရင်ခံစာကို ယနေ့ကျင်းပသည့် အမျိုးသားလွှတ်တော်အစည်းအဝေး၌ လွှတ်တော်သို့ ဖတ်ကြားတင်သွင်းရာ၌ အထက်ပါအတိုင်း ထည့်သွင်းသုံးသပ်တင်ပြခဲ့ခြင်းဖြစ်သည်။

စာမျက်နှာ ၇ ကော်လံ ၁ သို့ ❖

တက္ကသိုလ်ခြေလျင်နှင့် တောင်တက်အသင်း ခါကာဘိုရာဇီတောင်ထိပ်သို့ တက်ရောက်မည်

ရန်ကုန် ဇူလိုင် ၂၁

တက္ကသိုလ်ခြေလျင်နှင့် တောင်တက်အသင်း သဘာဝခေါ်သံဖောင်ဒေးရှင်းမှ အဖွဲ့ဝင် ခုနစ်ဦးသည် ကချင်ပြည်နယ်မြောက်ဖျားရှိ အမြင့်ဆုံးခါကာဘိုရာဇီတောင်ထိပ်သို့ တက်ရောက်ရန် ဇူလိုင် ၂၉ ရက်တွင် စတင်ထွက်ခွာမည်ဖြစ်ကြောင်း သိရသည်။

ခါကာဘိုရာဇီတောင်ထိပ်သို့ ၁၉၉၆ ခုနှစ်တွင် ဂျပန်လူမျိုး မစ္စတာ အိုဇာကီနှင့် မြန်မာနိုင်ငံသား တိဘက်လူမျိုး နမားဂျွန်ဆိန်တို့ တက်ရောက်ခဲ့ပြီး တောင်ထိပ်တွင် မြန်မာနိုင်ငံအလံ၊ ဂျပန်နိုင်ငံအလံနှင့် ခရီးစဉ်အတွက်ထောက်ပံ့ပေးသော ထိုင်းနိုင်ငံနှင့် ပြင်သစ်နိုင်ငံအလံတို့ကို လွှင့်ထူနိုင်ခဲ့ကြောင်း၊ ယခုခရီးစဉ်တွင် မြန်မာလူငယ်များသာ တက်ရောက်မည်ဖြစ်ပြီး တောင်ထိပ်တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ အလံကို သီးသန့်လွှင့်ထူမည်ဖြစ်ကြောင်း၊ ယခုခရီးစဉ်အတွက် မြန်မာနိုင်ငံသားပိုင် ပရီးမီးယားကုမ္ပဏီလီမိတက်နှင့် ကမ္ဘောဇဘဏ်လီမိတက်တို့က အဓိကပံ့ပိုးပေးထားကြောင်း သိရသည်။ **(သတင်းစဉ်)**

ရေယာဉ်များ ယှဉ်ပြိုင်ပြေးဆွဲ၍ မော်ကျွန်းဒေသမှ ပြည်သူများ ရေလမ်းခရီးတွင် ငွေကြေးသက်သာစွာဖြင့် သွားလာနိုင်

ပြည်တွင်းရေကြောင်း သင်္ဘော
ဗလကျော်ခေါင်

ရန်ကုန် ဇူလိုင် ၂၁

ရေလမ်း မိုင် ၁၀၀ ခရီးရှိသော ရန်ကုန်-မော်ကျွန်းခရီးစဉ်တွင် နေ့စဉ်ရေယာဉ်မျိုးစုံ ငါးစင်း၊ ခြောက်စင်း သင်္ဘောခန့်မှန်းထား အမျိုးမျိုးဖြင့် ပြေးဆွဲနေပြီး သင်္ဘောအချို့တွင် ဝန်ဆောင်မှုများ ကောင်းသဖြင့် ဒေသခံပြည်သူများ ဈေးနှုန်းသက်သာစွာဖြင့် သွားလာနေရခြင်းသည် ယှဉ်ပြိုင်ပြေးဆွဲမှုများမှ ထွက်ပေါ်လာသောရလဒ်ဖြစ်သည်ဟု ဒေသခံများက ဆိုသည်။

ယခင်က ရေယာဉ်စီးခရီးသည်များအနေဖြင့် သင်္ဘောအပေါ်ထပ် သစ်သားကြမ်းပြင်၊ အောက်ထပ် သံကြမ်းပြင်တို့တွင် စီးနင်းကြရာ ကိုယ်ပိုင်အခင်း၊ ခေါင်းအုံးယူဆောင်ရကြောင်း၊ ယခုအခါ ကြမ်းပြင်ထက် အနည်းငယ်မြင့်သော လေးယောက်ဆံ့ အိပ်စင်အကန့်များတွင် သင်ဖြူးဖျာ၊ ခေါင်းအုံးများထားရှိပေးသော ရုပ်ပြေးနှစ်ထပ်ရေယာဉ်များရှိလာကြောင်း၊ အချို့ ရေယာဉ်လိုင်းများဆိုလျှင်

စာမျက်နှာ ၈ ကော်လံ ၅ သို့ ✪

ကြေးမုံစာတည်းရှုထောင့် ၂၂-၇-၂၀၁၄၊ အင်္ဂါနေ့

အရှေ့နှင့်အနောက် သဘာဝ

အီကွေတာရပ်ဝန်း ဝန်းကျင်ဒေသများတွင် မုတ်သုံမိုးရွာသွန်းဖြိုးလျက် အရှိန်ရလာသည်။ မိုးနှင့်အတူ ပုံမှန်လာနေကျ မိုးသက်လေပြင်းများလည်း ပါလာသည်။ မိုးသက်လေပြင်းနှင့်အတူ မိုးသက်မုန်တိုင်းများလည်း နေရာကွက်၍ ဝင်ရောက်တတ်သည်။ တိုင်ဖွန်း၊ ဆိုင်ကလုန်း၊ ဟာရီကိန်းဟူ၍ နေရာဒေသအလိုက် ဖြစ်ပေါ်နိုင်သော အချိန်ကာလဖြစ်သည်။

ကမ္ဘာ့အပူရှိန် ဟန်ချက်မညီမြင့်တက်လာကတည်းက ပုံမှန်မဟုတ်တော့သည့် ရာသီဥတုဒဏ်ကို ကမ္ဘာနှင့်အဝှမ်းခံလာကြရသည်မှာ ယခုအဆန်းမဟုတ်တော့ချေ။ ယခင်က ငါးနှစ်တစ်ကြိမ်၊ ခုနစ်နှစ်တစ်ကြိမ် ပုံမှန်ရှိနေခဲ့သည့် အယ်လ်နီညိုရာသီဥတုသည်လည်း ယခုပုံသေသတ်မှတ်ချက်မရှိတော့ပြီ။ ကမ္ဘာကြီးနှင့်အတူ အပူရှိန်မြင့်တက်လာနေသော ပင်လယ်ရေက အယ်လ်နီညိုရာသီဥတုဖြစ်ပေါ်မှုကို အချိန်မရွေး ကြုံတွေ့စေနိုင်သည်။ အယ်လ်နီညိုရာသီဥတုဖောက်လာပြီဆိုလျှင်လည်း အနည်းဆုံး တစ်နှစ်ထိ ကြာမြင့်တတ်ရာ ရာသီဥတုဖောက်ပြန်သော အကျိုးဆက်ကို ကြိုတင်ကာကွယ်မှုပြုရုံမှအပ တားဆီး၍ မရနိုင်သော သဘာဝဘေး ကြုံတွေ့မှု ဖြစ်သည်။

ကမ္ဘာကြီးပူနွေးလာမှုကြောင့် ကမ္ဘာ့ရေခဲပြင်အရည်ပျော်လာသဖြင့် ကျွန်းနိုင်ငံများ၊ ကမ်းစပ်နိုင်ငံမြို့ပြများကို ခြိမ်းခြောက်လာသည်။ အပူကိုစုပ်ယူထားသော ကမ္ဘာ့သမုဒ္ဒရာကြီးများသည်လည်း ပူနွေးလာကာ မုန်တိုင်းကြီးငယ်များကို ဖြစ်ပေါ်လာစေသည်။ ဖြစ်သမျှမုန်တိုင်းများသည် ပင်လယ်ပြင်ကို အခြေပြုမြဲဖြစ်ရာ မုန်တိုင်းနှင့်အတူ ရေလှိုင်းများပါ "ကျွဲကူးရေပါ" လိုက်ပါလာပြီး ကမ်းစပ်နေပြည်သူများကို အန္တရာယ်ပေးတတ်သည်။ "ဆူနာမီ" ဟု နာမည်လှလှပေးထားသော ရေလှိုင်းကြီးများကို ဖိလစ်ပိုင်၊ ဂျပန်၊ အင်ဒိုနီးရှား၊ ထိုင်းနှင့် မြန်မာကမ်းရိုးတန်းနေပြည်သူများ ကြုံတွေ့ခဲ့ရဖူးပြီ။

လတ်တလောမုန်တိုင်းဖြစ်စဉ်မှာ လူနေအိမ်တစ်သိန်းကျော် ပျက်စီးခဲ့ရပြီး လူပေါင်း ၁၀၀ ဦးခန့် သေဆုံးခဲ့ရသော "ရမ်မာဆင်" အမည်ရှိ တိုင်ဖွန်းမုန်တိုင်းသည် ဖိလစ်ပိုင်နိုင်ငံကို ဒုက္ခပေးသွားသည်မှာ ပူပူနွေးနွေး ရှိသေးသည်။ အပျက်အစီးများကို ရှင်းလင်း၍ မပြီးနိုင်သေးမီ "မက်မို"အမည်ရှိ နောက်ထပ်မုန်တိုင်းတစ်ခုကလည်း ထပ်မံပေါ်လာပြန်သည်။

"မက်မို"မုန်တိုင်းသည် လူဇုံကျွန်းမကြီးသို့ ဝင်ရောက်မတိုက်ခိုက်နိုင်၍ "ရမ်မာဆင်"မုန်တိုင်းလောက်မဆိုးနိုင်ဟုဆိုကြသော်လည်း လူဇုံကျွန်းမကြီးပေါ်၌ မိုးအကြီးအကျယ်ရွာသွန်း၍ ရုတ်တရက် ရေလွှမ်းမိုးမှုများ၊ မြေပြိုမှုများဖြစ်ပေါ်လာနိုင်ကြောင်း တာဝန်ရှိသူများက သတိပေးထားသည်။

ဖိလစ်ပိုင်ကို ကြမ်းကြမ်းရမ်းရမ်းဝင်ရောက်ခဲ့သော "ရမ်မာဆင်"သည် တရုတ်နိုင်ငံတောင်ပိုင်းသို့လည်း အင်အားပြင်းထန်စွာ ဝင်ရောက်ခဲ့သည်။ တရုတ်ဟိုင်နန်ကျွန်းတွင် လူငါးဦးသေဆုံးခဲ့ရပြီး လူတစ်ရာနီးပါး ထိခိုက်ဒဏ်ရာရစေခဲ့သည်။ ယခု ဗီယက်နမ်ဘက် ဦးတည်ရွေ့လျားကာ ကုန်းတွင်းပိုင်းသို့ သွားသည်။ အကျိုးဆက်မှာ မိမိတို့နိုင်ငံအပါအဝင် လာအို၊ ကမ္ဘောဒီးယားနိုင်ငံများတွင် မိုးသည်းထန်စွာရွာသွန်းနေခြင်းသည် ကမ္ဘာ့အရှေ့ခြမ်းမှာဝင်နေသော အပူပိုင်းမုန်တိုင်းနှင့် မုတ်သုံမိုးများကြောင့် ဖြစ်သည်။

သို့သော် အနောက်ကမ္ဘာခြမ်းဟုဆိုရမည့် အမေရိကန်ပြည်ထောင်စု ဝါရှင်တန်ပြည်နယ်အရှေ့ပိုင်း ကက်စကိတ်တောင်တန်းတွင် တောမီးအကြီးအကျယ်လောင်ကျွမ်းနေကြောင်း၊ လူနေအိမ်ပေါင်း ၈၀ ခန့် ပျက်စီးပြီး လူရာပေါင်းများစွာ ထွက်ပြေးကြရကြောင်း သိရှိရသည်။ နိုင်ငံအနောက်ပိုင်း မိုးခေါင်၍ ကယ်လီဖိုးနီးယားမှ အီဒါအိုပြည်နယ်ထိ လောင်ကျွမ်းမီးနှင့် တစ်ဆက်တစ်စပ်တည်း လောင်ကျွမ်းနေခြင်းဖြစ်ကြောင်း သိရသည်။

ကမ္ဘာ့အရှေ့ခြမ်းတွင် မိုးများ၍ ရေကြီးပြီး မုန်တိုင်းဝင်ရောက်နေချိန် ကမ္ဘာ့အနောက်ခြမ်းတွင် မိုးခေါင်၊ မီးလောင်မှုဖြစ်နေသည်။ အရှေ့ဘက်ခြမ်းတွင်လည်း မုန်တိုင်းလမ်းကြောင်းနယ်မြေဒေသများသို့ ဖြတ်သွားသည်။ အရှေ့အနောက်ဆန့်ကျင်ဘက်ဖြစ်ရပ်များသည် ကမ္ဘာ့အပူရှိန် မြင့်တက်လာနေမှုကို မထိန်းချုပ်နိုင်သေးသမျှ ကမောက်ကမ ဖြစ်စဉ်ဖြစ်ရပ်များနှင့် မိမိတို့ ရှောင်လွှဲမရ ကြုံတွေ့နေကြရမှုများကို ရင်ဆိုင်နေရဦးမည်ဖြစ်ရာ မိမိတို့အားလုံး သတိပြုဆင်ခြင် နေထိုင်ကြရမည်ဖြစ်ပါသည်။ ။

မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

ရန်ကုန် ဇူလိုင် ၂၁

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနနှင့် ဂျပန်နိုင်ငံ AEON Environmental Foundation တို့ ပူးပေါင်းကျင်းပသည့် ရန်ကုန်တိုင်းဒေသကြီး ၂၀၁၄ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ အခမ်းအနားကို ဇူလိုင် ၂၀ ရက် နံနက် ၈ နာရီခွဲတွင် ရန်ကုန်မြောက်ပိုင်းခရိုင် တိုက်ကြီးမြို့နယ် တောင်လှိုင်ရိုးမကြိုးဝိုင်း အကွက်အမှတ် (၁၂၊ ၁၃) ၌ ကျင်းပသည်။

အခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေက အမှာစကားပြောကြားရာ၌ ယနေ့ မြန်မာနိုင်ငံနှင့် ဂျပန်နိုင်ငံမှ ပြည်သူများစုပေါင်းပြီး သစ်ပင်စိုက်ပျိုးသည့် အစီအစဉ်သည် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ကမ္ဘာမြေစိမ်းလန်းစိုပြည်ရေးအတွက်သာမက မြန်မာ-ဂျပန် ချစ်ကြည်ရေးပိုမိုခိုင်မြဲလာစေသည့် လှုပ်ရှားမှုတစ်ခုဖြစ်သဖြင့် များစွာဝမ်းမြောက်ပါကြောင်း၊ ရန်ကုန်တိုင်းဒေသကြီးအတွင်း အစိုးရ၊ ပြည်သူနှင့် ပုဂ္ဂလိကကဏ္ဍမှ ၂၀၁၄ ခုနှစ်တွင် စုစုပေါင်းသစ်ပင် ၁၆ သိန်းကျော် စိုက်ပျိုးပြီးဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ဂျပန်နိုင်ငံ AEON Environmental Foundation မှ Chairman Mr. Takuya Okada က သစ်ပင်စိုက်ပျိုးပွဲနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေနှင့် ဇနီး ဒေါ်ခင်သက်ဌေးတို့က ကံ့ကော်ပင်၊ ပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးမြင့်မောင်က ပိတောက်ပင်နှင့် တိုင်းဒေသကြီးဝန်ကြီးများ၊ တာဝန်ရှိသူများက အခြားပျိုးပင်များကို စိုက်ပျိုးပေးကြပြီး လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဂျပန်နိုင်ငံမှ ပြည်သူများ၊ ကျောင်းသားကျောင်းသူများ၊ ဒေသခံပြည်သူများ၏ စုပေါင်းသစ်ပင်စိုက်ပျိုးနေမှုများကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

ဂျပန်နိုင်ငံ AEON Environmental Foundation အနေဖြင့် မြန်မာ-ဂျပန် ချစ်ကြည်ရေး ခိုင်မြဲစေရန် ရည်ရွယ်၍ ပထမအကြိမ်စုပေါင်းသစ်ပင်စိုက်ပျိုးခြင်းကို ၂၀၁၃ ခုနှစ် ဇူလိုင်လတွင် ပြုလုပ်ခဲ့ရာ သစ်ပင်ပေါင်း ၆၀၀၀ စိုက်ပျိုးခဲ့ပြီး ယနေ့အခမ်းအနားတွင် ဒုတိယအကြိမ်အဖြစ် ကံ့ကော်၊ ပိတောက်၊ ကျွန်း၊ ပျဉ်းကတိုး၊ သင်းဝင်၊ မြရာ၊ ရင်းတိုက်အပါအဝင် သစ်ပင်အမျိုးပေါင်း ၂၅ မျိုး သစ်ပင်ပေါင်း ၈၀၀၀ စိုက်ပျိုးပြီးစီးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

ရန်ကုန် ဇူလိုင် ၂၁

ရန်ကုန်	ရွှေဈေး	၆၇၇၀၀၀ - ၆၇၇၈၀၀	
မန္တလေး	ရွှေဈေး	၆၇၇၀၀၀ - ၆၇၇၈၀၀	
စက်သုံးဆီဈေးနှုန်း			
(က) ဒီဇယ်	တစ်လီတာ	၉၅၀ ကျပ်	
(ခ) အောက်တိန်း 95	တစ်လီတာ	၁၂၀၀ကျပ်	
(ဂ) အောက်တိန်း 92	တစ်လီတာ	၉၄၀ ကျပ်	
(ဃ) ဓာတ်ဆီ	တစ်လီတာ	၈၁၄ ကျပ်	
နိုင်ငံခြားငွေလဲလှယ်နှုန်း			
(က) အမေရိကန်	တစ်ဒေါ်လာ	=	၉၇၂. ၀၀
(ခ) ဥရောပ	တစ်ယူရို	=	၁၃၁၅. ၂
(ဂ) တရုတ်	တစ်ယွမ်	=	၁၅၆. ၅၆
(ဃ) ထိုင်း	တစ်ဘတ်	=	၃၀. ၂၆၆
(င) မလေးရှား	တစ်ရင်းဂစ်	=	၃၀၅. ၇၁
(စ) အိန္ဒိယ	တစ်ရူပီး	=	၁၆. ၁၂၃
(ဆ) ဂျပန်	တစ်ရာယန်း	=	၉၅၉. ၈၁
(ဇ) တောင်ကိုရီးယား	တစ်ရာဝမ်	=	၉၄. ၅၆၆
(ဈ) သြစတြေးလျ	တစ်ဒေါ်လာ	=	၉၁၂. ၄၂
(ည) စင်ကာပူ	တစ်ဒေါ်လာ	=	၇၈၂. ၈၀

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဗဟိုဘဏ် သတ်မှတ်ရည်ညွှန်းနှုန်း

နိုင်ငံတော်အဆင့် လူငယ်စင်တာ ဖွင့်လှစ်ရန် ဒုတိယအကြိမ် တွေ့ဆုံဆွေးနွေးမည်

ရန်ကုန် ဇူလိုင် ၂၁

နိုင်ငံတော်အဆင့် လူငယ်စင်တာဖွင့်လှစ်ရန်နှင့် အဆိုပါစင်တာတွင် တာဝန်ထမ်းဆောင်ရန် အရည်အချင်းပြည့်မီသော လူငယ်ခေါင်းဆောင်များအား စုပေါင်းရွေးချယ်ပေးကြရန်အတွက် ဒုတိယအကြိမ် တွေ့ဆုံဆွေးနွေးမည့်အစီအစဉ်ကို ဇူလိုင် ၂၆ ရက် နံနက် ၉ နာရီခွဲမှ ညနေ ၅ နာရီထိ အင်းစိန်မြို့နယ် ဘီအိုစီမှတ်တိုင်ရှိ တိ/မွေးကု တက္ကသိုလ်ဝင်းအတွင်း ပြုလုပ်သွားမည်ဖြစ်ကြောင်း လူငယ်စင်တာ မူကြမ်းရေးဆွဲရေးကော်မတီဝင် ကိုသက်ဆွေဝင်း၏ပြောပြချက်အရ သိရသည်။

ထို့ကြောင့် လူငယ်ရေးရာကို စိတ်ဝင်စားသော မည်သည့်လူငယ်မဆို တက်ရောက်နိုင်ကြောင်း၊ အကယ်၍ အဖွဲ့အစည်းမှ တက်ရောက်မည်ဆိုပါက ဆုံးဖြတ်ချက်ချမှတ်နိုင်သူ တစ်ဦး အနည်းဆုံး ပါဝင်ရမည်ဖြစ်ကြောင်း၊ ဆက်သွယ်ရန်ဖုန်းနံပါတ်များဖြစ်သော ၀၉-၄၂၀၀၂၉၆၁၆၊ ၀၉-၄၂၁၀၈၇၉၉၃၊ ၀၉-၅၁၄၂၇၁၇ နှင့် ၀၉-၄၂၁၀၈၇၉၉၂ တို့သို့ ဆက်သွယ်တက်ရောက်နိုင်ကြကြောင်း လူငယ်စင်တာ မူကြမ်းရေးဆွဲရေးကော်မတီမှ စုံစမ်းသိရသည်။ (၀၄၀)

ဒိန်းမတ်နိုင်ငံသံအမတ်ကြီးခန့်အပ်ရန်သဘောတူ

နေပြည်တော် ဇူလိုင် ၂၂

မစ္စတာ ပီတာ လီရှော့တ် ဟန်ဆန်အား ရန်ကုန်မြို့အခြေစိုက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ဒိန်းမတ်နိုင်ငံသံအမတ်ကြီးအဖြစ်ခန့်အပ်ရန် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရက သဘောတူညီပြီးဖြစ်သည်။

မစ္စတာ ပီတာ လီရှော့တ် ဟန်ဆန်ကို ၁၉၅၁ ခုနှစ်တွင် မွေးဖွားခဲ့သည်။ ၁၉၇၈ ခုနှစ်တွင် ကိုပင်ဟေဂင်တက္ကသိုလ်မှ စီးပွားရေးဘာသာရပ်ဖြင့် မဟာဘွဲ့ရရှိခဲ့ပြီး ယင်းနှစ်မှာပင် နိုင်ငံခြားရေးဝန်ကြီးဌာနသို့ အတွင်းဝန်ရာထူးဖြင့် အလုပ်စတင်ဝင်ရောက်ခဲ့သည်။ ၁၉၈၀ ပြည့်နှစ်မှစတင်၍ နိုင်ငံခြားရေးဝန်ကြီးဌာန၌ ဌာနခွဲအကြီးအကဲအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး ၁၉၈၃ ခုနှစ်မှ ၁၉၈၇ ခုနှစ်ထိ နယူးယောက်မြို့ရှိ ကုလသမဂ္ဂဆိုင်ရာ ဒိန်းမတ် အမြဲတမ်းကိုယ်စားလှယ်အဖွဲ့ရုံး၌ ပထမအတွင်းဝန်အဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။ ထို့နောက် ၁၉၈၉ ခုနှစ်မှ ၁၉၉၈ ခုနှစ်အထိ နယူးဒေလီ၊ ပရီတိုးရီးယားနှင့် ဒါရစ်ဆလမ်မြို့များရှိ ဒိန်းမတ်သံရုံးများ၌ ရာထူးအဆင့်ဆင့်ဖြင့် တာဝန်ထမ်းဆောင်ခဲ့သည်။ ၂၀၀၁ ခုနှစ်တွင် ကိုပင်ဟေဂင်မြို့ နိုင်ငံခြားရေးဝန်ကြီးဌာနတွင် လက်ထောက်နိုင်ငံခြားရေးဝန်ကြီးအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။ ၂၀၀၄ ခုနှစ်တွင် ဟန်ွိုင်းမြို့အခြေစိုက် ဗီယက်နမ်နိုင်ငံဆိုင်ရာ ဒိန်းမတ်နိုင်ငံသံအမတ်ကြီးအဖြစ် ဆောင်ရွက်ခဲ့ပြီး ၂၀၁၀ပြည့်နှစ်မှစ၍ ယနေ့အထိ တောင်ကိုရီးယားနှင့် မြောက်ကိုရီးယားနိုင်ငံဆိုင်ရာ ဒိန်းမတ်နိုင်ငံ သံအမတ်ကြီးအဖြစ် တာဝန်ထမ်းဆောင်လျက်ရှိသည်။

သူသည် အိမ်ထောင်ရှင်တစ်ဦးဖြစ်သည်။ **(သတင်းစဉ်)**

မြန်မာနိုင်ငံရှိ စီးပွားရေးလုပ်ငန်းများအပေါ် လူမှုရေးသက်ရောက်မှု ပိုမိုကောင်းမွန်သည့် ပတ်ဝန်းကျင်တစ်ရပ်တည်ဆောက်ရေးနှင့်စပ်လျဉ်းသော ဆွေးနွေးပွဲအခမ်းအနားကျင်းပ

နေပြည်တော် ဇူလိုင် ၂၁

အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနနှင့် ရန်ကုန်မြို့ရှိ ဗြိတိသျှကောင်စီ (British Council) တို့ ပူးပေါင်း၍ မြန်မာနိုင်ငံရှိ စီးပွားရေးလုပ်ငန်းများအပေါ် လူမှုရေးသက်ရောက်မှုပိုမိုကောင်းမွန်သည့် ပတ်ဝန်းကျင်တစ်ရပ် တည်ဆောက်ရေးနှင့်စပ်လျဉ်းသောဆွေးနွေးပွဲကို ယနေ့နံနက် ၉ နာရီခွဲမှ မွန်းတည့် ၁၂ နာရီထိ နေပြည်တော် Park Royal ဟိုတယ်၌ ကျင်းပသည်။**(ယာပုံ)**

ဆွေးနွေးပွဲသို့ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်းနှင့် ဦးတင်နိုင်သိန်း၊ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့်၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်ရီ၊ ရန်ကုန်မြို့ရှိ ဗြိတိသျှကောင်စီ (British Council) မှ ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်အဖွဲ့ဝင် ပါမောက္ခ ဒေါက်တာအောင်ထွန်းသက်၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်မှ အတွင်းရေးမှူး ဒေါ်ခိုင်ခိုင်နွယ်၊ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့မှကိုယ်စားလှယ်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ဝန်ကြီးဌာနများမှကိုယ်စားလှယ်များ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်တို့မှ ဗဟိုအလုပ်အမှုဆောင်များ၊ ညီနောင်အသင်းများမှ ကိုယ်စားလှယ်များ စုစုပေါင်း ၁၅၀ ခန့် တက်ရောက်ခဲ့ကြသည်။

အဆိုပါဆွေးနွေးပွဲတွင် ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်း၊ ရန်ကုန်မြို့ရှိ ဗြိတိသျှကောင်စီ (British Council) မှဒါရိုက်တာ Mr. Kevin Mackenzie နှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံ နိုဗယ်ဆုရှင် Professor Mohammad Yunus တို့က အမှာစကားပြောကြားကြသည်။

ဆွေးနွေးပွဲကို မြန်မာနိုင်ငံ၏ ဆင်းရဲနွမ်းပါးမှုပပျောက်စေရေးနှင့် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်စေရေးအတွက် လွှတ်တော်ကိုယ်စားလှယ်များအပါအဝင် အစိုးရဌာနများမှ တာဝန်ရှိသူများနှင့် စီးပွားရေးလုပ်ငန်းရှင်များ တွေ့ဆုံဆွေးနွေးရန် ရည်ရွယ်၍ ကျင်းပခြင်းဖြစ်သည်။

ဆွေးနွေးပွဲတွင် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်စေရန်အတွက် နိုင်ငံတော်အစိုးရအနေဖြင့် ဆောင်ရွက်ထားရှိမှု အခြေအနေ၊ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်စေရန်အတွက် နိုင်ငံတကာအဖွဲ့အစည်းများ၏ ပံ့ပိုးမှုအခန်းကဏ္ဍ၊ အာရှဒေသမှရရှိမည့်သင်ခန်းစာများနှင့် ကမ္ဘာလုံးဆိုင်ရာအစီအစဉ်တွင် မြန်မာနိုင်ငံ၏ အတွေ့အကြုံများကို သက်ဆိုင်ရာပုဂ္ဂိုလ်များက ပါဝင်ဆွေးနွေးကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အပ်ချုပ်စက်ပေးအပ်ပွဲ၊ အသေးစားချေးငွေထောက်ပံ့ခြင်းနှင့် သစ်သီးအလှပုံဖော်သင်တန်းဖွင့်လှစ်

နေပြည်တော် ဇူလိုင် ၂၁

မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း(ဗဟို)က ကြီးမှူးထောက်ပံ့ဖွင့်လှစ်သည့် အပ်ချုပ်စက်ပေးအပ်ပွဲ၊ အသေးစားချေးငွေထောက်ပံ့ခြင်းနှင့် သစ်သီးအလှပုံဖော်သင်တန်းဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဗဟိုအစည်းအဝေးခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံမိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်သန်းဝင်းက မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းသည် စေတနာ့ဝန်ထမ်းအဖွဲ့အစည်း တစ်ရပ်ဖြစ်သည်နှင့်အညီ ကျန်းမာရေး၊ ပညာရေး၊ စီးပွားရေးနှင့် လူမှုရေးဆိုင်ရာ စောင့်ရှောက်မှု လုပ်ငန်းများတွင် အသင်းဝင်များ၏ စေတနာအင်အားဖြင့် ကျေးလက်ဒေသများအထိ ရောက်ရှိအောင် ဆောင်ရွက်လျက်ရှိပါကြောင်း၊ အသင်းဗဟိုအနေဖြင့် စီးပွားရေးစောင့်ရှောက်မှု လုပ်ငန်းများဖြစ်သည့် အသေးစားချေးငွေထောက်ပံ့ခြင်း၊ အသက်မွေးဝမ်းကျောင်း အပ်ချုပ်စက်သင်တန်းဖွင့်လှစ်နိုင်ရန် အပ်ချုပ်စက်များ ထောက်ပံ့ပေးခြင်း၊ သစ်သီးအလှပုံဖော်သင်တန်းစသည့် သင်တန်းများကို ဖွင့်လှစ်ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ တစ်ပိုင်တစ်နိုင် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို မြို့နယ်များ၌ လုပ်ဆောင်နိုင်ရန် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ထောက်ပံ့ငွေများ ပံ့ပိုးပေးခဲ့ပါကြောင်း။

၂၀၁၃ခုနှစ် ဇွန်လတွင် နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ ဒက္ခိဏသီရိ၊ ဇေယျာသီရိ၊ ပုဗ္ဗသီရိ၊ ဥတ္တရသီရိနှင့် ဇမ္ဗူသီရိမြို့နယ်များရှိ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းများသို့ အသေးစားမတည်ရင်းနှီးငွေများ ထောက်ပံ့ပေးအပ်ခဲ့ပါကြောင်း၊ စီးပွားရေးစောင့်ရှောက်မှု လုပ်ငန်းစဉ်တစ်ခုဖြစ်သည့် မိသားစုဝင်ငွေတိုးရေးနှင့် လူမှုဘဝမြှင့်တင်နိုင်ရန်ရည်ရွယ်၍ အသက်မွေးမှု အတတ်ပညာဆိုင်ရာ သင်တန်းများအပြင် ဒေသနှင့်ကိုက်ညီသည့် သင်တန်းများကိုလည်း နေပြည်တော်၌သာမက တိုင်းဒေသကြီး/ ပြည်နယ်အသီးသီးတို့တွင် သက်ဆိုင်ရာ မိခင်နှင့်ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့များ၏ ဦးဆောင်မှုဖြင့် ဖွင့်လှစ်သင်ကြားပေးလျက်ရှိပါကြောင်း၊ နေပြည်တော်ကောင်စီနယ်မြေအတွင်း၌ စက်ချုပ်သင်တန်း ပိုမိုကျယ်ပြန့်စွာ ဖွင့်လှစ်နိုင်ရန် ရည်ရွယ်၍ အပ်ချုပ်စက်များကို ပထမအသုတ်အနေဖြင့် တပ်ကုန်းနှင့် ပျဉ်းမနားမြို့နယ်များသို့ ထောက်ပံ့ပေးခဲ့ပြီး ဖြစ်ပါကြောင်း။

နိုင်ငံတော်အစိုးရသည် ဆင်းရဲမှုလျှော့ချရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ အသင်းကြီးက ဖွင့်လှစ်ဆောင်ရွက်လျက်ရှိသည့် မိသားစုဝင်ငွေတိုး သင်တန်းများသည် တစ်ထောင့်တစ်နေရာမှ အထောက်အကူဖြစ်စေနိုင်မည်ဖြစ်ကြောင်း ပြောကြားပြီး ဥတ္တရသီရိမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းသို့ အပ်ချုပ်စက်များ ထောက်ပံ့ပေးအပ်သည်။

ထို့နောက် မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဒုတိယဥက္ကဋ္ဌ ဒေါ်သက်သက်ဆွေ၊ ဗဟိုအလုပ်အမှုဆောင် ဒေါ်စဝ်နွမ်းခွန်ဆမ်၊ စီးပွားရေးစောင့်ရှောက်မှု လုပ်ငန်းအဖွဲ့ခေါင်းဆောင် ဒေါ်အမာတို့က လယ်ဝေး၊ ပျဉ်းမနား၊ တပ်ကုန်းမြို့နယ်များသို့ အသေးစားချေးငွေများ ထောက်ပံ့ပေးအပ်သည်။

အဆိုပါ အခမ်းအနားသို့ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဒုတိယဥက္ကဋ္ဌများ၊ ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ ဗဟိုကောင်စီဝင်များ၊ နေပြည်တော်ကောင်စီ ခရိုင်နှင့် မြို့နယ်များမှ မိခင်နှင့်ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ၊ အတွင်းရေးမှူးများ၊ သင်တန်းဆရာ ဆရာမများနှင့် သင်တန်းသူများ တက်ရောက်ကြသည်။

သစ်သီးအလှပုံဖော်သင်တန်းကို ဇူလိုင် ၂၁ ရက်မှ ၂၃ ရက်ထိ သုံးရက်ကြာ ဖွင့်လှစ်မည်ဖြစ်ပြီး သင်တန်းသူ ၄၅ ဦး တက်ရောက်လျက်ရှိသည်။ **(သတင်းစဉ်)**

ဇူလိုင် ၂၀ ရက်က ဗင်နီဇွဲလားနိုင်ငံ မြို့တော် ကာရာကာ့စ်၌ တရုတ်သမ္မတ ရှီကျင့်ဖျင်အား ကြိုဆိုပွဲ အခမ်းအနား ကျင်းပစဉ်။

တရုတ်နှင့် ဗင်နီဇွဲလား ဆက်ဆံရေးမြှင့်တင် ရေနံဈေးကွက်ဝင်ရောက်ရေး နှစ်နိုင်ငံ သဘောတူညီ

ကာရာကာ့စ် ဇူလိုင် ၂၁

တရုတ်သမ္မတရှီကျင့်ဖျင်သည် ဗင်နီဇွဲလားနိုင်ငံသို့ ရောက်ရှိနေပြီး အမျိုးသားလွှတ်တော်ဥက္ကဋ္ဌနှင့် ဇူလိုင် ၂၁ ရက်တွင် တွေ့ဆုံဆွေးနွေးရန် စီစဉ်ထားသည်။ တရုတ်နိုင်ငံသည် တောင်အမေရိကတိုက်ရှိ ဗင်နီဇွဲလားနိုင်ငံနှင့် ဆက်ဆံရေးမြှင့်တင်နိုင်ရန် သဘောတူညီချက်များကို လက်မှတ်ရေးထိုးမည်ဖြစ်သည်။

ဆွေးနွေး

တရုတ်သမ္မတရှီသည် နှစ်ရက်ကြာ နေထိုင်လည်ပတ်ရန် ဗင်နီဇွဲလားနိုင်ငံသို့ ရောက်ရှိလာခဲ့သည်။ ရှီသည် ဗင်နီဇွဲလားသမ္မတ နီကိုလပ်စ်မာဒူရိုနှင့် တွေ့ဆုံဆွေးနွေးခဲ့ပြီး နှစ်နိုင်ငံမဟာဗျူဟာမြောက် ပူးပေါင်းဆောင်ရွက်ကြရန် သဘောတူညီခဲ့သည်။

ဘဏ္ဍာရေးဆိုင်ရာပူးပေါင်းဆောင်ရွက်မှုနှင့် စွမ်းအင်ကဏ္ဍ ပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်ကြရန်လည်း သဘောတူညီခဲ့ကြသည်။ သမ္မတရှီသည် ဇူလိုင် ၂၀ ရက်က ဗင်နီဇွဲလားသမ္မတနှင့် တွေ့ဆုံဆွေးနွေးခဲ့ပြီးနောက် ပူးတွဲသတင်းစာရှင်းလင်းပွဲ ပြုလုပ်ခဲ့သည်။ တရုတ်နိုင်ငံသည် ၂၁ ရာစုခေတ်တွင် စီးပွားရေးထွန်းသစ်စအင်အားကြီး နိုင်ငံအဖြစ် ပေါ်ထွန်းလာကြောင်း မာဒူရိုက ပြောကြားသည်။

တရုတ်နိုင်ငံသည် ဗင်နီဇွဲလားနိုင်ငံ၏ ရေနံကို ဒုတိယအများဆုံးဝယ်ယူသည့် နိုင်ငံဖြစ်သည်။ ဗင်နီဇွဲလားနိုင်ငံသည် တရုတ်ရေနံဈေးကွက်သို့ ပျမ်းမျှအားဖြင့် တစ်ရက်လျှင်ရေနံစည်ပေါင်း ၆၄၀၀၀၀ ရောင်းချသည်။

ကုန်သွယ်ဖက်နိုင်ငံများဖြစ်ကြသော တရုတ်နှင့်ဗင်နီဇွဲလားနိုင်ငံတို့သည် လာမည့်နှစ်များတွင် တစ်ရက်လျှင် ရေနံစည်တစ်သန်းအထိ ရောင်းဝယ်ကြရန် ရည်မှန်းထားသည်။ စွမ်းအင်လိုအပ်ချက်ကြီးထွားနေသော တရုတ်နိုင်ငံသည် ဗင်နီဇွဲလားနိုင်ငံထံမှ ရေနံကိုတိုးမြှင့်ဝယ်ယူမည်ဖြစ်သည်။

တရုတ်နှင့် ဗင်နီဇွဲလား အပြန်အလှန်ကုန်သွယ်မှုသည် ၂၀၁၂ ခုနှစ်က အမေရိကန်ဒေါ်လာဘီလီယံ ၂၀ ကျော်လွန်ခဲ့သည်။ **ရိုက်တာ။**

အမေရိကန် ဦးဆောင်၍ စစ်ရေးလေ့ကျင့်နေချိန်အတွင်း ဟာဝိုင်ယီကမ်းလွန်သို့ တရုတ်သူလျှိုသင်္ဘော ရောက်

ဝါရှင်တန် ဇူလိုင် ၂၁

အမေရိကန်နိုင်ငံမှ ဦးဆောင်ပြီး နိုင်ငံပေါင်း ၂၂ နိုင်ငံမှ ရေတပ်များပါဝင်သည့် စစ်ရေးလေ့ကျင့်မှုပြုလုပ်နေချိန်အတွင်း ဟာဝိုင်ယီကျွန်းကမ်းလွန်ရှိ အပြည်ပြည်ဆိုင်ရာ ရေပိုင်နက်အတွင်းသို့ တရုတ်ရေတပ်ဖွဲ့မှ ထောက်လှမ်းရေးရေယာဉ်တစ်စင်း ဝင်ရောက်ခဲ့ကြောင်း ဒေသဆိုင်ရာသတင်းဌာနများက ဇူလိုင် ၂၁ ရက်တွင် သတင်းထုတ်ပြန်သည်။

တရုတ်နိုင်ငံသည် ယခုနှစ်တွင် ပထမဆုံးအကြိမ် အမေရိကန်ဦးဆောင်သည့် စစ်ရေးလေ့ကျင့်မှုများတွင် ပါဝင်လေ့ကျင့်လျက်ရှိသည်။

လွန်ခဲ့သည့်နှစ်နှစ်က ပစိဖိတ်ရပ်ဝန်းနိုင်ငံများမှ ရေတပ် တပ်ဖွဲ့များ၏ စစ်ရေးလေ့ကျင့်မှု ပြုလုပ်ခဲ့စဉ်ကလည်း တရုတ်နိုင်ငံက အလားတူ ထောက်လှမ်းရေးရေယာဉ်တစ်စင်းကိုစေလွှတ်ကာ လေ့လာစောင့်ကြည့်ခဲ့သည်။

တရုတ်နိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာနက ရိုက်တာသတင်းဌာနသို့ပေးပို့သည့် ကြေညာချက်တစ်ရပ်တွင် နိုင်ငံတကာဥပဒေအရ နိုင်ငံတစ်နိုင်ငံ၏ ရေပိုင်နက်အပြင်ဘက်ရှိ နိုင်ငံတကာရေပိုင်နက်တွင် သွားလာခွင့်ရှိကြောင်း ဖော်ပြသည်။

ပစိဖိတ်ရပ်ဝန်းနိုင်ငံများ၏ ပူးတွဲစစ်ရေးလေ့ကျင့်မှုတွင် တရုတ်နိုင်ငံ၏ ပါဝင်မှုသည် ပင်လယ်ပြင်အတွင်း တစ်နိုင်ငံနှင့်တစ်နိုင်ငံ နားလည်မှုလွဲမှားခြင်းမှ ရှောင်ရှားနိုင်ရန် အထောက်အကူပေးမည်ဟု မျှော်လင့်ကြောင်း အမေရိကန်တာဝန်ရှိသူများက ပြောကြားကြသည်။

တရုတ်ရေတပ်၏ ထောက်လှမ်းရေးသင်္ဘောသည် ဟာဝိုင်ယီကမ်းလွန် နိုင်ငံတကာ ပင်လယ်ရေပြင်သို့ ရောက်ရှိလာခြင်းနှင့်ပတ်သက်၍ အမေရိကန်ရေတပ်က ကန့်ကွက်ခြင်းမရှိပေ။

ပစိဖိတ်ရပ်ဝန်းနိုင်ငံများ၏ ပူးတွဲစစ်ရေးလေ့ကျင့်မှုများတွင် တရုတ်ရေတပ်မှ ဒုံးကျည်ဖျက်သင်္ဘော ဟိုင်ကူး၊ ဖရီးဂိတ် စစ်သင်္ဘောယွေ့ယန်း၊ ထောက်ပံ့ရေးသင်္ဘော ကွင်တောင်ဟူနှင့် ဆေးရုံသင်္ဘော ပိစ်အာ့ခ်တို့ ပါဝင်ကြသည်။ ၎င်းအပြင် စစ်ရေးလေ့ကျင့်မှုတွင်ပါဝင်ရန် ရဟတ်ယာဉ်နှစ်စင်း၊ ကွန်မန်ဒိုတပ်ဖွဲ့တစ်ဖွဲ့နှင့် ရေငုပ်တပ်ဖွဲ့တစ်ဖွဲ့တို့ကို တရုတ်နိုင်ငံက စေလွှတ်ပေးခဲ့သည်။ **ရိုက်တာ။**

ပစိဖိတ်ရပ်ဝန်းနိုင်ငံများ၏ ပူးတွဲစစ်ရေးလေ့ကျင့်မှု၌ ပါဝင်သော တရုတ်စစ်သင်္ဘောများကို တွေ့ရစဉ်။

လေယာဉ်ပျက်ကျသည့်နေရာ၌ စုံစမ်းစစ်ဆေးနိုင်ရေး ကုလသမဂ္ဂ တိုက်တွန်းမည်

ကုလသမဂ္ဂ ဇူလိုင် ၂၁

ယူကရိန်းနိုင်ငံ၌ ပစ်ချခံခဲ့ရသော ခရီးသည်တင်ဂျက်လေယာဉ်တစ်စင်း ပျက်ကျခဲ့ရသည့်နေရာကို နိုင်ငံတကာစုံစမ်းစစ်ဆေးရေးမှူးများ ဝင်ရောက်ခွင့်အပြည့်အဝရရှိရေးအတွက် ခွင့်ပြုပေးရန် တောင်းဆိုသည့် ဆုံးဖြတ်ချက်တစ်ရပ်ကို ကုလသမဂ္ဂလုံခြုံရေးကောင်စီက ဇူလိုင် ၂၁ ရက်တွင် မဲခွဲအတည်ပြုရန် စီစဉ်ထားကြောင်း ဒေသဆိုင်ရာသတင်းဌာနများက သတင်းထုတ်ပြန်သည်။

အဆိုပါဆုံးဖြတ်ချက်မူကြမ်းကို ဩစတြေးလျနိုင်ငံနှင့် ပြင်သစ်ကဲ့သို့သောနိုင်ငံများက ပူးတွဲကမကထပြု၍ အဆိုပြုခဲ့သည်။ ခရီးသည်တင်လေယာဉ် ပစ်ချခံခဲ့ရသည့် ဖြစ်ရပ်နှင့်ပတ်သက်၍ နိုင်ငံတကာက စုံစမ်းစစ်ဆေးမှုတစ်ရပ် ပြုလုပ်နိုင်ရေးအတွက် ရုရှားလိုလားသော ခွဲထွက်ရေးသမားများက အပြည့်အဝ ပူးပေါင်းဆောင်ရွက်ရန် ယင်းဆုံးဖြတ်ချက်မူကြမ်းတွင် ဖော်ပြထားသည်။

လေယာဉ်ပျက်ကျသည့်နေရာနှင့် ယင်းနေရာ၏ အနီးတစ်ဝိုက်နေရာတို့တွင် စစ်ရေးလှုပ်ရှားမှုအရပ်ရပ်ကို ချက်ချင်းရပ်ဆိုင်းပေးရန်လည်း ဆုံးဖြတ်ချက်မူကြမ်းတွင် တိုက်တွန်းထားသည်။ နိုင်ငံတကာ စုံစမ်းစစ်ဆေးရေးမှူးများ ဘေးအန္တရာယ် လုံခြုံမှုရှိစေရန် ယင်းသို့တိုက်တွန်းခြင်းဖြစ်သည်။

ကုလသမဂ္ဂ လုံခြုံရေးကောင်စီတွင် အမြဲတမ်းအဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံဖြစ်သော ရုရှားနိုင်ငံသည် ဖော်ပြပါ ဆုံးဖြတ်ချက်ကို ဗီတိုအာဏာဖြင့် ပယ်ချနိုင်ခွင့်ရှိသည်။

မလေးရှားလေကြောင်းဌာနမှ ခရီးစဉ်အမှတ် အမ်အိပ်ချ်-၁၇ ပျံသန်းလာသော ခရီးသည်တင်လေယာဉ်တစ်စင်းသည် ဇူလိုင် ၁၇ ရက်က မြေပြင်မှ ဝေဟင်ပစ်ဒုံးကျည်တစ်စင်းထိမှန်ခံရပြီး ပျက်ကျခဲ့ရသည်ဟု ယူဆရသည်။ ယင်းလေယာဉ်ပေါ်တွင် ခရီးသည်များနှင့် လေယာဉ်ဝန်ထမ်းများဖြစ်သည့် လူ ၂၉၈ ဦးသေဆုံးခဲ့ရသည်။ **ရိုက်တာ။**

အီရန်တပ်ဖွဲ့ဝင် ၅၀၀၀ ခန့်ကို အီရတ်မြို့များ၌ ဖြန့်ကြက်ထားဟုဆို

ဘဂ္ဂဒက် ဇူလိုင် ၂၁

အိမ်နီးချင်းအီရတ်နိုင်ငံ၌ အီရန်တပ်ဖွဲ့ဝင် ၅၀၀၀ ထက်မနည်းကို ဖြန့်ကြက်ထားကြောင်း ကာဒစ္စတန်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ သတင်းရပ်ကွက်က ဇူလိုင် ၂၁ ရက်တွင် ပြောကြားသည်။

အီရန် အစ္စလမ္မာစ် တော်လှန်ရေးအစောင့်တပ်ဖွဲ့သည် အီရတ်နိုင်ငံ၌ ယင်း၏စစ်ရေးတည်ရှိမှုကို ကြီးကြပ်ကွပ်ကဲကြောင်း ကာဒစ္စတန်သတင်းရပ်ကွက်ကပြောကြားသည်။

မြို့တော်ဘဂ္ဂဒက် မြောက်ဘက်ဒေသကို ထိန်းချုပ်ထားသော အိုင်စစ်အမည်ရှိ စစ်သွေးကြွအဖွဲ့ကို တိုက်ခိုက်နေသော ရှီးယိုက်ပြည်သူ့စစ်အဖွဲ့ဝင်များ၏ စစ်ဆင်ရေးလုပ်ငန်းများကို အီရန် အစ္စလာမ္မစ်တော်လှန်ရေးအစောင့်တပ်ဖွဲ့က ညွှန်ကြားလျက်ရှိကြောင်း ကာဒစ္စတန်လွတ်မြောက်ရေးပါတီ၏ ဒုတိယခေါင်းဆောင် ဟူစိန်ယာဇာဒန်ပန်နားက ပြောကြားသည်။

ဇွန် ၉ ရက်က အီရတ်နိုင်ငံ မိုဆူးလ်မြို့ကို ဆွန်နီစစ်သွေးကြွအုပ်စုက သိမ်းပိုက်ခဲ့ပြီးနောက် ရက်သတ္တတစ်ပတ်ခန့်အကြာတွင် ယင်းနိုင်ငံသို့ အီရန်တပ်ဖွဲ့ဝင်များကို ပထမဆုံးစေလွှတ်ပေးခဲ့ကြောင်း၊ အီရန်တပ်ဖွဲ့ဝင်များကို ရက်ပိုင်းအတွင်း အီရတ်နိုင်ငံရှိ ဘဂ္ဂဒက်၊ ဒီယာလာ၊ ကာဘာလာ၊ နာဂျက်ဖ်နှင့် ဆမ်မာရာစသည့် မြို့ကြီးများတွင် ဖြန့်ကြက်ခဲ့ကြောင်း ကာဒစ္စတန်သတင်းရပ်ကွက်ကပြောကြားသည်။

ရိုက်တာ။

ထိုင်း ခရီးသွားလုပ်ငန်းမြှင့်တင် တရုတ် ဧည့်သည်များကို ဆွဲဆောင်

ဗန်ကောက် ဇူလိုင် ၂၁

ထိုင်းနိုင်ငံ၏ ကမ္ဘာလှည့်ခရီးသွားလုပ်ငန်း အာဏာပိုင်များသည် တရုတ်လူမျိုး ကမ္ဘာလှည့်ခရီးသည်များကို ပြန်လည်ဆွဲဆောင်နိုင်ရန် ကြိုးပမ်းလျက်ရှိကြောင်း ဒေသဆိုင်ရာသတင်းဌာနများက ဇူလိုင် ၂၁ ရက်တွင် သတင်းထုတ်ပြန်သည်။

ထိုင်းနိုင်ငံ ဆာမွေကျွန်းသို့ တရုတ်လူမျိုး ကမ္ဘာလှည့်ခရီးသည်များ လာရောက်စေရန် ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းမြှင့်တင်ရေး အစီအစဉ်တစ်ရပ်ကို ချမှတ်ဆောင်ရွက်လျက်ရှိသည်။ ဆာမွေကျွန်းသည် ထိုင်းပင်လယ်ကွေ့၌ တည်ရှိသော ကျွန်းငယ်တစ်ကျွန်းဖြစ်ပြီး ခရီးသွားလုပ်ငန်းမြှင့်တင်ရေး အစီအစဉ်အရ ယင်းကျွန်းသို့ တရုတ်လူမျိုး ကြင်စဦးဇနီးမောင်နှံများကို ဆွဲဆောင်ခဲ့သည်။

ဆာမွေကျွန်း၌ ပျားရည်ဆမ်းခရီးထွက်လာသူ စုံတွဲများအတွက် ပျော်ပွဲရွှင်ပွဲတစ်ရပ်ကျင်းပခဲ့ရာတွင် တရုတ်လူမျိုး ကမ္ဘာလှည့်ခရီးသည်များ ပါဝင်ဆင်နွှဲခဲ့ကြသည်။

ထိုစဉ်အတွင်း ထိုင်းနိုင်ငံမြောက်ပိုင်းရှိ ချန်းရိုင်မြို့၌လည်း ကမ္ဘာလှည့်ခရီးသွားလုပ်ငန်း မြှင့်တင်ရေး အစီအစဉ်တစ်ရပ်ကို ဆောင်ရွက်ခဲ့ရာ တရုတ်လူမျိုး ကမ္ဘာလှည့်ခရီးသည်များ လိုက်ပါလာသည့် အပျော်စီးသင်္ဘောတစ်စင်း မဲခေါင်မြစ်ရိုးတစ်လျှောက် မောင်းနှင်ကာ ဆိုက်ရောက်လာခဲ့သည်။ **ရိုက်တာ။**

ထိုင်းနိုင်ငံ ဆာမွေကျွန်းကမ်းခြေရှိ အပန်းဖြေစခန်းတစ်နေရာကို တွေ့ရစဉ်။

တိကျမှန်ကန်သော လူဦးရေကိန်းဂဏန်းအချက်အလက်များထုတ်ပြန်နိုင်ရေး ဆောင်ရွက်လျက်ရှိ

နေပြည်တော် ဇူလိုင် ၂၁

ပြည်တွင်းသို့ အကြောင်းအမျိုးမျိုးကြောင့် ဝင်ရောက်လာသည့် နိုင်ငံခြားသားများ ပြည်ဝင်ဗီဇာလွယ်ကူစေရေးအတွက် ဆိုက်ရောက်ဗီဇာထုတ်ပေးခြင်း၊ မြန်မာ-ထိုင်း နယ်စပ်ဂိတ် လေးဂိတ်အား နိုင်ငံတကာဝင်/ထွက်ဂိတ်များအဖြစ် ဖွင့်လှစ်ပေးခြင်း၊ မြန်မာနိုင်ငံသားဟောင်းများ ပြန်လည်လက်ခံခြင်းနှင့် နိုင်ငံခြားသားများ အမြဲနေထိုင်ခွင့်စနစ်အကောင်အထည်ဖော်ခြင်း စသည့်လုပ်ငန်းများကို စီမံဆောင်ရွက်ခဲ့ပါကြောင်း၊ ထို့ပြင် e-Visa စနစ်ကိုလည်း မကြာမီဆောင်ရွက်နိုင်ရန် ကြိုတင်ပြင်ဆင်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါကြောင်း လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်ရီက ဇူလိုင် ၁၉ ရက် ညနေပိုင်းတွင် ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ရှိ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန တိုင်းဒေသကြီးဦးစီးဌာနမှူးရုံး အစည်းအဝေးခန်းမ၌ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်ဦးစီးဌာနမှူးများ၊ ဝန်ထမ်းများအား တွေ့ဆုံစဉ် ပြောကြားခဲ့သည်။

ထို့ပြင် ပြည်ထောင်စုဝန်ကြီးက နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် မဖြစ်မနေဆောင်ရွက်ရမည့် လူဦးရေသန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းကိုလည်း ပြည်သူအားလုံး၏ ပူးပေါင်းပါဝင်မှုကို ရယူကာ အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့ပြီး တိကျမှန်ကန်သော လူဦးရေကိန်းဂဏန်းအချက်အလက်များ ထုတ်ပြန်နိုင်ရေးအတွက် ဆက်လက်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ယင်းလုပ်ငန်းစဉ်များသည် နိုင်ငံတော်၏ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များအပေါ် မိမိတို့ဝန်ကြီးဌာနက ကြိုးပမ်းဆောင်ရွက်မှုများ ဖြစ်သည်ကို ဝန်ထမ်းများအနေဖြင့် သိရှိနားလည်ပြီး ဂုဏ်ယူတတ်စေရန်နှင့် အသိတူ၊ အလုပ်တူဖြစ်စေရန် ရှင်းလင်းပြောကြားရခြင်း ဖြစ်ပါကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် နိုင်ငံတော်အစိုးရ၏ တတိယအဆင့်အရှိန်မြှင့်တင်မှု လုပ်ငန်းစဉ်ချမှတ်ဆောင်ရွက်နေမှုများ၊ နိုင်ငံခြားသားများအပါအဝင် ပြည်သူအားလုံးနှင့် တိုက်ရိုက်ထိတွေ့ဆက်ဆံရသည့်ဌာနဖြစ်သည်နှင့်အညီ ပြည်သူကိုဗဟိုပြု၊ ပြည်သူတို့၏ လိုအပ်ချက်ကို ဝန်ဆောင်မှုအပြည့်အဝပေးနိုင်ရန် လိုအပ်ပုံများ၊ ဝန်ထမ်းအချင်းချင်း စည်းလုံးညီညွတ်စွာဖြင့် တာဝန်များကို ကျေပွန်စွာထမ်းဆောင်ရန် လိုအပ်ပုံများကို အကျယ်တဝင့်ရှင်းလင်းပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဦးပိန်တံတား တည်တံ့ခိုင်မြဲရေး ပြုပြင်ထိန်းသိမ်းစောင့်ရှောက် ပြည်တွင်းပြည်ပဧည့်သည်များဖြင့် စည်ကား

မန္တလေး ဇူလိုင် ၂၁

မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ် ဦးပိန်တံတားရှိ အခန်းအမှတ် (၁၅၉)မှ တိုင်နှင့်ထောက်တိုင်နှစ်လုံး ကျွတ်၍ တောင်သမန်အင်းအတွင်း မျောပါသွားသဖြင့် ယင်းတိုင်နှစ်တိုင်အား သယ်ယူပြီးဖြစ်သော်လည်း ဆွေးမြည့်ပြီး ပြန်လည်အသုံးပြု၍မရတော့သဖြင့် ၁၇ ပေမျောတိုင်၊ ၁၂ ပေ မျောတိုင်များ အသစ်ဝယ်ယူ၍ ပြန်လည်အစားထိုးတပ်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့သည်။ ယခုအခါ ဧရာဝတီမြစ်ရေတိုးလာခြင်း၊ မိုးများရွာသွန်းလာခြင်းကြောင့် တောင်သမန်အင်းအတွင်း ရေများဝင်ရောက်လျက်ရှိရာ တောင်သမန်အလှခံစားလိုသော ပြည်တွင်း၊ ပြည်ပဧည့်သည်များဖြင့် စည်ကားလျက်ရှိသည်။ သမိုင်းဝင် ဦးပိန်တံတားရေရှည်တည်တံ့ခိုင်မြဲရေးအတွက် ယဉ်ကျေးမှုဝန်ကြီးဌာန၊ ရှေးဟောင်းသုတေသနဦးစီးဌာနနှင့် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့တို့က ထိန်းသိမ်းစောင့်ရှောက်လျက်ရှိကြောင်း သိရသည်။ **သီဟကိုကို(မန္တလေး)**

ညမထွက်ရအမိန့် ပြင်ဆင်ထုတ်ပြန်

နေပြည်တော် ဇူလိုင် ၂၁

မန္တလေးခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက တားမြစ်မိန့်အမှတ်(၂/၂၀၁၄)ကို ထုတ်ပြန်လိုက်ကြောင်း သိရှိရသည်။

အဆိုပါထုတ်ပြန်ချက်မှာ အောက်ပါအတိုင်းဖြစ်ပါသည်-

မန္တလေးခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
မန္တလေးမြို့
တားမြစ်အမိန့်အမှတ်(၂/၂၀၁၄)
ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၁၄၄ အရ
အမိန့်ထုတ်ပြန်ခြင်း
၁၃၇၆ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၁၀ ရက်
၂၀၁၄ ခုနှစ်၊ ဇူလိုင်လ ၂၁ ရက်

၁။ မန္တလေးတိုင်းဒေသကြီး၊ မန္တလေးခရိုင်၊ ချမ်းအေးသာစံမြို့နယ်တွင် ၁-၇-၂၀၁၄ ရက်နေ့နှင့် ၂-၇-၂၀၁၄ ရက်နေ့ညများတွင် လူစုလူဝေးများသည် တုတ်၊ ဓား၊ လက်နက်များကိုင်ဆောင်၍ ရုန်းရင်းဆန်ခတ်မှုဖြစ်ပေါ်ခဲ့သဖြင့် ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၁၄၄ အရ ၁၃၇၆ ခုနှစ်၊ ဝါဆိုလဆန်း ၇ ရက်၊ ၂၀၁၄ ခုနှစ်၊ ဇူလိုင်လ ၃ ရက်နေ့ရက်စွဲဖြင့် မန္တလေးခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ တားမြစ်မိန့်အမှတ် ၁/၂၀၁၄ နှင့် ၁၃၇၆ ခုနှစ်၊ ဝါဆိုလဆန်း ၈ ရက်၊ ၂၀၁၄ ခုနှစ်၊ ဇူလိုင်လ ၄ ရက်နေ့ ရက်စွဲဖြင့် ပုသိမ်ကြီးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ တားမြစ်မိန့်အမှတ် ၁/၂၀၁၄ တို့ကို ထုတ်ပြန်ခဲ့ပါသည်။

၂။ ယခုအခါ ဒေသတွင်း တည်ငြိမ်အေးချမ်းလာမှုအခြေအနေများအရ မန္တလေးခရိုင်အတွင်းရှိ မြို့နယ် ၇ မြို့နယ်တွင် ယခင်ထုတ်ပြန်ထားသည့် ညမထွက်ရအမိန့်ကို အောက်ပါအတိုင်း ပြင်ဆင်ထုတ်ပြန်လိုက်သည်-

"ည ၉ နာရီအချိန်မှ နံနက် ၃ နာရီအချိန်ထိ မည်သူမဆို အမိန့်တစ်စုံတစ်ရာမရဘဲ လမ်းများပေါ်သို့ သွားလာခြင်းမပြုရန် သတ်မှတ်လိုက်သည်။"

၃။ ဤအမိန့်သည် ၁၃၇၆ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၁၀ ရက်၊ ၂၀၁၄ ခုနှစ်၊ ဇူလိုင်လ ၂၁ ရက်နေ့ ည ၉ နာရီ အချိန်မှစ၍ နောက်ထပ်အမိန့်တစ်စုံတစ်ရာ မထုတ်ပြန်သရွေ့ အာဏာသက်ရောက်စေရမည်ဟု ဆင့်ဆိုပြီး ရုံးတံဆိပ်ခတ်နှိပ်လျက် ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပြန်လိုက်သည်။

ဝင်းဇော်နိုင်
အုပ်ချုပ်ရေးမှူး
မန္တလေးခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

မိုးအေးအေးနှင့် စာရေးစာဖတ်

ဦးဟန်ညွန့်(ဥပဒေ)

မိုးအေးအေးနှင့်

နေပြည်တော်မှာမိုးရွာပြီ။ မိုးမစဲနိုင်သည့် ဒီအချိန်။ မိုးအေးအေးနှင့်မို့ အပြင်မထွက်ဖြစ်။ အပြင်မထွက်ဖြစ်၍ အိမ်တွင်းအောင်းသည်။ အိမ်တွင်းအောင်းသည်ဟု ဆိုသော်လည်း ဟိုငေး ဒီငေးမနေအား။ စာဖတ်ခန်းသို့သာ အာရုံရောက်သည်။ လေးလေးပင်ပင် စာအုပ်ထူထူကြီးတွေ မဖတ်ချင်။ အလွယ်တကူ တွေ့ရာစာအုပ် ကောက်ယူဖတ်မိသည်။

ပျဉ်းမနားမဂ္ဂဇင်း

ပျဉ်းမနားမဂ္ဂဇင်းဆိုပါလား။ အမှတ်(၃)အထူးထုတ်ဖြစ်သည်။ ထုတ်ဝေသည့်နှစ် ၂၀၀၆ ခုနှစ် ဇွန်လ။ ဟိုလှန် သည်လှန်ကြည့်ပြန်တော့ ဆောင်းပါးတစ်ပုဒ်ဖတ်ဖြစ်သည်။ ဆောင်းပါးခေါင်းစဉ်က "ပျဉ်းမနားမြို့ ရှေးဟောင်းသမိုင်းမှတ်တမ်း"ဟူ၍ ဖြစ်သည်။ ဆောင်းပါးရှင်မှာ "ဦးသန်းဖေ(ပျဉ်းမနားသုတေသီ)ဖြစ်သည်။

ဖြစ်စဉ်သမိုင်း

ယခု ပျဉ်းမနားဟူ၍ ခေါ်တွင်သော မြို့၏အမည်ရင်းမှာ ရှေးအခါက (နင်းကြမ်း)ဟုခေါ်တွင်သည်။ မြို့မတည်မီ တောင်တွင်းကြီးနယ် လက်ခုပ်ပင်ရွာသား ဦးရွှေတုတ်သည် ငါးလိုက်ချောင်းမြောက်ဘက် ရွာကောက်သူနှင့် အိမ်ထောင်ကျနေထိုင်သည်။ ထိုအချိန်နှင့် မရှေးမနှောင်းတွင် တောင်တွင်းကြီးမှ ရောက်လာသော (သိုက်ဆရာ)ဦးကြာဥသို့ ဦးရွှေတုတ်နှင့် အပေါင်းအပါ ကိုးဦးတို့က မြို့တည်ရန် အခါပေးစာတမ်းတစ်ခု ရေးပေးရန် တောင်းခံသည်။ တစ်ညအတွင်း မြို့တည်ရန် အခါပေးစာတမ်းတစ်ခု ပြုစုပေးသည်။ ယင်းအခါပေးစာတမ်းအရ မြို့မတည်မီ ခုနစ်ရက်စောပြီးလျှင် ရှမ်းကန်တောင်ဘက် ဘုရားကိုးဆူတည်ရာ ဉာဏ်တော် ကိုးမိုက်စီရှိသည်။ ဘုရားတစ်ဆူလျှင် ဒါယကာ ကိုးယောက်စီ တာဝန်ယူလျက် မြန်မာသက္ကရာဇ် ၆၆၆ ခုနှစ် တန်ဆောင်မုန်းလဆန်း ၁၀ ရက်နေ့ နံနက် ၄ ချက်တီးအချိန်(နင်းကြမ်း)မြို့ကိုတည်ရန် ပန္နက်ရိုက်သည်။

ထိုသို့ ပန္နက်ရိုက်ပြီးလျှင် ဦးရွှေတုတ်က ရွာကိုးရွာမှ တစ်ရွာလျှင် တစ်ဦးကျစီ ခေါ်ယူ၍ အိုးသစ်အိမ်သစ်များ တည်ဆောက်စေသည်။ ၎င်းကိုးရွာမှ အိမ်သစ်ဆောက်သူများမှာ (၁) တောင်ဝင်ရွာသားကိုရွှေသား၊ (၂) ဆိပ်နန်တုံးရွာသား ဦးပသီ၊ (၃) သပြေတန်းရွာသား ဦးရွှေပေါက်၊ (၄) ကြက်ပြေးရွာသား ဦးစံမြ၊ (၅) မီးလောင်ကုန်းရွာသား ဦးမြတ်သူ၊ (၆) ရွာကောက်ကြီးသား ဦးရန်လုံ၊ (၇)သစ်တပ်ရွာသား ဦးသာချော၊ (၈) ရွှေပေးရွာသား ဦးရန်အောင်၊ (၉) ရေပြာရွာသား ဦးရန်ကင်းတို့ဖြစ်သည်။

ဆောင်းပါးအား ဆက်လက်ဖတ်ကြည့်ရာ အမည်သုံးမျိုး

နင်းကြမ်း။ နယ်ကျန်၊ ပျဉ်းမနားဟူ၍ သုံးမည်ရ ပျဉ်းမနားကို အောက်ပါအတိုင်း လေ့လာသိရှိရပါသည်။

ယခု ပျဉ်းမနားမြို့နှင့် မိုင် ၆၀ အကွာတွင်ရှိသော လွယ်လုံ ၁၂ တောင်မှ ရှမ်းကုန်သည်များသည် နွား၊ ဝန်တင်များနှင့် ဆင်းလာပြီးလျှင် ယခု ရွာကောက်အရပ်တွင် စခန်းချနားနေကြသည်။ ရွာကောက်အနီး စီးဆင်းသော ငါးလိုက်ချောင်းမှာ အကျယ် ၁၀ တောင်မျှသာ ကျယ်သည်။ ယင်းငါးလိုက်ချောင်းကို ဖြတ်ကူးရန်အတွက် ကြမ်းဖြင့်ပြုလုပ်သော တံတားငယ်တစ်ခုတည်ဆောက်သည်။ နွားနှင့်လူများ နင်းသွားနိုင်သဖြင့်(နင်းကြမ်း)တံတားဟုခေါ်သည်။ ထိုအနီးအနားရှိ လူနေအုပ်စုကို နင်းကြမ်းရွာဟု ခေါ်ဆိုသည်။ မြို့တည်ပြီးသောအခါ (နင်းကြမ်း)မြို့ဟူ၍ ခေါ်တွင်သည်။

နယ်ကျန်။ မြန်မာသက္ကရာဇ် ၁၂၁၄ ခုနှစ်တွင် အင်္ဂလိပ်တို့ မြန်မာနိုင်ငံကို ဒုတိယအကြိမ် သိမ်းယူခဲ့သည်။ ကေတုမတီ ၅၅ မြို့နှင့် အောက်မြန်မာပြည်မှာ အင်္ဂလိပ်တို့ လက်အောက်ကျရောက်ခဲ့ရသည်။ အင်္ဂလိပ်မြန်မာနယ်ခြားကျောက်တိုင်ကို ယခုရေနီဘူတာမြောက်ဘက်အနီး အင်ပင်တွင် ကျောက်တိုင်စိုက်ထူသည်။ တောင်ငူ ၅၅ မြို့အနက် ၁၂ မြို့ကို ချန်ထားပြီး ပေးအပ်သဖြင့် နယ်ကျန် ၁၂ မြို့ဟူ၍ခေါ်တွင်သည်။ ၎င်းနယ်ကျန်မြို့များမှာ တောင်ညို၊ ဝါးနွယ်ကုန်း(ယခု လယ်ဝေး)၊ မင်းပြင်၊ ရန်အောင်မြင်၊ ဝက်ကမူ၊ သစ်တပ်တောင်ဝင်၊ ဇေယျသိမ် (ယခုအေလာ)၊ ရွှေမြို့၊ နင်းကြမ်း(ပျဉ်းမနား)၊ ပျဉ်းမနား (ယခုပျဉ်းမနားဟောင်း)၊ ပြကောင်း(ယခုကျည်တောင်ကန်)နှင့် ကျည်တောင့်ခေါ်မတို့ဖြစ်သည်။

နယ်ကျန် ၁၂ မြို့တွင် ယခုပျဉ်းမနားမြို့ဖြစ်သော (နင်းကြမ်း)မြို့သည် လူနေအိမ်ခြေ အထူထပ်ဆုံး၊ လမ်းပန်းအဆက်အသွယ်အကောင်းဆုံးဖြစ်ခြင်းကြောင့် (နယ်ကျန်)မြို့ဟူ၍ ခေါ်တွင်သည်။ မြန်မာနိုင်ငံသမိုင်းတွင် မင်းတုန်းမင်းတရားလက်ထက် သမန်ဘန်းကြီးအား နယ်ကျန်မြို့ဝန်ခန့်လျက် ဦးအယ်မောင်အား မြို့သူကြီးခန့်ထားသည်ကို အထောက်အထားခိုင်လုံစွာ တွေ့ရှိရသည်။

ပျဉ်းမနား။ တောင်ငူနေပြည်တော်ကို ကရင်ဘဆိုသူ ထီးနန်းစံခဲ့ရာ သားသမီးမပေါ်ပေါက်သဖြင့် (မဗျဉ်းမ)မည်သော ကရင်မလေးတစ်ဦး မွေးစားပြီး မင်းသမီးအဆောင်အယောင်ဖြင့် ထားခဲ့သည်။ တောင်ယာလုပ်ကိုင်သော လယ်သမားလေးတစ်ဦးနောက်သို့ ချစ်ကြိုက်လိုက်ပြေးခဲ့ရာ ကရင်ဘ၏ ဘုရင့်တပ်မတော်သားများက လိုက်လံဖမ်းဆီးသဖြင့် ယခု"ပျဉ်းမနားဟောင်း"ဟူ၍ခေါ်တွင်သော အရပ်တွင် နားနေစဉ် ဖမ်းမိလေသည်။ (ဗျဉ်းမ)နားနေသောအရပ်ဖြစ်၍(ဗျဉ်းမနား)ဟူ၍ခေါ်တွင်လေသည်။ ကာလရှည်ကြာသော် ပျဉ်းမနားဟူ၍ ခေါ်ဆိုသည်။

နယ်ချဲ့အင်္ဂလိပ်တို့သည် ၁၂၅၀ ခုနှစ်တွင် မီးရထားလမ်းများ စတင်ဖောက်လုပ်ခဲ့ရာ ယခု ပျဉ်းမနားဘူတာရုံ၏အမည်မှာ နင်းကြမ်းဖြစ်သည်။ နင်းကြမ်းနှင့် မြင်းခြံမှာ အင်္ဂလိပ်ဘာသာအသံထွက်နီးစပ်သဖြင့် ချောစာများပို့ရာတွင် လည်းကောင်း၊ ရထားလက်မှတ်များပေးရာတွင်လည်းကောင်း၊ အမှုထမ်းများ ခန့်ရာတွင်လည်းကောင်း အမှားအယွင်းများခြင်းကြောင့် (နင်းကြမ်း)အမည်မှ (ပျဉ်းမနား)သို့ ပြောင်းလဲပြင်ဆင်ခဲ့ကြောင်း (ရမည်းသင်းဂေဇက်တီးယားမှ ကောက်နုတ်ဖော်ပြချက်) .....စသည်ဖြင့် ဖတ်ရှုရသည်။

ဆောင်းပါးရှင် ဦးသန်းဖေ (ပျဉ်းမနား သုတေသီ)၏ ပျဉ်းမနားမြို့ ရှေးဟောင်း သမိုင်းမှတ်တမ်းမှာ စိတ်ဝင်စားဖွယ်ဖြစ်သည်။ ဆရာဦးသန်းဖေသည် ပျဉ်းမနားမြို့မှ အငြိမ်းစားအထက်တန်းပြဆရာတစ်ဦးဖြစ်ကြောင်း၊ လွတ်လပ်ရေးမော်ကွန်းဝင်(ဒုတိယဆင့်)ရရှိခဲ့ကြောင်း၊ ပျဉ်းမနားမြို့သမိုင်းပြုစုရေးအဖွဲ့ဝင်တစ်ဦး ဖြစ်ကြောင်း၊ ၁၉၉၄ ခုနှစ်တွင် ဆရာဦးသန်းဖေ ကွယ်လွန်ခဲ့ရှာပြီဖြစ်ကြောင်း၊ ဆောင်းပါးအောက်ခြေတွင် မဂ္ဂဇင်းကော်မတီက မှတ်တမ်းပြုထားသည်ကိုလည်း ဖတ်ရှုရပေသည်။ ပျဉ်းမနားမြို့သမိုင်းအကျဉ်းဖြစ်ပါသည်။

နေပြည်တော်သို့

ပျဉ်းမနားမြို့သမိုင်းဆောင်းပါးဖတ်ရင်း စာရေးသူ နေပြည်တော်သို့ ပြောင်းရွှေ့ရောက်ရှိလာပုံကို သတိပြန်လည်ရမိသည်။ ရန်ကုန်မြို့ ပန်းဆိုးတန်းလမ်း တရားရုံးချုပ်အဆောက်အအုံ(ရှေ့နေချုပ်ရုံး)မှ နေပြည်တော်သို့ ရှေ့နေချုပ်ရုံးပြောင်းရွှေ့ဖွင့်လှစ်ခဲ့ပုံ၊ မြို့သစ်တည်ဆောက်ခဲ့ပုံ၊ ရုံးသစ်များဖွင့်လှစ်ခဲ့ပုံ၊ ဝန်ထမ်းများ အစုလိုက်ပြောင်းရွှေ့ခဲ့ပုံ၊ အဆောင်များထားရှိနေထိုင်ခဲ့ပုံများကို ပြန်လည်မြင်ယောင်မိသည်။ (ထိုစဉ်က)ရှေ့နေချုပ် ဦးအေးမောင်ခေါင်းဆောင်ပြီး နေပြည်တော်ရှေ့နေချုပ်ရုံး ဖွင့်လှစ်ရန် ကြိုတင်စီမံခဲ့ပုံများကိုပါ တွေးထင်မိပါသည်။ ၂၀၀၆ ခုနှစ် မတ် ၂၉ ရက်မှစ၍ နေပြည်တော်ရှေ့နေချုပ်ရုံး ရုံးအမှတ် (၂၅) တွင် ရုံးလုပ်ငန်းများ စတင်ဆောင်ရွက်နိုင်ခဲ့ပေသည်။

ဝန်းရံထား

နေပြည်တော်ကို ဇမ္ဗူသီရိမြို့၊ ဇေယျာသီရိမြို့၊ ဥတ္တရသီရိမြို့၊ ပုဗ္ဗသီရိမြို့နှင့် ဒက္ခိဏသီရိမြို့တို့ဖြင့် ဖွဲ့စည်းထားသည်။ နေပြည်တော် ပျဉ်းမနား၊ နေပြည်တော် တပ်ကုန်းနှင့် နေပြည်တော် လယ်ဝေးမြို့နယ်များဖြင့် ဝန်းရံထားပါသည်။ ဝန်ထမ်းအတော်များများမှာ နေပြည်တော်ရောက်ခါစတွင် ရန်ကုန်မြို့ကြီးကို လွမ်းဆွတ်ခဲ့ကြသည်။ ယခုအခါ နေပြည်တော်သည် နေချင်စဖွယ် အဘက်ဘက်မှ တိုးတက်လာချေပြီ။ ပုဗ္ဗသီရိမြို့နယ်အတွင်း နေထိုင်သော စာရေးသူသည် နေပြည်တော်ဘူတာကြီးရှေ့သို့ နံနက်တိုင်း လမ်းလျှောက်ခွင့်ရသည်။ ကျယ်ပြန့်သော လမ်းမကြီးပေါ်တွင် လွတ်လပ်စွာ လျှောက်လှမ်းရင်း သန့်ရှင်းသော လေကောင်းလေသန့်ကို ရှူရှိုက်ခွင့်ရပေသည်။ ကျယ်ပြန့်လွတ်လပ်မှု၏ အရသာဖြစ်ပါပေသည်။

စာရေးစာဖတ် မပြတ်လေ့လာ

စာရေးစာဖတ်ဝါသနာပါသူတို့အဖို့ တိတ်ဆိတ်ငြိမ်သက်မှုကို အလိုရှိကြသည်။ ကျယ်ကျယ်ပြန့်ပြန့်တွေးခေါ်လိုကြသည်။ အာရုံစုစည်းမှုလိုအပ်သည်။ နှုတ်တစ်ရာ စာတစ်လုံး၊ ရှေးထုံးပမာ ရေးကွက်ရှာကြသည်။ စာရေးသူသည် စာဖတ်ရသည်။ စာဖတ်သူသည်လည်း စာရေးချင်လာတတ်သည်။ စာရေးခြင်းနှင့် စာဖတ်ခြင်းသည် ဒွန်တွဲနေသည်။ စာရေးဆရာသည် စာရေးစရာရှာရသည်။ စာရေးစရာကလည်း တစ်ခါတစ်ရံ ရှာမရ ဖြစ်တတ်စမြဲ။ ရင်ထဲမှာရှိသမျှ သွန်ချချင်သော်လည်း အန်မထွက်နိုင်။ ရင်ပြည့်ရင်ကယ်ခံစားနေရသည့်နှယ် ။ စာရွက်ပေါ်မှာချရေးပြမှ၊ ချရေးနိုင်မှ ရင်ထဲမှာပေါ့သွားသည်။ စိမ်းလန်းသောမြင်ကွင်းတွေ၊ ကြည်လင်သောစမ်းရေတွေ၊ အေးမြသောမေတ္တာတွေ၊ တက်ကြွသော လူငယ်တွေ၊ ဝင်းလက်သော အလင်းရောင်တွေ၊ ချစ်စရာကောင်းသော ယဉ်ကျေးမှုတွေ စသည် စသည်. . .။ ထို့နောက် နိုင်ငံရေး၊ လူမှုရေး၊ စီးပွားရေး၊ ပြည်သူ့ရေးရာစီမံခန့်ခွဲရေးများ များပြားလှပေသည်။ စာရေးဆရာ၏ အတွေးများ၊ စာရေးဆရာ၏အရေးများ၊ စာရေးစာဖတ်မပြတ်လေ့လာမှု၏ အကျိုးတရားများကား များပြားလွန်းလှသည်။ ရေး၍မကုန်နိုင်။

ကဗျာဆရာ၏စာလွှာ

တိုက်တိုက်ဆိုင်ဆိုင်ဖြစ်ပါ၏။ ရန်ကုန်မြို့နေ ပျဉ်းမနားသား ကဗျာဆရာ ပျဉ်းမနားမောင်နီသင်းထံမှ စာတစ်စောင် ယနေ့ရပါ၏။ သူ့စာလွှာမှာ အောက်ပါအတိုင်းဖြစ်ပါ၏။ ကဗျာတစ်ပုဒ်ဖြစ်ပါ၏။ ဖတ်ရှုကြည့်ပါဘိ။

အမိရှမ်းကန်

❁ နှောင်းတမြွှေမြွှေ၊
နှင်းငွေ့ထဲတွင် ရွှေရောင်ဆင်ဟု၊
တို့မြင်မိသည် အိုရှမ်းကန်။

❁ နှောင်းတမြွှေမြွှေ၊
မြူငွေ့ထဲတွင် ငွေရောင်ဆင်ဟု၊
တို့မြင်မိသည် အိုရှမ်းကန်။

❁ နှင်းတို့၏ကြား မြူတို့ကြား၌၊
သားကိုချစ်သည့် အိုအမိက၊
စောင့်သည့်ပမာ ဤနေရာ။

❁ ဤနေရာတွင်၊
ကောင်းစွာဆောက်တည် နေပေသည်ကို၊
ရေကြည်အေးအေး ပန်းတို့မွှေး၍၊
ငှက်သံတို့တေး သာသာယာ၊
အမိရှမ်းကန်ကို လွမ်းကြတာ၊
ပျဉ်းမနားမြို့၏ မင်္ဂလာ. . .။ ။

ပျဉ်းမနားမောင်နီသင်း

နေပြည်တော်ကို ဇမ္ဗူသီရိမြို့၊ ဇေယျာသီရိမြို့၊ ဥတ္တရသီရိမြို့၊ ပုဗ္ဗသီရိမြို့နှင့် ဒက္ခိဏသီရိမြို့တို့ဖြင့် ဖွဲ့စည်းထားသည်။ နေပြည်တော် ပျဉ်းမနား၊ နေပြည်တော် တပ်ကုန်းနှင့် နေပြည်တော် လယ်ဝေးမြို့နယ်များဖြင့် ဝန်းရံထားပါသည်။ ဝန်ထမ်းအတော်များများမှာ နေပြည်တော်ရောက်ခါစတွင် ရန်ကုန်မြို့ကြီးကို လွမ်းဆွတ်ခဲ့ကြသည်။ ယခုအခါ နေပြည်တော်သည် နေချင်စဖွယ် အဘက်ဘက်မှ တိုးတက်လာချေပြီ။

✱ ပြည်သူ့လွှတ်တော်မှ

ထို့အပြင် ပွင့်လင်းမြင်သာမှု၊ တာဝန်ခံမှု၊ တာဝန်ယူမှုရှိရန်အတွက် နိုင်ငံတော်သမ္မတရုံးက“ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများနှင့် စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်ခွင့်ပြုရာတွင် တင်ဒါစည်းကမ်းများ” တွင် ဝယ်ယူရေးဆိုင်ရာ တင်ဒါများနှင့် စပ်လျဉ်း၍လည်းကောင်း၊ တည်ဆောက်မှုဆိုင်ရာ တင်ဒါများနှင့် စပ်လျဉ်း၍လည်းကောင်း၊ ဝန်ဆောင်မှုတင်ဒါများနှင့်စပ်လျဉ်း၍ လည်းကောင်း၊ ငှားရမ်းရောင်းချရေးတင်ဒါများနှင့် စပ်လျဉ်း၍လည်းကောင်း လိုက်နာဆောင်ရွက်ရန် ညွှန်ကြားချက်များ ထုတ်ပြန်ထားပြီးဖြစ်ပါကြောင်း၊ ဖော်ပြပါတင်ဒါစည်းကမ်းများအရ အစိုးရဌာနအဖွဲ့အစည်းများ၊ တိုင်းဒေသကြီး/ပြည်နယ် အစိုးရအဖွဲ့တို့သည် ပစ္စည်းဝယ်ယူရေးနှင့် တည်ဆောက်ရေးလုပ်ငန်းများအတွက် အိတ်ဖွင့်တင်ဒါခေါ်ယူဆောင်ရွက်ရပါကြောင်း၊ တင်ဒါရွေးချယ်ရေးအတွက် တင်ဒါခေါ်ယူရေးကော်မတီ၊ ကြမ်းခင်းဈေးတွက်ချက်ရေးကော်မတီ၊ တင်ဒါ စိစစ်ရွေးချယ်ရေးကော်မတီ၊ အရည်အသွေးစစ်ဆေးရေးကော်မတီတို့ကို ဖွဲ့စည်းဆောင်ရွက်ရပါကြောင်း၊ ယင်းကော်မတီများသည် ညွှန်ကြားချက်များနှင့်အညီ ဆောင်ရွက်လျက်ရှိပါကြောင်း၊ ဖော်ပြပါ ညွှန်ကြားချက်များအပြင် ဆောက်လုပ်ရေးဝန်ကြီးဌာနမှ ဦးဆောင်ရေးဆွဲသော ကန်ထရိုက်စနစ်ဖြင့် လုပ်ငန်းများ ဆောင်ရွက်ရာတွင် လိုက်နာကျင့်သုံးရမည့် လုပ်ငန်းလမ်းညွှန်ဖြင့်လည်း အစိုးရဌာနအဖွဲ့အစည်းများ၊ တိုင်းဒေသကြီး/ပြည်နယ် အစိုးရအဖွဲ့တို့မှ ကိုက်ညီစစ်ဆေးပြီး စိစစ်ဆောင်ရွက်လျက်ရှိသကဲ့သို့ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၊ တိုင်းဒေသကြီး/ ပြည်နယ် စာရင်းစစ်ချုပ်ရုံးများမှ (၆)လတစ်ကြိမ် လုပ်ငန်းနှင့်စာရင်းများ စစ်ဆေးလျက်ရှိပါကြောင်း။

လုပ်ငန်းစီမံကိန်းပြီးစီးမှုအတွက် အရည်အသွေးစစ်ဆေးခြင်း၊ စာချုပ်ပါလုပ်ငန်းအပ်နှံခြင်းများအရ လုပ်ငန်းကျေနပ်ဖွယ် ရှိ/မရှိ၊ လုပ်ငန်းအာမခံချက်ပါအချိန်အတွင်း အပ်နှံသည့် လုပ်ငန်းနှင့် ပတ်သက်၍ အချိန်မီပြီးစီးမှုရှိ/မရှိတို့ကို ဖွဲ့စည်းထားသည့် လုပ်ငန်းကြီးကြပ်မှုကော်မတီများမှ သတ်မှတ်ရက်အတွင်း စံချိန်စံညွှန်းကိုက်ညီစွာဖြင့် ပြီးစီးရေးအတွက် အဆင့်ဆင့်ကြီးကြပ်စစ်ဆေး ဆောင်ရွက်ခြင်းဖြင့် တည့်မတ်ထိန်းကျောင်းပေးလျက်ရှိပါကြောင်း။

သို့ပါ၍ ပွင့်လင်းမြင်သာမှုရှိသည့် တင်ဒါစနစ်ဖြင့် သတင်းစာများတွင် ထည့်သွင်းကြော်ငြာခြင်း၊ ထုတ်ပြန်ထားသည့် ညွှန်ကြားချက်များ၊ လုပ်ငန်းလမ်းညွှန်ချက်များ၊ လုပ်ငန်းစဉ်စည်းမျဉ်း စည်းကမ်းများအတိုင်း တည့်မတ်ထိန်းကျောင်းပေးပြီး လိုက်နာဆောင်ရွက်စေခြင်းဖြင့် လုပ်ငန်းစီမံကိန်းများဆောင်ရွက်ရာတွင် အရည်အသွေးပြည့်ဝကောင်းမွန်သည့် ပစ္စည်းအမျိုးအစားများ ရရှိနိုင်ခြင်း၊ တည်ဆောက်ရေးစီမံကိန်းများအား စံချိန်စံညွှန်းကိုက်ညီမှုရှိစေခြင်း၊ တင်ဒါစနစ်ဖြင့် ဆောင်ရွက်သည့်လုပ်ငန်းများနှင့် ပတ်သက်၍ ပုဂ္ဂလိကလုပ်ငန်းများကို တည့်မတ်ထိန်းကျောင်းပြီး ဖြစ်စေခြင်း၊ လုပ်ငန်းများဆောင်ရွက်ရာတွင် စနစ်တကျရှိစေခြင်းစသည့် အကျိုးကျေးဇူးများရရှိစေနိုင်မည်ဖြစ်ပါကြောင်း။

ထို့ပြင် လုပ်ငန်းစီမံကိန်းများကို အများသိသာမြင်သာရှိသော လုပ်ငန်းတင်ဒါစနစ်ဖြင့် ဆောင်ရွက်မှုသည် အများပြည်သူ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များအနေဖြင့် လွတ်လပ်စွာတရားသဖြင့် ဝင်ရောက်ယှဉ်ပြိုင်နိုင်စေခြင်း၊ ဒေသခံပြည်သူလူထုအတွက် စီးပွားရေးအခွင့်အလမ်းများ တိုးတက်ရရှိစေနိုင်ခြင်း၊ အလုပ်အကိုင်အခွင့်အလမ်းများ ဖော်ဆောင်ပေးနိုင်ခြင်း၊ ပြည်သူတို့၏ လူမှုစီးပွားဘဝအဆင့်အတန်းကို မြင့်မားတိုးတက်လာစေနိုင်ခြင်းစသည့် အကျိုးကျေးဇူးများရရှိသဖြင့် ပြည်သူလူထုထံ အမှန်တကယ် အကျိုးသက်ရောက်မှုရရှိစေပါကြောင်းဖြင့် ပြန်လည်ဖြေကြားသည်။

ဆက်လက်၍ ကျောက်တံခါးမဲဆန္ဒနယ်မှ ဒေါက်တာခင်မောင်ဆွေက **“ကျေးလက်နေ တောင်သူလယ်သမားများ၏ စိုက်ပျိုးစရိတ်အခက်အခဲကို ဖြေရှင်းပေးနိုင်ပါရန် တိုင်းဒေသကြီး(သို့) ပြည်နယ် အစိုးရအဖွဲ့များအား တိုက်တွန်းကြောင်း”** အဆိုကိုတင်သွင်းသည်။

ယင်းအဆိုနှင့် စပ်လျဉ်း၍ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအုန်းသန်းက (N)မြေခေါ် မမြဲသော ဦးပိုင်မြေဖြစ်သော စားကျက်မြေများကို စားကျက်ပယ်ဖျက်၍ အမြန်ဆုံးလယ်ယာမြေလုပ်ပိုင်ခွင့်လက်မှတ်ရရှိရန် ကူညီပေးရေးကိစ္စနှင့် ပတ်သက်၍ ကျောက်တံခါးမြို့နယ် (၁၄) ရွာ အုပ်စုမှ တောင်သူ(၅၁၆) ဦး၏ စားကျက်မြေဧက (၂၃၀၁) ဧကအား ပယ်ဖျက်ခွင့်ရရှိရေးကို ကျောက်တံခါးမြို့နယ်၊ အထွေထွေအုပ်ချုပ်ရေး

ဒုတိယဝန်ကြီး ဒေါက်တာစန်းလွင်။

ဒုတိယဝန်ကြီး ဦးအုန်းသန်း။

ဦးစီးဌာန၏ စာအမှတ် ၄/၁-၁၁/ဦး-၁/ အထဥဖြင့် ပဲခူးခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ ပယ်ဖျက်ခွင့်တင်ထားပြီးဖြစ်ပါကြောင်း။

ကျောက်တံခါးမြို့နယ်၊ အရှေ့တုန်ကန် သစ်တောကြိုးဝိုင်းမြေဧရိယာ (၉၉၆၁) ဧကကို အမိန့်ပြန်တမ်းအမှတ်(၆) အရ သစ်တောကြိုးဝိုင်းမြေအဖြစ် သတ်မှတ်ဖွဲ့စည်းခဲ့ကြောင်း၊ အဆိုပါ ကြိုးဝိုင်းမြေအတွင်း ရွှေဝါကျေးရွာ၊ အောင်ဇေယျကျေးရွာ၊ ကြိမ်ခါးကုန်းကျေးရွာ၊ ရွှေဝါထွန်း ကျေးရွာ၊ အောင်မြေကုန်းကျေးရွာနှင့် ကျွန်းခင်းကျေးရွာ စသည့် ရွာ(၆) ရွာရှိပြီး အကျယ်အဝန်းဧရိယာ (၃၃၁) ဧကရှိပါကြောင်း။

အဆိုပါ သစ်တောကြိုးဝိုင်းဧရိယာအတွင်း တောင်သူ(၆၂၅) ဦးက မိုးစပါးနှင့် ပဲမျိုးစုံ (၃၆၃၇) ဧက နှစ်စဉ်စိုက်ပျိုးလုပ်ကိုင်လျက်ရှိပြီး သာသနာမြေ၊ သုသာန်မြေနှင့် အခြားမြေ (၂၉)ဧကအပါအဝင် စုစုပေါင်း (၃၉၉၇) ဧက ကျူးလွန်အသုံးပြုလျက်ရှိပါကြောင်း၊ အဆိုပါ ကျူးလွန်အသုံးပြုဧရိယာကို ပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန၏ အမိန့်ကြော်ငြာစာအမှတ်၊ ၁၁၇/၂၀၁၃ ဖြင့် ကြိုးဝိုင်းမြေအဖြစ်မှ ပယ်ဖျက်ပြီးဖြစ်ပါကြောင်း။

အဆိုပါ ပယ်ဖျက်ပြီးဖြစ်သည့် ကြိုးဝိုင်း/ကြိုးပြင်သစ်တောမြေ၊ စားကျက်မြေနှင့် အင်းအိုင်မြေများကို မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေ၊ နည်းဥပဒေများအရ လည်းကောင်း၊ လယ်ယာမြေဥပဒေ၊ နည်းဥပဒေများအရလည်းကောင်း စိစစ်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း၊ သစ်တောမြေနှင့် စားကျက်မြေများ ပယ်ဖျက်ခွင့်ရရှိရေးအတွက် တောင်သူလယ်သမားများအနေဖြင့် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ အဆင့်ဆင့်မှ တစ်ဆင့် သစ်တောဦးစီးဌာနနှင့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနများသို့ တင်ပြကြရန်လည်း လိုအပ်ပါကြောင်း။

စားကျက်မြေများအတွင်း နှစ်ပေါင်း (၆၀) ခန့်တာဝန်ကျေစွာ စိုက်ပျိုးလာခဲ့သော လယ်သမားများ စိုက်ပျိုးစရိတ်ရရှိရေးကိစ္စနှင့် ပတ်သက်၍ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် စားကျက်မြေ၊ သစ်တောဝိုင်းမြေတွင် စိုက်ပျိုးလုပ်ကိုင်သော တောင်သူများအနေဖြင့် လယ်ယာမြေ လုပ်ပိုင်ခွင့်ပြုလက်မှတ်ရရှိနိုင်သည့် အဆင့်သို့ မရောက်ရှိသေးသော်လည်း ပယ်ဖျက်ခွင့်လျှောက်ထားခြင်း (သို့) ပယ်ဖျက်ခွင့်ရရှိခြင်း (သို့) ပယ်ဖျက်ခွင့်ရရှိပြီးမြေများအား လယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့အဆင့်ဆင့်၏ စိစစ်ထောက်ခံချက်များဖြင့် ယခုနှစ်အတွက် စိုက်ပျိုးစရိတ်ချေးငွေကို ထုတ်ချေးပေးသွားရေး စီစဉ်လျက်ရှိပါကြောင်း၊ထို့အတူ တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့ (၁၄) ခုတွင်လည်း တောင်သူလယ်သမားများအား ချေးငွေထုတ်ချေးရာတွင် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ အဆင်ပြေစွာ ဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ယခုနှစ်မိုးရာသီစိုက်ပျိုးစရိတ်များကို ထုတ်ချေးပေးလျက်ရှိရာ ၂၀၁၄ ခုနှစ် ဇူလိုင် ၁၈ ရက်အထိ ကျပ် (၄၁၂ ဒသမ ၂၃) ဘီလီယံ ထုတ်ချေးပြီး ဖြစ်ပါကြောင်း၊ ထို့ပြင်ယခင်နှစ် စိုက်ပျိုးစရိတ်ချေးငွေများအား ပြန်လည်ကောက်ခံလျက်ရှိရာ ၂၀၁၂ ခုနှစ် မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေအတွက် ပဲခူးတိုင်းဒေသကြီးမှ ကျပ် (၁၉ ဒသမ ၁၄) သန်း၊ ဧရာဝတီတိုင်းဒေသကြီးမှ ကျပ်(၁၀ ဒသမ ၉၉)သန်းနှင့် မိုးရာသီ ရေကြီးနစ်မြုပ်မှု ချေးငွေကျပ် (၁၃၀ ဒသမ ၃၈)သန်း စုစုပေါင်း ကျပ် (၁၆၀ ဒသမ ၅၁) သန်း ပြန်လည်ပေးဆပ်ရန် ကျန်ရှိနေပါကြောင်း။

ထို့အတူ ၂၀၁၃ ခုနှစ် မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေအား တိုင်းဒေသကြီး/ ပြည်နယ် (၇) ခုတို့မှ ပြန်လည်ပေးဆပ်ရန် စုစုပေါင်းကျန်ရှိမှုသည် ကျပ် (၄၃ ဒသမ ၅၃) ဘီလီယံဖြစ်ပြီး ပဲခူးတိုင်းဒေသကြီးအနေဖြင့် ကျပ် (၁၅ ဒသမ ၁၃) ဘီလီယံကျန်ရှိနေပါကြောင်း။

မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်သည် စိုက်ပျိုးစရိတ်ချေးငွေများ ထုတ်ချေးပေးနိုင်ရေးအတွက် ယခင်ဘဏ္ဍာရေးနှစ်များက အတိုးဖြင့်ရယူ၍ ထပ်ဆင့်ထုတ်ချေးရခြင်း ဖြစ်သောကြောင့် ပြန်လည်ပေးဆပ်ရန် ကျန်ရှိသည့် စိုက်ပျိုးစရိတ်ကြွေးကျန်များကိုလည်း နိုင်ငံတော်ဘဏ္ဍာ ရန်ပုံငွေများ ဆုံးရှုံးမှုမရှိစေရေးအတွက် အမြန်ဆုံးပြန်လည်ပေးဆပ်ရန် လိုအပ်ပါကြောင်းဖြင့် ဖြေကြားပြီး ယင်းအဆိုအား လွှတ်တော်က မှတ်တမ်းတင်ခဲ့သည်။ **စာမျက်နှာ ၈ သို့◆**

◆ အမျိုးသားလွှတ်တော်မှ

ယင်းအစီရင်ခံစာနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းနိုင်ကြောင်းသိရှိရပြီး ပထမအကြိမ် အမျိုးသားလွှတ်တော် နဝမပုံမှန်အစည်းအဝေးတွင် မေးမြန်းခဲ့သည့် ကြယ်ပွင့်ပြ မေးခွန်းပေါင်း(၈၀)မှ ကတိဖြစ်ပေါ်ခဲ့သည့် မေးခွန်း(၃၀) ခုအနက် ဆောင်ရွက်ပြီးလုပ်ငန်း(၁၅) ခုနှင့် မပြီးပြတ်သေးသောလုပ်ငန်း (၁၅)ခုရှိကြောင်း၊ ပထမအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေးမှ အဋ္ဌမပုံမှန်အစည်းအဝေးအထိ ကတိဖြစ်ခဲ့သော ကြယ်ပွင့်ပြမေးခွန်း(၇၆၆)ခု အနက် မပြီးပြတ်သေးသော လုပ်ငန်း(၄၀) ရှိကြောင်းအစီရင်ခံစာအရ သိရသည်။

အစည်းအဝေးတွင် ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးဇုန်လှယ်ထန်း၏ **“စင်ကာပူနှင့် ဟောင်ကောင်တွင် အလုပ်လုပ်ရန်အတွက် တင်ပြလာသော အိမ်အကူလုပ်သားများအတွက် အလုပ်ခေါ်စာများအပေါ် ဆိုင်းငံ့ခြင်းမရှိဘဲ အမြန်ဆုံးခွင့်ပြုပေးနိုင်ခြင်း ရှိ/မရှိ”**မေးခွန်းနှင့်စပ်လျဉ်း၍ အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးထင်အောင်က ပြည်ပနိုင်ငံများတွင် အိမ်တွင်း အထောက်အကူအလုပ်သမားများအဖြစ် သွားရောက်လုပ်ကိုင်ကြခြင်းသည် ပြည်ပတွင် လုပ်ခလစာများပြားစွာ ရရှိသောကြောင့် ဖြစ်ပါကြောင်း၊ သက်ဆိုင်ရာနိုင်ငံ၏ ဥပဒေနှင့် စည်းမျဉ်း စည်းကမ်းများကို သိရှိနားလည်မှု အားနည်းခြင်း၊ ဘာသာစကားတတ်ကျွမ်းမှု အားနည်းခြင်း၊ သက်ဆိုင်ရာနိုင်ငံ၏

ဒုတိယဝန်ကြီး ဦးထင်အောင်။

ယဉ်ကျေးမှု၊ ဓလေ့ထုံးစံများကို သိရှိမှုမရှိခြင်း၊ ခေတ်မီအိမ်သုံးပစ္စည်းကိရိယာများ ကိုင်တွယ်အသုံးပြုတတ်မှုမရှိခြင်း စသည့်အကြောင်းများကြောင့် အဆင်မပြေမှုများ ရှိနေသည်ကို စိစစ်တွေ့ရှိရပါကြောင်း။

လက်ရှိအချိန်တွင် ဖြစ်ပေါ်နေသည့် အခြေအနေအရပ်ရပ်တို့အပေါ် လေ့လာဆန်းစစ်သုံးသပ်၍ အိမ်တွင်းအထောက်အကူ အလုပ်သမားခေါ်ယူလိုသည့် စင်ကာပူနိုင်ငံနှင့် ဟောင်ကောင်တို့အတွက် Demand Letter အသစ်များကို ခေတ္တဆိုင်းငံ့ထားပါကြောင်း၊ ခေတ္တဆိုင်းငံ့ထားရခြင်းသည် အိမ်တွင်း အထောက်အကူအလုပ်သမားများကို စနစ်တကျ ဥပဒေ စည်းမျဉ်းစည်းကမ်းများနှင့်အညီ စေလွှတ်နိုင်ရန်၊ အိမ်တွင်းအထောက်အကူအလုပ်သမားများအား အကာအကွယ်ပေးနိုင်ရန် သက်ဆိုင်ရာနိုင်ငံ၏ ဥပဒေအတိုင်း ခံစားခွင့်များ ပြည့်ပြည့်ဝဝ ရရှိစေရန်၊ ခေါင်းပုံဖြတ်မှု၊ မတရားခိုင်းစေမှုများမရှိစေရန်နှင့် အာမခံချက်ရှိစေရန်အတွက်ဖြစ်ပါကြောင်း။

စင်ကာပူနိုင်ငံနှင့် ဟောင်ကောင်တို့သို့ အိမ်တွင်းအထောက်အကူအလုပ်သမားများကို တရားဝင် လမ်းကြောင်းမှ စနစ်တကျ စေလွှတ်နိုင်ရန်အတွက် မြန်မာပြည်ပ အလုပ်အကိုင်ဝန်ဆောင်မှုလုပ်ငန်းရှင်များအဖွဲ့ချုပ်အနေဖြင့် စင်ကာပူနိုင်ငံ အေဂျင်စီအဖွဲ့ချုပ်နှင့်လည်းကောင်း၊ ဟောင်ကောင်အေဂျင်စီ အဖွဲ့ချုပ်နှင့်လည်းကောင်း၊ အလုပ်သမားစေလွှတ်ခြင်းဆိုင်ရာ နားလည်မှုစာချွန်လွှာ (MoU)များကို လက်မှတ်ရေးထိုးချုပ်ဆိုနိုင်ရန် အလေးထားဆောင်ရွက်နေသောကြောင့် MoU ချုပ်ဆိုပြီး အိမ်တွင်း အထောက်အကူအလုပ်သမားများ စေလွှတ်ခြင်းကို စနစ်တကျသေချာစွာ စိစစ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ထို့နောက် လွှတ်တော်ကိုယ်စားလှယ်နှစ်ဦး၏ မေးခွန်းများနှင့်စပ်လျဉ်း၍ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးချန်မောင်က ရှင်းလင်းဖြေကြားသည်။

မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးလှဆွေ၏ **“အဝေးပြေးယာဉ်မောင်းများအား ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း လိုက်နာစေရန် ရက်တိုသင်တန်းပေး၍ အဆင့်ရှိရှိ စနစ်တကျ မောင်းနှင်တတ်စေရေးကို ပညာပေးရန် အစီအစဉ် ရှိ/မရှိ ”** မေးခွန်းနှင့်စပ်လျဉ်း၍ ခရီးသည်များ စိတ်ချမ်းသာစွာလိုက်ပါနိုင်ရန် အဆင့်မြင့်ယာဉ်များအပါအဝင် မော်တော်ယာဉ်အသီးသီးတွင် တာဝန်ထမ်းဆောင်လျက်ရှိသော ယာဉ်အကူများ၏ ဆောင်ရွက်ရမည့် တာဝန်ဝတ္တရားများကို တိုးတက်ပြောင်းလဲလျက်ရှိသော ခေတ်စနစ်နှင့်အညီ ပြင်ဆင်သတ်မှတ်ပေးပြီးဖြစ်ပါကြောင်း၊ စစ်ဆေးချက်များနှင့် မကိုက်ညီသည့် ယာဉ်များအား ခရီးသွားပြည်သူများ ဘေးအန္တရာယ်ကင်းဝေး၍ လုံခြုံစိတ်ချစွာ ခရီးသွားနိုင်ရေးအတွက် ခရီးဆက်ရန် တားမြစ်ကန့်သတ်ခြင်း၊ ယာဉ်မောင်းလိုင်စင်အတု ကိုင်ဆောင်မောင်းနှင်သူများကို ဥပဒေအရ တရားစွဲဆိုခြင်း၊ ယာဉ်ပိုင်ရှင်များနှင့် ယာဉ်လိုင်းများအား သတိပေးခြင်း၊ လိုအပ်ပါက အရေးယူခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါကြောင်း။

ဒုတိယဝန်ကြီး ဦးချန်မောင်။

ခရီးသွားပြည်သူများ ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းစေရေးအတွက် မော်တော်ယာဉ် လိုင်းပေါင်းစုံ ထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီများ၊ မော်တော်ယာဉ်လိုင်း/ အသင်းများနှင့် ညှိနှိုင်းပေါင်းစပ်၍ ယာဉ်လိုင်း/အသင်းများတွင် မောင်းနှင်နေသော “င”ယာဉ်မောင်း လိုင်စင်ကိုင်ဆောင်သူ ယာဉ်မောင်းများအားလုံးအား ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ပညာပေးသင်တန်းပြန် လည်တက်ရောက်စေပြီး လက်ရှိစစ်ဆေးနေသည့် စနစ်တွင်ပါဝင်သော စစ်ဆေးရမည့် နည်းလမ်းများအပြင် လက်တွေ့ ယာဉ်မောင်းစစ်ဆေးခြင်းအား ဘတ်စ်ယာဉ်ဖြင့်စစ်ဆေးပြီး အောင်မြင်မှသာ ခရီးသည်တင်ယာဉ်များ မောင်းနှင်ခွင့်ပြုရန် ညွှန်ကြားထားပြီးဖြစ်ပါကြောင်း၊ သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်၊ ခရိုင်ရုံးများ အနေဖြင့် ညွှန်ကြားချက်အတိုင်း လိုက်နာဆောင်ရွက်လျက်ရှိပါကြောင်း ဖြေကြားသည်။

ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဦးသက်နိုင်ဦး၏ **“နိုင်ငံတော်အတွင်း နာရေးကူညီမှုအသင်းမော်တော်ယာဉ်၊ အခြားအဖွဲ့အစည်းမော်တော်ယာဉ်၊ (လိုင်စင်မဲ့) လူနာတင်မော်ယာဉ်များအား မည်သည့်ဥပဒေ၊ မည်သည့်နည်းဖြင့် တရားဝင်(လိုင်စင်)အသိအမှတ်ပြုခြင်းအား မည်သည့်အချိန်တွင် ဆောင်ရွက်ပေးနိုင်မည်ကို သိရှိလိုကြောင်း”**မေးခွန်းနှင့်စပ်လျဉ်း၍ ပြည်ပမှလူနာတင်ယာဉ်များ တင်သွင်းလျှင် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန၌ သွင်းကုန်လိုင်စင်လျှောက်ထားရယူရပါကြောင်း၊ ပုဂ္ဂလိကအဖွဲ့အစည်း၊ ဆေးရုံဆေးခန်းများတွင် အသုံးပြုရန်တင်သွင်းလာပါက အကောက်ခွန်ဦးစီးဌာနမှ လူနာတင်ယာဉ်များအပေါ် ယာဉ်တန်ဖိုး၏ (၁)ရာခိုင်နှုန်းအား အကောက်ခွန်အဖြစ်လည်းကောင်း၊ (၅)ရာခိုင်နှုန်းအား ကုန်သွယ်လုပ်ငန်းခွန်အဖြစ်လည်းကောင်း ကောက်ခံပါကြောင်း၊ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနတွင် ပြည်ပတင်သွင်းယာဉ် မှတ်ပုံတင်ခအဖြစ် ယာဉ်၏မူလတန်ဖိုး FOB အပေါ် (၁၀)ရာခိုင်နှုန်းပေးဆောင်ရပါကြောင်း၊ ၂၀၁၃ ခုနှစ်အတွင်း လူနာတင်ယာဉ်(၁၄၉)စီး တင်သွင်းမှုရှိခဲ့ပြီး ၂၀၁၄ ခုနှစ် ဇန်နဝါရီလ ၁ ရက်မှ ဇွန် ၃၀ ရက် အထိ လူနာတင်ယာဉ် (၈၆)စီးတင်သွင်းလာသဖြင့် ကနဦးမှတ်ပုံတင်ပြုလုပ်ပေးခဲ့ပါကြောင်း။

နိုင်ငံတော်အတွင်း တရားမဝင်ရောက်ရှိနေသည့် နာရေးကူညီမှုအသင်းများမှ နိဗ္ဗာန်ယာဉ်များအား ရာသက်ပန် နိဗ္ဗာန်ယာဉ်အဖြစ်သာ အသုံးပြုစေပြီး သီးခြားမှတ်ပုံအမှတ် HSE အက္ခရာ သတ်မှတ်၍ ၂၀၁၄ ခုနှစ် ဇူလိုင်လ ၇ ရက်မှ ၂၀၁၄ ခုနှစ် ဇူလိုင်လ ၃၁ ရက်အထိ မှတ်ပုံတင်ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ လူနာတင်ယာဉ်အတွက် ရရှိသောဖြေလျှော့မှု အခွင့်အရေးများရယူပြီး ၎င်းယာဉ်ကို လူမှုရေးကူညီမှု ကိစ္စရပ်များအပြင် အခြားစီးပွားရေးကိစ္စရပ်များကိုပါ အသုံးပြုလာသည်ကိုတွေ့ရှိရပါကြောင်း၊ လူနာတင်အင်္ဂါရပ်များနှင့် ပြည့်စုံအောင် ဆောင်ရွက်နိုင်ခြင်း ရှိ/မရှိ စိစစ်ခြင်း၊ လူနာတင်ယာဉ်အတွက် ရရှိသောဖြေလျှော့မှု အခွင့်အရေးများရယူပြီးမတော်လောဘဖြင့် အခြားစီးပွားရေးလုပ်ငန်းများတွင် လူနာတင်ယာဉ်များအား အသုံးချနိုင်မှု ကာကွယ်နိုင်ရေး စိစစ်ခြင်းများ ဆောင်ရွက်နေဆဲဖြစ်ပါသဖြင့် တရားမဝင် ရောက်ရှိနေသည့် မော်တော်ယာဉ်များအား တရားဝင်မှတ်ပုံတင် ဆောင်ရွက်ပေးရန် အစီအစဉ် မရှိသေးပါကြောင်း ဖြေကြားသည်။ **(သတင်းစဉ်)**

တနင်္သာရီသဘာဝကြိုးဝိုင်းအတွင်း ဇီဝမျိုးစုံမျိုးကွဲထိန်းသိမ်းရေးနှင့် ဂေဟစနစ်ဝန်ဆောင်မှုအပေါ် သဘာဝဓာတ်ငွေ့ ပိုက်လိုင်းကုမ္ပဏီများ၏ ရန်ပုံငွေထည့်ဝင်မှုဖြင့် ထိန်းသိမ်းရေးလုပ်ငန်းများဆောင်ရွက်နေ

နေပြည်တော် ဇူလိုင် ၂၁

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်းသည် ဇူလိုင် ၁၉ ရက် နံနက်ပိုင်းတွင် တနင်္သာရီတိုင်းဒေသကြီး ထားဝယ်ခရိုင် ရေဖြူမြို့နယ် တနင်္သာရီသဘာဝကြိုးဝိုင်းစီမံကိန်းနယ်မြေ မိချောင်းလျှောင်းစခန်း၌ ဒေသခံပြည်သူများနှင့် တွေ့ဆုံဆွေးနွေးခဲ့ပြီး တနင်္သာရီသဘာဝကြိုးဝိုင်းအတွင်း သဘာဝဓာတ်ငွေ့ပိုက်လိုင်း သွယ်တန်းထားရှိမှုနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ ဇီဝမျိုးစုံမျိုးကွဲထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးခဲ့သည်။

တနင်္သာရီသဘာဝကြိုးဝိုင်းသည် ကာကွယ် ထိန်းသိမ်းထားသော သဘာဝနယ်မြေတစ်ခုဖြစ်သည်။ မြန်မာနိုင်ငံအတွင်း၌ တနင်္သာရီသဘာဝကြိုးဝိုင်းအပါအဝင် တည်ထောင်သတ်မှတ်ပြီး သဘာဝနယ်မြေ ၃၉ ခုရှိပြီးဖြစ်၍ နိုင်ငံဧရိယာ၏ ၅ ဒသမ ၇၅ ရာခိုင်နှုန်းအထိ ဖွဲ့စည်းထားပြီးဖြစ်သည်။

ကမ်းရိုးတန်းကမ်းလွန်သဘာဝဓာတ်ငွေ့လုပ်ကွက်မှ ထွက်ရှိသည့် သဘာဝဓာတ်ငွေ့များကို မုတ္တမဓာတ်ငွေ့ပို့ဆောင်ရေး ကုမ္ပဏီ (MGTC)၊ တနင်္သာရီပိုက်လိုင်းကုမ္ပဏီ (TPC) နှင့် အက်ဒမန့် ပို့ဆောင်ရေးကုမ္ပဏီ (ATL) တို့မှ ဓာတ်ငွေ့ပိုက်လိုင်းသုံးခုဖြင့် မြန်မာနိုင်ငံမှ ထိုင်းနိုင်ငံဘက်သို့ သဘာဝသစ်တောဦးစီးဌာန၊ ဆက်စပ်ဌာနများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ အသင်းအဖွဲ့များနှင့်အတူ ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။ ၂၀၀၄ ခုနှစ်မှစတင်၍ စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ရာ ယခုဆိုလျှင် တတိယ(၄)နှစ်စီမံကိန်းအဖြစ် ၂၀၁၄ ခုနှစ်မှ ၂၀၁၇ ခုနှစ်အထိ ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

ပြည်ထောင်စု ဝန်ကြီးသည် တနင်္သာရီသဘာဝကြိုးဝိုင်းစီမံကိန်းနယ်မြေ မိချောင်းလျှောင်းစခန်းနေရာ၌ ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောတည်ထောင်ထားသည့် ကျေးရွာခုနစ်ရွာမှ အစုအဖွဲ့ကိုးဖွဲ့တွင် ပါဝင်သူများနှင့် စီမံကိန်းစာရေးကိရိယာများ ကျေးရွာအလိုက် လှူဒါန်းပေးအပ်ခဲ့သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် တနင်္သာရီသဘာဝကြိုးဝိုင်းစီမံကိန်းနယ်မြေအတွင်း သဘာဝဓာတ်ငွေ့ပိုက်လိုင်းများ မြေမြှုပ်သွယ်တန်းမှုနှင့်ပတ်သက်၍ ပတ်ဝန်းကျင် ထိခိုက်မှုအနည်းဆုံးဖြစ်စေရန် သတ်မှတ်စည်းမျဉ်းစည်းကမ်းများအတိုင်း ဓာတ်ငွေ့ပို့ဆောင်ရေးကုမ္ပဏီများမှ စနစ်တကျလိုက်နာဆောင်ရွက်ထားမှုအခြေအနေများ၊ ဓာတ်ငွေ့ပို့လွှတ်မှု တိုင်းတာရေးစခန်းတည်ဆောက်နေမှုအခြေအနေများ၊ ဓာတ်ငွေ့ပိုက်လိုင်း လမ်းကြောင်းတစ်လျှောက် မြေဆီလွှာတိုက်စားဆုံးရှုံးမှုမရှိစေရေး မြက်ပြန်လည်စိုက်ပျိုးထားရှိမှု၊ သဘာဝအပင်များ ပြန်လည်ဖုံးလွှမ်းပေါက်ရောက်လာမှုနှင့် သဘာဝသစ်တောများ မူလအခြေအနေအတိုင်း ထိန်းသိမ်းထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ဇူလိုင် ၂၀ ရက် နံနက် ၈ နာရီခွဲတွင် ပြည်ထောင်စုဝန်ကြီးသည် ထားဝယ်မြို့ တနင်္သာရီတိုင်းဒေသကြီး

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်ခရိုင် ထားဝယ်မြို့နယ်နှင့် ရေဖြူမြို့နယ်တို့အတွင်း တည်ရှိပြီး ဧရိယာ ၄၂၀၀၇၇ဧက ကျယ်ဝန်းကာ ၂၀၀၅ ခုနှစ် မတ် ၃၀ ရက်တွင် အမိန့်ကြော်ငြာစာထုတ်ပြန်၍ တနင်္သာရီသဘာဝကြိုးဝိုင်းအဖြစ် သတ်မှတ်ဖွဲ့စည်းခဲ့သည်။ ထိုဒေသသည် အပူပိုင်းမုတ်သုံသစ်တောကြီးများ၊ အမြဲစိမ်းတောဂေဟစနစ်တို့ တည်ရှိပြီး မျိုးသုဉ်းမည့်အန္တရာယ် ကျရောက်နေသည့် အပင်နှင့်သတ္တဝါမျိုးစိတ်များဖြစ်သည့် အာရှဆင်၊ ကျား၊ ကြံ့သူတော်၊ တနင်္သာရီလန်ဂါမျောက်၊ အောက်ချင်းငှက်၊ တနင်္သာရီဖားမျိုးစိတ်တို့နှင့် ကညင်ဖြူပင်၊ မြန်မာ့မျိုးရင်း သော်ကကြီးပင်တို့ကို

ကြိုးဝိုင်းနယ်မြေအတွင်း ဖြတ်သန်းသွယ်ယူထားပြီး ပတ်ဝန်းကျင်ထိခိုက်မှုမှလျော့နည်းစေရေး ပတ်ဝန်းကျင်ဆိုင်ရာ စီမံအုပ်ချုပ်လုပ်ကိုင်မှုစီမံချက်(Environmental Management Plan) အရ Payment for Ecosystem Services(PES)အဖြစ် ဂေဟစနစ် ဝန်ဆောင်မှုအတွက် ပြန်လည်ပေးဆပ်ခြင်း၊ Corporate Social Responsibility (CSR) အဖြစ်ဒေသခံပြည်သူများ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးခြင်း၊ ဇီဝမျိုးစုံမျိုးကွဲများ ထိန်းသိမ်းရေးနှင့် သစ်တောပြုစုထိန်းသိမ်းရေးလုပ်ငန်းများကို နှစ်(၃၀)ကာလအထိ ကာလတို(၄)နှစ် စီမံကိန်းများ အပိုင်းလိုက်ရေးဆွဲ၍

ပတ်ဝန်းကျင်ကျေးရွာ ၁၄ ရွာမှ ဒေသခံပြည်သူ ၃၀၅ ဦးတို့နှင့် တွေ့ဆုံ၍ တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ အပူပိုင်းမုတ်သုံမိုးသစ်တောများသည် ပျက်စီးယိုယွင်းမှုမရှိဘဲ သဘာဝအတိုင်းတည်ရှိနေသဖြင့် ကမ္ဘာပေါ်တွင် ထင်ရှားသောဒေသဖြစ်ခြင်း၊ ရှည်လျားသည့်ကမ်းရိုးတန်းဒေသအတွင်း အမြဲစိမ်းတောများ၊ ဒီရေတောများနှင့်အတူ မှီတင်းကျက်စားနေသည့် ရှားပါးမျိုးစိတ်စာရင်းဝင် သဘာဝအပင်နှင့် သားငှက်တိရစ္ဆာန်မျိုးစိတ် များစွာတွေ့ရှိရကြောင်း။

သဘာဝသယံဇာတ အရင်းအမြစ်များကို စဉ်ဆက်မပြတ်ထုတ်ယူသုံးစွဲနိုင်ရေး စည်းကမ်းစနစ်တကျဖြင့် တရားဝင်လုပ်ထုံးလုပ်နည်းများနှင့်အညီ ထုတ်ယူသုံးစွဲသွားကြရန်၊ တောင်ယာစိုက်ပျိုးခြင်းအစား သီးနှံသစ်တော ရောနှောစိုက်ပျိုးခြင်း၊ ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောစိုက်ခင်းများ စိုက်ပျိုးခြင်းတို့ကို ဆောင်ရွက်သွားကြရန် လိုအပ်ပါကြောင်း၊ စီမံကိန်းဆောင်ရွက်ခြင်းဖြင့် ဒေသခံပြည်သူလူထု အလုပ်အကိုင်အခွင့်အလမ်းများရရှိခြင်း၊ လူမှုစီးပွားရေး ဖွံ့ဖြိုးတိုးတက်လာစေခြင်း၊ ကျေးရွာများအတွက် အခြေခံလိုအပ်ချက်များဖြစ်သည့် လမ်းတံတား၊ ကျောင်း၊ ဆေးပေးခန်းများ ဖောက်လုပ်တည်ဆောက်ပေးခြင်း၊ ကျေးရွာရေရရှိရေး ဖြည့်ဆည်းပံ့ပိုးပေးလျက်ရှိကြောင်းတို့ကို ရှင်းလင်းပြောကြားခဲ့ပြီး ဒေသခံပြည်သူများ၏ ရင်သွေးငယ်များအတွက် ကျောင်းသုံး

အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမြတ်ကိုနှင့်အတူ အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် တွေ့ဆုံ၍ ဖွဲ့စည်းပုံအခြေခံဥပဒေပါ ဇယား(၁)၊ ဇယား(၂)၊ ဇယား(၅)တို့တွင် ဖော်ပြထားသည့် ပြည်ထောင်စုနှင့် တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များ၏ စီမံခန့်ခွဲလုပ်ကိုင်ခွင့်ရှိသော လုပ်ငန်းနယ်ပယ်များ ခွဲဝေဆောင်ရွက်မှု အခြေအနေနှင့် သစ်တောခွန် ကောက်ခံရမည့် သစ်မျိုးသတ်မှတ်ခြင်း၊ လေညာအမျိုးသားဥယျာဉ် ဖွဲ့စည်းတည်ထောင်ခြင်း၊ သစ်တောကြိုးဝိုင်းများအတွင်း ရော်ဘာ၊ ဆီအုန်းစိုက်ပျိုးမှု အခြေအနေများ၊ သဘာဝအခြေခံ ခရီးသွားလုပ်ငန်းနှင့် ဒီရေတော ထိန်းသိမ်းရေးလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်သွားမည့် ကိစ္စများကို အသေးစိတ်ညှိနှိုင်းဆွေးနွေးခဲ့သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် သစ်တောနှင့် သတ္တုရေးရာဝန်ကြီး ဦးတင်စိုး၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ဝန်ကြီးဌာနလက်အောက်ရှိဦးစီးဌာနနှင့် လုပ်ငန်းများမှ ဝန်ထမ်းများနှင့် တွေ့ဆုံ၍ နိုင်ငံတော်၏ ပြုပြင်ပြောင်းလဲမှုများအား တတိယအဆင့်အရှိန်မြှင့်တင်မှု (Third Wave)လုပ်ငန်းစဉ် အကောင်အထည်ဖော်ဆောင်ရွက်ရေး ကိစ္စရပ်များနှင့်ပတ်သက်၍ တာဝန်ယူမှု၊ တာဝန်သိမှု၊ ပေါင်းစပ်ညှိနှိုင်းစီမံခန့်ခွဲမှုဆိုင်ရာ ရှင်းလင်းဆွေးနွေးပွဲသို့ တက်ရောက်ဆွေးနွေးပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

❑ ကျောဖုံးမှ

နှစ်စဉ်နှစ်တိုင်းကမ်းပါးပြိုတာ ပိုဆိုးလာပြီး ပျက်စီးဆုံးရှုံးမှုလည်း များလာတယ်” ဟု ၎င်းက ပြောပြသည်။

ဆင်မကျွန်းကျေးရွာအုပ်စုသည် လမ်းပန်းဆက်သွယ်ရေးခက်ခဲပြီး ဒေသဖွံ့ဖြိုးရေးလမ်းများ လိုအပ်လျက်ရှိကြောင်း၊ ယခုနှစ်ပိုင်းအတွင်း မြစ်ရေတိုက်စားမှု သက်သာလျော့နည်းသွားစေရန် နိုင်ငံတော်က ကျပ်သိန်း ၁၆၀ ကျော် အကုန်အကျခံကာ ရေထိန်းကာတာများဆောက်လုပ်ပေးခဲ့သော်လည်း ရေစီးကြမ်းမှုကြောင့် အချည်းနှီးဖြစ်ခဲ့ရကြောင်း၊ ယခုအခါ မြစ်ကမ်းပါးပြိုကျမှုကြောင့် ထွန်ယက်စိုက်ပျိုးရန် မြေမရှိတော့သည့်အပြင် အိမ်ရာများပြောင်းရွှေ့နေထိုင်ကြသဖြင့် ယာမြေဈေးနှုန်းလည်းမြင့်တက်လာခဲ့ကြောင်း၊ ယခင်က တစ်ဧကလျှင် ငွေကျပ် ၁၅ သိန်းခန့်ရှိသော်လည်း ယခုအခါ တစ်ဧကလျှင် ငွေကျပ် ၂၅ သိန်းအထိ မြင့်တက်လာကြောင်း ဒေသခံများထံမှ သိရသည်။

အလားတူပင် စလင်းမြို့နယ်အတွင်းရှိ ရေပေါ်ကျွန်းရွာ၊ ဘိုကုန်းရွာ၊ ကျူတောရွာနှင့် ဇီးဖြူပင်ဒေသမှ ကျွန်းသာအရှေ့ရွာ၊ အနောက်ရွာနှင့်ရေလယ်မြောင်းရွာများသည်လည်း ဧရာဝတီမြစ်ကမ်းပါးပြိုကျကြောင့် ပြီးခဲ့သည့် ဇွန်လပိုင်းမှစတင်၍ ရွာပေါင်း ခြောက်ရွာခန့် ပြောင်းရွှေ့မှုများပြုလုပ်ခဲ့ရကြောင်း၊ စိုက်ပျိုးမြေဧကပေါင်းများစွာလည်း ဆုံးရှုံးခဲ့ရကြောင်း သိရသည်။

လမ်းမကြီးများဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် ပတ်သက်၍ ပူးပေါင်းကော်မတီအစည်းအဝေးကျင်းပ

နေပြည်တော် ဇူလိုင် ၂၁

ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် ဒသမပုံမှန်အစည်းအဝေးတွင် အတည်ပြုပြဋ္ဌာန်းရန် ပြည်ထောင်စုလွှတ်တော်ဥပဒေကြမ်းပူးပေါင်းကော်မတီအစည်းအဝေးကို ယနေ့မွန်းလွဲ ၁ နာရီက ဥပဒေကြမ်းပူးပေါင်းကော်မတီရုံးခန်း၌ကျင်းပရာ ပူးပေါင်းကော်မတီ ဥက္ကဋ္ဌ ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက ဦးနန္ဒကျော်စွာ တက်ရောက်ပြီး အမှာစကားပြောကြားခဲ့သည်။

အစည်းအဝေးတွင် ကော်မတီအတွင်းရေးမှူး ဦးစောလှထွန်းက အစည်းအဝေးခေါ်ယူရခြင်းနှင့် နိုင်ငံတော်သမ္မတ၏ သဘောထားမှတ်ချက်ဖြင့် ပေးပို့လာသော လမ်းမကြီးများဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား ပြန်လည်သုံးသပ်သင့်ပါကြောင်းဖြင့် အချက်(၂)ချက်အပေါ်တွင် အတည်ပြုနိုင်ရေး ရှင်းလင်းတင်ပြသည်။

ထို့နောက် တက်ရောက်လာကြသော ပြည်ထောင်စုလွှတ်တော်ဥပဒေကြမ်းကော်မတီဝင်များနှင့် ပြည်သူ့လွှတ်တော်ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်အဖွဲ့ဝင် ဒေါ်သန်းသန်းရီ၊ ဦးတင်ဝင်း၊ ဦးဆန်းလင်း၊ ဒေါ်သင်းသင်းခိုင်၊ ဒေါ်လဲ့လဲ့ဝင်း၊ အမျိုးသားလွှတ်တော် နိုင်ငံရေး၊ စီးပွားရေးနှင့် ဥပဒေရေးရာကော်မရှင် အဖွဲ့ဝင် ဦးစိန်လှ၊ ပြည်ထောင်စုဆောက်လုပ်ရေးဝန်ကြီးဌာန အင်ဂျင်နီယာချုပ် ဦးခင်မောင်ဆွေ၊ ဒုတိယအင်ဂျင်နီယာချုပ် ဦးစောဝင်းနိုင်နှင့် တာဝန်ရှိသူများ၊ ဥပဒေပြုရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်းကော်မတီမှ ဒုတိယညွှန်ကြားရေးမှူး ဦးသန့်ဇင်နှင့် တာဝန်ရှိသူများက ဆွေးနွေးကြပြီး ကော်မတီဥက္ကဋ္ဌက အတည်ပြုချက်ရယူဆောင်ရွက်ကာ အစည်းအဝေးကို ရုပ်သိမ်းခဲ့ကြောင်း သိရသည်။

(သတင်းစဉ်)

◆ စာမျက်နှာ ၇ မှ

ဆက်လက်၍ ပြည်သူ့လွှတ်တော် ကျန်းမာရေးမြှင့်တင်မှု ကော်မတီ အတွင်းရေးမှူး ဒေါက်တာနေလင်းက **“မြန်မာနိုင်ငံဆေးကောင်စီဥပဒေကြမ်း”** အား လွှတ်တော်က လက်ခံဆွေးနွေးရန် အဆိုတင်သွင်းပြီး ဥပဒေကြမ်း ကော်မတီဝင် ဦးသိန်းထွန်းက ကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက်များ ပါဝင်သော အစီရင်ခံစာကို ဖတ်ကြားရှင်းလင်းသည်။

ယင်းဥပဒေကြမ်းနှင့် စပ်လျဉ်း၍ လွှတ်တော်ဥက္ကဋ္ဌက ပြင်ဆင်ချက်အဆို တင်သွင်းဆွေးနွေးလိုသူများသည် ပြင်ဆင်လိုသည့် ဥပဒေကြမ်း၏ အပိုဒ်၊ အပိုဒ်ခွဲ၊ အကြောင်းအရာကို တိတိကျကျဖော်ပြ၍ အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာသည်။

အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပေးပို့သော **“မြန်မာ့ပုလဲလုပ်ငန်းဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း”** အား လွှတ်တော်က သဘောတူသဖြင့် အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်များသည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်ကြောင်းနှင့် ၂၀၁၃ ခုနှစ် ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၉၄ အရ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း လွှတ်တော်ဥက္ကဋ္ဌက ကြေညာသည်။

(သတင်းစဉ်)

❂ ရေယာဉ်များမှ

သင်္ဘောခ ခရီးသည်တစ်ဦးလျှင် ငွေကျပ် ၁၅၀၀ သာရှိကြောင်း၊ အချို့ရေယာဉ်များဆိုလျှင် ၂၀၀၀၊ ၂၅၀၀ စသည်ဖြင့် သင်္ဘောခနှုန်းအမျိုးမျိုးရှိရာ ပြည်တွင်းရေကြောင်းသင်္ဘောများမှလွဲ၍ မော်ကျွန်းဆိပ်ကမ်းသို့ နံနက် ၅ နာရီ၊ ၆ နာရီတွင် ဆိုက်ကပ်သဖြင့် ခရီးသည်များအဆင်ပြေကြောင်း သိရသည်။

မြစ်ဝကျွန်းပေါ်ဒေသတွင် ကားလမ်းများရှိလာ၍ ရေလမ်းခရီးသွားများနည်း၍ သင်္ဘောများစီးပွားရေးကျဆင်းသည် ပြောဆိုတတ်သော်လည်း ခရီးသည်တစ်ဦးလျှင် ကားခ ကျပ် ၃၀၀၀၊ တက္ကစီ၊ ပါဂျဲရိုးကားလိုင်းများတွင် ခရီးသည်တစ်ဦးလျှင် ကားခ ကျပ် ၇၀၀၀-၁၀၀၀၀ နှုန်းရှိသည့် ရန်ကုန်-မော်ကျွန်းခရီးစဉ်တွင် ကားလမ်းအပြင် ရေလမ်းမှ နေ့စဉ်ခရီးသည်များပြားသဖြင့် သင်္ဘောများစွာ နေ့စဉ်ပြေးဆွဲစီးပွားဖြစ်နေကြကြောင်း၊ ယှဉ်ပြိုင်ပြေးဆွဲပြီး သင်္ဘောခနှုန်းအမျိုးမျိုးရှိသဖြင့် ခရီးသွားများ ငွေကြေးသက်သာစွာ စီးနင်းနေရသည်ဟုဆိုသည်။

အများပြည်သူသယ်ယူပို့ဆောင်ရေး ဝန်ဆောင်မှုဖြစ်သော ပြည်တွင်းရေကြောင်းသင်္ဘောလိုင်းများမှာ မော်ကျွန်းခရီးစဉ်တွင်လည်း ပုဂ္ဂလိကများ စီးပွားဖြစ်နေချိန် အရှုံးပေါ်နေသည်ဆိုကြောင်း၊ ပုဂ္ဂလိကသင်္ဘောများ နံနက် ၆ နာရီဝန်းကျင် မော်ကျွန်းဆိပ်ကမ်းသို့ဆိုက်ကပ်နေသော်လည်း ပြည်တွင်းရေကြောင်းသင်္ဘောများ နံနက် ၉ နာရီဝန်းကျင်မှ ဆိုက်ကပ်တတ်ကြောင်း၊ သို့သော် ဘိုကလေးမြို့တွင် အပြန်ခရီးအတွက် ဆန်အိတ်များကို မော်ကျွန်းသို့အလာ ခရီးတွင်တင်ဆောင်သဖြင့် မွန်းတည့် ၁၂ နာရီကျော်မှ ဆိုက်ကပ်နေသည်မှာ လချီရှိနေကြောင်း၊ ဇူလိုင် ၁၉ ရက်တွင်လည်း မွန်းလွဲ ၁ နာရီခွဲမှ ဆိုက်ကပ်ရာ ရန်ကုန်မှ မော်ကျွန်းတိုက်ရိုက်စီးခရီးသည် စီးနင်းမှုမရှိသလောက်ရှိနေကြောင်း၊ ပြည်တွင်းရေကြောင်းသင်္ဘောများအနေဖြင့် ပုဂ္ဂလိကလုပ်ငန်းရှင်များနည်းတူ အကျိုးစီးပွားဖြစ်လာရန် ပြုပြင်ဆောင်ရွက်ရမည့်အစား ခရီးသည်စီးနင်းမှုနည်းရန်လုပ်ဆောင်နေခြင်းမျိုးကို မပြုလုပ်သင့်ကြောင်း၊ ဒေသခံဝန်ထမ်းများအပါအဝင် သင်္ဘောလိုင်းတာဝန်ရှိသူများ ကြိုးစားဆောင်ရွက်ခြင်းဖြင့် နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းတစ်ခုဖြစ်သော အများပြည်သူဝန်ဆောင်မှု သယ်ယူပို့ဆောင်ရေးလုပ်ငန်း ရှင်သန်လာနိုင်ကြောင်း၊ ပုဂ္ဂလိကနှင့် နိုင်ငံပိုင်များ ယှဉ်ပြိုင်ပြေးဆွဲခြင်းဖြင့် အများပြည်သူသွားလာရေးပိုမိုအဆင်ပြေလာနိုင်မည်ဟု ဒေသခံတစ်ဦးက ဆိုသည်။

(မောင်စေအောင်)

❍ ဧရာဝတီမှ

ဟံသာဝတီနှင့် ရန်ကုန်တို့မှာ ကွာတားအဆင့်မှထွက်ခဲ့ရပြီး ဧရာဝတီတစ်သင်းသာ ဆီမီးအဆင့်ကို တက်ရောက်လာနိုင်ခြင်းဖြစ်သည်။

ခြေစွမ်းပိုင်းကွာဟမှုမရှိသည့် အသင်းနှစ်သင်း တွေ့ဆုံသောပွဲဖြစ်၍ ပွဲမှာအပြန်အလှန်ရှိခဲ့ပြီး အချိန်ပိုကျမှ အဖြေပေါ်ခဲ့သည်။ ၄၈ မိနစ်တွင် နန္ဒလင်းကျော်ချစ်က ဧရာဝတီအတွက် ဂိုးစတင်သွင်းယူခဲ့သော်လည်း ၆၃ မိနစ်တွင် ဇွဲကပင်အတွက် ချေပဂိုးကို ကင်တာရိုက သွင်းယူခဲ့သည်။ ဧရာဝတီအသင်းအား ဆီမီးတက်စေမည့် အနိုင်ဂိုးကို ၁၁၂ မိနစ်တွင် ကိုနေးက ပြစ်ဒဏ်ဘောကို တိုက်ရိုက်ကန်သွင်းယူခဲ့သည်။

(အောင်ဆန်းကွင်း)

နေပြည်တော် - ခုနစ်ဂိုး
မကွေး - ခြောက်ဂိုး

မိနစ် ၁၂၀ ပြည့်သည်အထိ သရေကျနေ၍ ပင်နယ်တီဖြင့်ဆုံးဖြတ်ခဲ့ရပြီး နေပြည်တော်အသင်းက ခုနစ်ဂိုး-ခြောက်ဂိုးဖြင့် အနိုင်ရခဲ့ခြင်းဖြစ်သည်။

ဆီမီးဖိုင်နယ် ပွဲစဉ်များအဖြစ် ရတနာပုံနှင့် ဧရာဝတီ၊ ချင်းယူနိုက်တက်နှင့် နေပြည်တော်တို့ ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်အကျဉ်း

၂၂-၇-၂၀၁၄ (အင်္ဂါနေ့)

၅း၀၀	ပဋ္ဌာန်းပါဠိတော်၊ မေတ္တာသုတ်
၅း၄၀	“သစ္စဒေသနာ ဓမ္မစကြာ” (အပိုင်း-၂) တရားတော် [ပါမောက္ခချုပ်ဆရာတော် ဒေါက်တာဘဒ္ဒန္တနန္ဒမာလာဘိဝံသ]
၁၁း၃၀	MRTV-4 Stage
၃း၅၅	Cartoon Series (Go Go Giggles)
၄း၃၀	Kid's Show
၄း၄၅	ရန်ကုန်မြင်ကွင်းကျယ်
၅း၁၀	Minute to Win It
၆း၀၀	MRTV-4 သတင်း
၆း၁၀	Health Fix
၁၀း၁၅	Minute to Win It
၁၀း၄၅	MRTV-4 Stage
၁၁း၁၀	World Of Knowledge (Chasing Earthquakes)
၄း၅၅	ပတ္တမြားမြေမှ ကြည်ညိုသပ္ပာယ်ဖွယ်ရာ တန်ခိုးကြီးစေတီများ

နိုင်ငံတော်၏ ကျောက်မီးသွေးအရင်းအမြစ်သုံး လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေး စီမံကိန်းများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြချက်

နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးအတွက် လျှပ်စစ်ဓာတ်အားလုံလောက်စွာရရှိရေးမှာ အခြေခံလိုအပ်ချက်တစ်ရပ်ဖြစ်ပါသည်။ နိုင်ငံတော်တွင် ဓာတ်အားလုံလောက်စွာရရှိရေးအတွက် တာဝန်ယူခဲ့ကြသော အစိုးရများသည်လည်း ကြိုးပမ်းဆောင်ရွက်ခဲ့ကြရာ ၁၉၉၀-၁၉၉၁ ခုနှစ်တွင် တပ်ဆင်စက်အင်အား ၈၀၇ မဂ္ဂါဝပ်ရှိခဲ့ရာမှ ၂၀၁၀-၂၀၁၁ ခုနှစ်တွင် တပ်ဆင်စက်အင်အား ၃၄၁၃ မဂ္ဂါဝပ်ထိတိုးတက်ဆောင်ရွက်နိုင်ခဲ့ပါသည်။

ယင်းသို့ဆောင်ရွက်ခဲ့သဖြင့် နှစ် ၂၀ အတွင်း တစ်နှစ်ပျမ်းမျှ ၁၃၀ မဂ္ဂါဝပ်ခန့် တိုးတက်ထုတ်လုပ်နိုင်ခဲ့ကြောင်း တွေ့ရှိရပါသည်။

၂၀၁၀-၂၀၁၁ နောက်ပိုင်း ထပ်မံတိုးချဲ့တည်ဆောက်မှုများ ဆောင်ရွက်ခဲ့သဖြင့် ၂၀၁၄ ခုနှစ် မေလအထိ တပ်ဆင်စက်အင်အား စုစုပေါင်း ၄၃၆၂ ဒသမ ၅ မဂ္ဂါဝပ်ထိတိုးတက်လာခဲ့ပြီဖြစ်ပါသည်။

ဤသို့ တိုးတက်အောင်ဆောင်ရွက်နေသော်လည်း နိုင်ငံတော်အတွင်း လူတစ်ဦးချင်းစီ၏ လျှပ်စစ်ဓာတ်အားသုံးစွဲနိုင်မှုမှာ တစ်နှစ်လျှင်ဓာတ်အား ယူနစ် ၁၀၄ သာရှိနေသည့်အတွက် အရှေ့တောင်အာရှနိုင်ငံများထဲတွင် သုံးစွဲနိုင်မှု အနိမ့်ဆုံးဖြစ်နေကြောင်း အောက်ပါအခြေပြပုံတွင် တွေ့ရှိနိုင်ပါသည်။



လျှပ်စစ်ဓာတ်အားသုံးစွဲမှု တိုးတက်လာစေရေး နှစ်စဉ်ဆောင်ရွက်နိုင်သမျှ တိုးချဲ့ဆောင်ရွက်သွားရန် လိုအပ်ပါသည်။ သို့ပါ၍ နှစ်စဉ်တပ်ဆင်စက်အင်အား ၈၀၀ မဂ္ဂါဝပ်မှ ၁၀၀၀ မဂ္ဂါဝပ်ခန့်ထိ တိုးတက်တည်ဆောက်သွားရန် လိုအပ်ပါသည်။ ၂၀၃၀-၂၀၃၁ ခုနှစ်တွင် အရန်ဓာတ်အားအပါအဝင် တပ်ဆင်စက်အင်အား ၂၃၅၉၄ မဂ္ဂါဝပ်ထိဖြစ်ပေါ်လာရေး ဂျပန်နိုင်ငံ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီ(JICA)နှင့်ပူးပေါင်း၍ Electricity Master Plan ရေးဆွဲဆောင်ရွက်လျက်ရှိပါသည်။

လျှပ်စစ်ဓာတ်အားရရှိရေး ကြိုးပမ်းဆောင်ရွက်ရာတွင်လည်း အချိန်တိုအတွင်း ပြီးစီးရေး၊ ဓာတ်အားခဈေးနှုန်းသင့်တင့်မျှတရေး၊ သဘာဝပတ်ဝန်းကျင်ထိခိုက်မှု အသက်သာဆုံးဖြစ်စေရေး၊ အရင်းအမြစ်လုံလောက်စွာရရှိရေး စသည့် အခြေခံအချက်များကိုပါ ထည့်သွင်းစဉ်းစားပါက ကျောက်မီးသွေးသုံး ဓာတ်အားပေးစက်ရုံများ တည်ဆောက်ရန် အသင့်တော်ဆုံးဖြစ်ပါကြောင်း တွေ့ရှိရပါသည်။

သို့ရာတွင် ကျောက်မီးသွေးသုံး ဓာတ်အားပေးစက်ရုံများ တည်ဆောက်မှုအပေါ် အမြင်အမျိုးမျိုးကွဲပြားနေသည့်ကိစ္စ ရှင်းလင်းမြင်သာစေရန် အကျိုးအပြစ်များအား နိုင်ငံတကာအဖွဲ့အစည်းအသီးသီးမှာ သုံးသပ်ထားသည့် အချက်အလက်များအပေါ် အခြေခံတင်ပြသွားမည်ဖြစ်ပါသည်။

ကျောက်မီးသွေးသုံး ဓာတ်အားပေးစက်ရုံများအား ကမ္ဘာအနှံ့တွင်တွင်ကျယ်စွာဆောင်ရွက်လျက်ရှိရာ အဓိကရည်ရွယ်ချက်များမှ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) နျူကလီးယားနှင့် ရေအားလျှပ်စစ်ပြီးလျှင် ဓာတ်အားခဈေးနှုန်း အသက်သာဆုံးဖြစ်ခြင်း။

(ခ) တည်ဆောက်မှုကာလ သုံးနှစ်မှ ငါးနှစ်အတွင်း မဂ္ဂါဝပ် ရာ/ထောင်ချီ၍ တည်ဆောက်ပြီးစီးနိုင်ခြင်း။

(ဂ) နေ့စဉ်လိုအပ်သည့် ဓာတ်အားအခြေခံ(Base Load)ကို ထိန်းထားနိုင်ခြင်း။

(ဃ) ကျောက်မီးသွေးကုန်ကြမ်းမှာ နောင်နှစ်ပေါင်းရာကျော်ထိ သုံးစွဲနိုင်သော ပမာဏ ကမ္ဘာ့နိုင်ငံအသီးသီးတွင် ကျန်ရှိနေသည့်အတွက် ကမ္ဘာ့ဈေးကွက်တွင် ပေါက်ဈေးအတိုင်း နှစ်ရှည်ဝယ်ယူသုံးစွဲနိုင်ခြင်း။

(င) ကမ္ဘာ့နေရာအနှံ့အပြားတွင် ရရှိနိုင်၍ လောင်စာအပေါ် နိုင်ငံရေးလက်နက်အဖြစ် သုံးစွဲခြိမ်းခြောက်မှုမရှိ၍ ဈေးနှုန်းတည်ငြိမ်မှုရှိခြင်း။

(စ) သဘာဝပတ်ဝန်းကျင်ထိခိုက်မှုကို အနည်းဆုံးဖြစ်စေရန် ဆောင်ရွက်ပေးနိုင်သည့် နည်းပညာများပေါ်ပေါက်နေပြီဖြစ်ခြင်း။

နမူနာအားဖြင့် ကမ္ဘာ့နိုင်ငံအချို့တွင် လျှပ်စစ်ဓာတ်အားပေးရေးအတွက် ကျောက်မီးသွေးစွမ်းအင်ကို အခြေခံထား သုံးစွဲလျက်ရှိကြောင်း အောက်ပါအတိုင်း အခြေပြပုံနှင့်တကွ တင်ပြအပ်ပါသည်။



၂၀၀၈ ခုနှစ်၌ အရင်းအမြစ်အလိုက် လျှပ်စစ်စွမ်းအင်ထုတ်လုပ်သုံးစွဲခဲ့မှုအခြေအနေ



အာဆီယံနိုင်ငံအချို့၏ အရင်းအမြစ်အလိုက် လျှပ်စစ်စွမ်းအင်ထုတ်လုပ်သုံးစွဲခဲ့မှုနှင့် ရည်မှန်းချက်



အာဆီယံနိုင်ငံအချို့၏ အရင်းအမြစ်အလိုက် လျှပ်စစ်စွမ်းအင်ထုတ်လုပ်သုံးစွဲခဲ့မှုနှင့် ရည်မှန်းချက်



အာဆီယံနိုင်ငံအချို့၏ အရင်းအမြစ်အလိုက် လျှပ်စစ်စွမ်းအင်ထုတ်လုပ်သုံးစွဲခဲ့မှုနှင့် ရည်မှန်းချက်

၂၀၀၈ ခုနှစ်၌ တစ်ကမ္ဘာလုံးတွင် လျှပ်စစ်ထုတ်လုပ်သုံးစွဲခဲ့မှု	ယူနစ်	ကျောက်မီးသွေး	လောင်စာဆီ	သဘာဝဓာတ်ငွေ့	ရေအား	နျူကလီးယား	အခြား	စုစုပေါင်း
	TWH	၈၂၆၃	၁၁၁၁	၄၃၀၁	၃၂၈၈	၂၇၃၁	၅၆၇	၂၀၂၆၁
	%	၄၀.၈	၅.၅	၂၁	၁၆.၂	၁၃.၄	၃.၁	၁၀၀

၂၀၀၈ ခုနှစ် တစ်ကမ္ဘာလုံးတွင် အရင်းအမြစ်အလိုက် လျှပ်စစ်စွမ်းအင်ထုတ်လုပ်သုံးစွဲခဲ့မှုအခြေအနေ

လာမည့် ၂၀၃၀ ခုနှစ်တွင် တစ်ကမ္ဘာလုံးကျောက်မီးသွေးအရင်းအမြစ်မှ ဓာတ်အားထုတ်လုပ်မှုသည် ၄၄ ရာခိုင်နှုန်းခန့်အထိ ဖြစ်ပေါ်လာမည်ဖြစ်ပါသည်။ ကျောက်မီးသွေးအရင်းအမြစ် လက်ကျန်မှာလည်း နှစ်ပေါင်း ၁၀၀ ခန့်ထိ လုံလောက်စွာထုတ်လုပ်သုံးစွဲနိုင်ကြောင်းလည်း ဂျပန်နိုင်ငံ J-Coal ၏ ၂၀၁၀ ခုနှစ် စစ်တမ်းအရ သိရှိရသည်။ အဓိကကျောက်မီးသွေးထုတ်လုပ်သည့် နိုင်ငံများအလိုက် လက်ကျန်ပမာဏမှာ အောက်ပါအတိုင်းဖြစ်ပါကြောင်း အခြေပြပုံဖြင့် တင်ပြအပ်ပါသည်။



ကမ္ဘာ့နိုင်ငံများ၏ ကျောက်မီးသွေးအရင်းအမြစ်လက်ကျန် အခြေပြပုံ (၂၀၁၀)

(ဆက်လက်ဖော်ပြပါမည်)

မိုးသက်လေပြင်းတိုက်ခတ်မှုကြောင့် ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၌ ဓာတ်ကြိုးများပြတ်ကျ

ရန်ကုန် ဇူလိုင် ၂၁

ဇူလိုင် ၂၀ ရက် ညက မိုးသက်လေပြင်းတိုက်ခတ်မှုကြောင့် ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် တိုးချဲ့ (၁)ရပ်ကွက်ရှိ ထိပ်တင်မှတ်လမ်းတွင် သွယ်တန်းထားသော လျှပ်စစ်ဓာတ်အားကြိုးများ ပြတ်ကျသွားကြောင်း သိရသည်။

“ညက လေပြင်းတိုက်တာ ဓာတ်ကြိုးတွေပြတ်ကျကုန်တယ်။ လမ်းသွားလမ်းလာနဲ့ ကလေးငယ်တွေအတွက် အန္တရာယ်ရှိနိုင်တာမို့ သက်ဆိုင်ရာက အမြန်ဆုံးပြုပြင်တပ်ဆင်ပေးစေချင်ပါတယ်” ဟု အဆိုပါလမ်းနေ အမျိုးသမီးတစ်ဦးကဆိုသည်။

ယခုအခါ မြို့နယ်အချို့တွင် လျှပ်စစ်ဓာတ်အားကြိုးများ ပြတ်ကျမှုကြောင့် လူသေဆုံးမှုများရှိနေသဖြင့် ယခုပြတ်ကျသွားသော လျှပ်စစ် ဓာတ်အားကြိုးကိုလည်း မြို့နယ် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့မှ အမြန်ဆုံးပြုပြင်တပ်ဆင်ပေးရန် ဒေသခံများက မျှော်လင့်နေကြသည်။

(မောင်သူည)

ဗုဒ္ဓဘာသာယဉ်ကျေးမှု သင်တန်းဆင်း

နေပြည်တော် ဇူလိုင် ၂၁

နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့နယ် အနော်ရထာရပ်ကွက်၌ ရန်ကုန်အောင်သီတာဆရာတော်၏ လမ်းညွှန်မှုနှင့်အတူ တပည့်ဖြစ်သူ အောင်သီတာပျိုးဥယျာဉ်ကျောင်းတိုက်ဆရာတော် ဦးဝါယာမသီဟမှ ဦးစီးဖွင့်လှစ်သော ဗုဒ္ဓဘာသာယဉ်ကျေးမှုနှင့် အင်္ဂလိပ်ဘာသာစကား၊ ဂျပန်ဘာသာစကားပြော အခမဲ့သင်တန်းဆင်းပွဲကို အဆိုပါ ကျောင်းတိုက်၌ ဇူလိုင် ၂၀ ရက် မွန်းတည့် ၁ နာရီက ကျင်းပသည်။

သင်တန်းတွင် မြို့နယ်ပေါင်းစုံ သင်တန်းသား သင်တန်းသူ ၄၀၀ တက်ရောက်သင်ကြားပြီး ဘာသာရပ်အလိုက် ရေးဖြေအောင်မြင်သူများထဲမှ ထူးချွန်စွာ အောင်မြင်ကြသော သင်တန်းသား သင်တန်းသူများအား ဂုဏ်ပြုဆုငွေနှင့် သင်တန်းဆင်းအောင်လက်မှတ်များကို ဆရာတော် ဦးဝါယာမသီဟနှင့် သင်တန်းပြဆရာတော်များက ချီးမြှင့်ကြောင်း သိရသည်။

(ဝ၉၂)

စဉ်ဆက်မပြတ် ဓာတ်အားရရှိရေး ထရန်စဖော်မာတိုးချဲ့တည်ဆောက်

သဃ်န်းကျွန်း ဇူလိုင် ၂၁

ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့ အရှေ့ပိုင်းခရိုင် သဃ်န်းကျွန်းမြို့နယ် အုပ်ချုပ်ရေးမှူးရုံးမှ မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်လျှပ်စစ်အင်ဂျင်နီယာနှင့် လိုင်းဝန်ထမ်းများသည် ပြည်သူများ လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး၊ စဉ်ဆက်မပြတ်ဓာတ်အားရရှိနိုင်စေရေးနှင့် လျှပ်စစ်ဗို့အား ပြည့်ဝစွာသုံးစွဲနိုင်ရေးတို့အတွက် သဃ်န်းကျွန်းမြို့နယ် (၁၆/၂)ရပ်ကွက် သုဒဿန(၁)လမ်းတွင် ၃၁နမှ ၂၀၀ ကေဗွီအေ ထရန်စဖော်မာ တစ်လုံးကျခံပြီး ရပ်မိရပ်ဖနှင့် ရပ်ကွက်ပြည်သူများမှ ၁၀ မီတာနှင့် ကိုးမီတာ ကွန်ကရစ်တိုင် ခြောက်တိုင်၊ ၆ ဒသမ ၆ ကေဗွီ Insulated Spacer Aerial Cable ကြိုး နှစ်ခန်း၊ ၄၀၀ ဗို့ကြေးကြိုး ၁၀ ခန်းနှင့် ဆက်စပ်ပစ္စည်းများ ကျခံ၍ ပြည်သူပါဝင်သော System Involvement လုပ်ငန်းအဖြစ် ထရန်စဖော်မာနှင့် လိုင်းတည်ဆောက်၍ ဇူလိုင် ၁၆ ရက်က ဓာတ်အားလွှတ်နိုင်ခဲ့သည်။

၎င်းရပ်ကွက်သည် ယခင်က တောင်ဥက္ကလာပမြို့နယ်ရှိ ထရန်စဖော်မာမှ ဓာတ်အားရယူသုံးစွဲရသဖြင့် ဗို့အားကျဆင်းကြောင်း၊ ယခုကဲ့သို့ ထရန်စဖော်မာတိုးချဲ့တည်ဆောက်တပ်ဆင်ပေးခဲ့သဖြင့် လျှပ်စစ်ဗို့အားပြည့်ဝစွာရရှိသုံးစွဲရ၍ ရပ်ကွက်ပြည်သူများမှ ဝမ်းသာလျက်ရှိကြောင်း သိရသည်။

သဃ်န်းကျွန်းမြို့နယ် အုပ်ချုပ်ရေးမှူးရုံးအနေဖြင့် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် ပြည်သူများ စဉ်ဆက်မပြတ် ဓာတ်အားရရှိရေးနှင့် ဗို့အားပြည့်ဝစွာ သုံးစွဲရရှိရေးတို့အတွက် ၂၀၀ ကေဗွီအေ ထရန်စဖော်မာ ၃၂ လုံး တိုးချဲ့တည်ဆောက်ပေးမည်ဖြစ်ကြောင်း သိရသည်။

(မင်းယဉ်စု)

တရုတ်-မြန်မာ ဗုဒ္ဓသာသနာပြုအဖွဲ့ သီလရှင်ဝတ်စုံများထောက်ပံ့လှူဒါန်း

ရန်ကုန် ဇူလိုင် ၂၁

တရုတ်-မြန်မာ ဗုဒ္ဓသာသနာပြုအဖွဲ့က ကြီးမှူးပြုလုပ်သည့် (၃၅)ကြိမ်မြောက် သီလရှင်ဝတ်စုံထောက်ပံ့လှူဒါန်းမှုကို ဇူလိုင် ၂၀ ရက် နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ရှိ Western Park Royal ၌ ကျင်းပသည်။

သီလရှင်ဝတ်စုံထောက်ပံ့လှူဒါန်းပွဲတွင် တရုတ်-မြန်မာ ဗုဒ္ဓသာသနာပြုအဖွဲ့က သီလရှင်ဆရာကြီးများထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး တရုတ်-မြန်မာဗုဒ္ဓသာသနာပြုအဖွဲ့ ဥက္ကဋ္ဌ ဒေါက်တာ ဒေါ်ခင်ခင်ရီနှင့် ဒေါ်ခင်မြင့်တို့က သီလရှင်ဝတ်စုံထောက်ပံ့လှူဒါန်းရခြင်းအကြောင်းကို ရှင်းလင်းလျှောက်ထားပြီး တရုတ်-မြန်မာဗုဒ္ဓသာသနာပြုအဖွဲ့နှင့် အလှူရှင်များက သီလရှင်ဝတ်စုံ ၁၄၀ ကို သီလရှင်ဆရာကြီးများထံ ကိုယ်တိုင်ကိုယ်ကျ ပေးအပ်လှူဒါန်းကြပြီး သီလရှင်ဆရာကြီးများအား နေ့ဆွမ်းဆက်ကပ်ကြသည်။

ခင်မောင်ဝင်း(ကြေးမုံ)

အခြေခံပညာကျောင်းများသို့ စာအုပ်များလှူဒါန်း

နေပြည်တော် ဇူလိုင် ၂၁

လယ်ဝေးမြို့နယ် သစ်ကြိမ်းကျေးရွာအုပ်စုအတွင်းရှိ ကိုယ်ထူကိုယ်ထအခြေခံပညာစာသင်ကျောင်းများသို့ ကျောင်းသုံးဗလာစာအုပ်နှင့် ပုံနှိပ်စာအုပ်များ ပေးအပ်လှူဒါန်းခြင်းကို ဇူလိုင် ၁၉ ရက် နံနက် ၁၀ နာရီက အောင်ချမ်းသာမူလတန်းကျောင်း၌ ကျင်းပခဲ့သည်။

ထို့နောက် မွန်းလွဲပိုင်းတွင် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်နှင့် မာဃလုလင်ပညာရေးဖောင်ဒေးရှင်းတို့ ပူးပေါင်း၍ အခြေခံပညာကိုယ်ထူကိုယ်ထ မူလတန်းကျောင်းများဖြစ်သည့် အောင်ချမ်းသာ-ရွာသစ်အခြေခံပညာမူလတန်းကျောင်း၊ ရွှေမြင့်မိုရ်မူလတန်းကျောင်း၊ ကုန်းသာမူလတန်းကျောင်းများသို့ ကျောင်းသုံးစာအုပ်များ ပေးအပ်လှူဒါန်းခဲ့ပြီး ဆရာ ဆရာမများအတွက် ကျောင်းဝတ်စုံများ ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

မင်းမင်းလတ်(မန်းတက္ကသိုလ်)

နေပြည်တော် အထွေထွေရောဂါကုဆေးရုံကြီး ခုတင် ၁၀၀၀ တွင် ဇူလိုင် ၁၈ ရက်နှင့် ၁၉ ရက်တို့၌ ထူးကုမ္ပဏီများအုပ်စု ဝန်ထမ်းမိသားစုများ သွေးလှူဒါန်းကြစဉ်။

သန်းနိုင်(ဇမ္ဗူသီရိ)

ကျန်းမာရေးကဏ္ဍ တတိယအဆင့် အရှိန်အဟုန်မြှင့်တင်မှု ဆွေးနွေး

နေပြည်တော် ဇူလိုင် ၂၁

ကျန်းမာရေးကဏ္ဍ တတိယအဆင့် အရှိန်အဟုန်မြှင့်တင်မှု(Third Wave) လုပ်ငန်းစဉ် (၄)၊ (၅) လုပ်ငန်းညှိနှိုင်းအသိပေးရှင်းလင်းဆွေးနွေးပွဲကို ဇူလိုင် ၁၈ ရက် နံနက် ၁၀ နာရီက နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့ ဆေးရုံဟောင်းအစည်းအဝေးခန်းမ၌ကျင်းပရာ နေပြည်တော် ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာလှလှကြည်က ကျန်းမာရေးဦးစီးဌာနရှိ ဝန်ထမ်းအားလုံးသည် လုပ်ငန်းများ ဆောင်ရွက်ရာတွင် ပေါင်းစပ်ညှိနှိုင်းခြင်းနှင့် တာဝန်သိမှု၊ တာဝန်ယူမှုတို့ကို ခံယူတည်ဆောက်ကြရမည်ဖြစ်ကြောင်း၊ အရည်အသွေးများကို ပိုမိုတိုးတက်လာစေရန်အတွက် ကိုယ်ပိုင်စိတ်နေစိတ်ထားများ၊ လုပ်နည်းလုပ်ဟန်များ ပြုပြင်ပြောင်းလဲခြင်းတို့ကို အလေးထား ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း ရှင်းလင်းဆွေးနွေးသည်။

(၀၉၂)

လူမှုဖူလုံရေးဥပဒေသစ်အရ အာမခံလုပ်သားများ ငွေကြေးအကျိုးခံစားခွင့်ရရှိ

နိုင်ငံတော်၏ ကုန်ထုတ်လုပ်မှုအပိုင်းတွင် အဓိကအခန်းမှပါဝင်ဆောင်ရွက်နေသည့် အလုပ်သမားများ၏ကျန်းမာရေးကို အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာနမှ ၂၀၁၂ ခုနှစ် ဩဂုတ် ၃၁ ရက်တွင် အတည်ပြုပြဌာန်းခဲ့ပြီး ၂၀၁၄ ခုနှစ် ဧပြီ ၁ ရက်တွင် စတင်ကျင့်သုံးအကောင်အထည်ဖော်ခဲ့သည့် လူမှုဖူလုံရေး ဥပဒေသစ်အရ ကျန်းမာရေးစောင့်ရှောက်မှု၊ ဆေးဝါးကုသမှုတို့အပြင် အခြားလူမှုဖူလုံရေးအကျိုးခံစားမှုများကိုပါ အပြည့်အဝဝန်ဆောင်မှုပေးလျက်ရှိသည်။

အလုပ်ခွင်ထိခိုက်ဒဏ်ရာရရှိမှုကြောင့် သေဆုံးသူ၏ ကျန်ရစ်သူမိသားစုအား ငွေကြေးအကျိုးခံစားခွင့်နှင့် ဆေးဖိုးကုန်ကျငွေ ရရှိခံစားမည့် အာမခံအလုပ်သမားများအား ကျပ်ငွေတစ်သိန်းနှင့်အထက် ဆေးဖိုးကုန်ကျငွေ ထောက်ပံ့ပေးအပ်ပွဲကို ဇူလိုင် ၁၈ ရက်က ရန်ကုန်မြို့ရှိ အလုပ်သမားဆေးရုံကြီးတွင်ပြုလုပ်ခဲ့သည်။ အဆိုပါပွဲတွင် တက်ရောက်လာသူများ၏ စကားသံများကို စုစည်းဖော်ပြလိုက်ပါသည်။

ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်(အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန)

"ဒီနေ့ပေးအပ်တာက လုပ်ငန်းခွင်မှာ ကွယ်လွန်သွားသူရဲ့မိသားစုကို ထောက်ပံ့ငွေ ပေးတာပါ၊ နောက်ပြီး လူမှုဖူလုံရေးဆေးရုံကြီးတွေ၊ ဆေးခန်းတွေမှာ မပေးနိုင်တဲ့ဆေးတွေကို တခြားပြင်ပက ဝယ်ယူရတာတွေ၊ ဆေးရုံကြီးမှာ သွားရောက်ဆေးဝါးကုသရတဲ့အတွက် ကုန်ကျတဲ့ ဆေးဖိုးငွေကို ပြန်ပေးတာပါ။ လူမှုဖူလုံရေးဥပဒေအသစ်က ဘာကောင်းလဲဆိုတော့ အလုပ်သမားတွေအတွက် ခံစားခွင့်တွေအများကြီးပြောင်းလဲလာတာပေ့ါ။ ပိုပြီးခံစားခွင့်တွေ ရလာတယ်ပေ့ါ။ အခုဆိုရင် လုပ်ငန်းခွင်မှာ ထိခိုက်မှုတွေအတွက် ထောက်ပံ့မှုတွေပေးတယ်။ အလုပ်သမားဆေးရုံကြီးတွေ၊ လူမှုဖူလုံရေးဆေးပေးခန်းတွေမှာ အခမဲ့ဆေးဝါးကုသမှုတွေရှိတယ်။

အလုပ်သမားဆေးရုံကြီးတွေကို ဆေးရုံအင်္ဂါရပ်နဲ့ညီအောင် ရုပ်ပိုင်းဆိုင်ရာပြင်နေတယ်။ တစ်ဖက်ကလည်း ဆေးဝါးကုသမယ့် စက်ကိရိယာပစ္စည်းတွေကိုလည်း မှာထားပြီးပြီ၊ ဆရာဝန်တွေ၊ ဆရာမတွေကိုလည်းပြည့်စုံအောင်လုပ်မယ်။ ဆေးရုံကြီးတွေ အဆင့်မြှင့်တင်တဲ့အခါမှာ ပြည်ပမှ လုပ်နိုင်ကိုင်နိုင်တဲ့ ကျွမ်းကျင်ပြီး အတွေ့အကြုံရှိတဲ့ အဖွဲ့တွေနဲ့ပူးပေါင်းပြီး ဆေးရုံကြီးတွေကို အဆင့်မြှင့်တင်သွားမယ်၊ လူမှုဖူလုံရေးဆေးခန်းတွေကိုလည်း အမြင့်တင့်တယ်အောင်၊ လူမှုဖူလုံရေးဆေးခန်းအင်္ဂါရပ်နဲ့ညီအောင် အဆောက်အအုံပိုင်းဆိုင်ရာ မွမ်းမံပြင်ဆင်မှုရှိသလို ဆရာဝန်၊ ဆရာမ ဆေးဝါးစုံစုံညီညီနဲ့ လုပ်ဖို့ရှိပါတယ်။ အကြောင်းအမျိုးမျိုးကြောင့် လူနာနဲ့လိုက်တဲ့ဆေးမပေးနိုင်ရင်တောင် အပြင်က ဝယ်ယူရတဲ့ဆေးဖိုးကုန်ကျသလောက် ပြန်ပေးတဲ့အတွက် ဒီစနစ်က နိုင်ငံတကာနဲ့အညီလုပ်ထားတဲ့အတွက် အားလုံးလုပ်သားထုတစ်ရပ်လုံးသိအောင် တက်ရောက်လာသူတွေက ဖြန့်ဖြူးပေးပါ၊ လူမှုဖူလုံရေးစနစ် တိုးတက်အောင်မြင်အောင် ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြပါ၊ ကျွန်တော်တို့ဘက်ကလည်း ပိုပြီးကောင်းအောင်ကြိုးစားသွားပါမယ်။"

အလယ်တန်းပြဆရာမ ဒေါ်သန်းစိန်

ဆေးရုံအုပ်ကြီး ဒေါက်တာထွန်းထွန်း

ဒေါက်တာထွန်းထွန်း(ဆေးရုံအုပ်ကြီး၊ ရန်ကုန်အလုပ်သမားဆေးရုံ)

"အလုပ်သမားတွေရဲ့ ယုံကြည်အားကိုးမှုရှိလာစေဖို့အတွက် ဆေးရုံရဲ့ ရုပ်ပိုင်းဆိုင်ရာ၊ အတတ်ပညာပိုင်းဆိုင်ရာ ဖြည့်ဆည်းဆောင်ရွက်နေပါတယ်၊ ဆေးကိုလည်း လိုတာနဲ့ ချက်ချင်းရအောင်၊ ဝယ်စရာမလိုအောင် ဆောင်ရွက်နေပါတယ်၊ ဒီနေ့ပေးအပ်ပွဲက အပြင်က ဝယ်လို့ ကုန်ကျစရိတ်ကို ပြန်ထုတ်ပေးတာပါ၊ နောက်ဆို အပြင်က ဝယ်စရာမလိုတော့ဘူး၊ အကုန်လုံးဖြည့်ဆည်းနိုင်အောင် ကြိုးစားနေပါတယ်၊ အလုပ်သမားဝန်ကြီးဌာနကလည်း ဆရာဝန်တွေခေါ်မယ်၊ ခေါ်ပြီး နိုင်ငံခြားပို့မယ်၊ အလုပ်သမားလူမှုဖူလုံရေးနဲ့ပတ်သက်တဲ့ ပညာရပ်တွေ သင်ပေးမယ်၊ ဒီမှာ တာဝန်ပြန်ပေးမယ်၊ ဒါက လုပ်ငန်းပိုင်းပေ့ါ၊ ကင်ဆာဆေးတွေက ဒီမှာတင်မထားနိုင်ဘူး။ ဈေးလည်းကြီးတယ်၊ ကင်ဆာဆေးသုံးမယ်ဆိုရင် အပြင်က ဝယ်ရတယ်၊ အခုနောက်ပိုင်း အဲဒီလိုမဟုတ်တော့ဘူး။ လိုတာနဲ့ ချက်ချင်းယူနိုင်အောင် စီစဉ်ထားတယ်၊ ကုမ္ပဏီအားလုံးနဲ့လည်း ချိတ်ဆက်ထားတယ်။"

ဦးတင်ကိုကို (ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ အင်ဂျင်နီယာ၊ လမ်းတံတားဌာန၊ ဌာနစုမှူး)

"ကျွန်တော် လွန်ခဲ့တဲ့ လေးနှစ်လောက်က ကျောက်ကပ်ရောဂါဝေဒနာခံစားခဲ့ရတဲ့အတွက် ဆေးရုံကြီးမှာ ခွဲစိတ်ကုသမှုခံယူပြီးတော့ ဗဟိုစည်ဆေးရုံမှာ ကျောက်ကပ်ဆေးလာတာ လေးနှစ်ရှိပါပြီ၊ အခုစနစ်သစ်အရ ကျွန်တော်တို့ ကျောက်ကပ်ဝေဒနာသည်တွေကို ပံ့ပိုးတယ်ဆိုတော့ ကျွန်တော် ကျောက်ကပ်ဆေးနေရတဲ့ ဆေးဖိုးတွေ လူမှုဖူလုံရေးကို ပြန်တင်တောင်းခဲ့တာပါ။ တောင်းခဲ့တဲ့အခါမှာလည်း အရင်တစ်ခေါက်က တစ်လချင်းဆီ ပြန်ရခဲ့ပါတယ်။ ဒီလတော့ လေးသိန်းကျော်ကုန်ကျတာကို သုံးသိန်းကျော်ပြန်ရပါတယ်၊ အခုဆိုရင် ကျွန်တော်တို့ အလုပ်သမားထုတစ်ရပ်လုံး လူမှုဖူလုံရေးအဖွဲ့ဝင် အာမခံအလုပ်သမားတွေအားလုံးအတွက် အားရှိစရာသတင်းကောင်းဖြစ်ပါတယ်။ ဆေးဝါးကုသမှုစရိတ်အတွက် နိုင်ငံတော်နဲ့ လူမှုဖူလုံရေးအဖွဲ့ကြီးကနေ ပံ့ပိုးပေးတဲ့အတွက် ကျွန်တော့်အနေနဲ့ အရမ်းပဲ ဝမ်းသာကျေးဇူးတင်ကြောင်းပြောချင်ပါတယ်။"

ဒေါ်သန်းစိန်(အလယ်တန်းပြဆရာမ၊ အမှတ်(၇) အခြေခံပညာအလယ်တန်းကျောင်း၊ တောင်ဥက္ကလာပမြို့နယ်)

"ကျွန်မအမျိုးသားက ပြည်တွင်းကုန်တင်ကုန်ချ လက်ထောက်ညွှန်ကြားရေးမှူးပါ၊ သူက ကျောက်ကပ်ဝေဒနာဖြစ်နေတဲ့အတွက် ကျောက်ကပ်သန့်စင်ရတယ်၊ ဆေးရတယ်၊ သူ့အတွက် ကျောက်ကပ်ဆေးတဲ့ ကုန်ကျငွေ ထုတ်ပေးတဲ့အတွက် ကိုယ်စားလာတက်တာပါ၊ ကျောက်ကပ်ဆေးတာ ၅၄ ကြိမ်ရှိပြီဆိုတော့ ကျောက်ကပ်က စံပြဆေးရုံမှာဆေးတာပါ၊ အဲဒီက ဆေးဖိုးကုန်ကျငွေဘောက်ချာနဲ့ပြန်တင်ရပါတယ်။ နိုင်ငံတော်က လူမှုဖူလုံရေးအကျိုးခံစားခွင့်တွေ လုပ်ပေးတာ ကျွန်မတို့အလုပ်သမားတွေအတွက် အများကြီးအထောက်အပံ့ဖြစ်စေပါတယ်။ ဆရာဝန်တွေရဲ့ ဆေးကုသမှု အခမဲ့ကူညီမှုရတဲ့အတွက် လူမှုဖူလုံရေးကို ဝင်ကြပါ၊ အာမခံထည့်ဝင်ကြေးတွေ ထည့်ဝင်ကြပါလို့ ပြောချင်ပါတယ်။"

အဆိုပါအခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီး လူမှုဖူလုံရေးရုံးခွဲ(၈)၏ ၂၀၁၂ ခုနှစ် လူမှုဖူလုံရေးဥပဒေသစ်အရ အလုပ်တွင်ထိခိုက်မှုကြောင့် ကျန်ရစ်သူအကျိုးခံစားခွင့် အဆ ၃၀ နှင့် နာရေးစရိတ်ထုတ်ပေးခြင်းအတွက် အလုံပင်မဓာတ်အားခွဲရုံမှ အာမခံအမှတ် ၁၃၀၁၇. ၃၉. ၁. ၅၃၁၃ အာမခံအလုပ်သမား ဦးမိုးဇော်လှိုင်အား ဇွန် ၁၃ ရက်က အလုပ်တွင် ထိခိုက်မှုဖြစ်ပွားခဲ့သည့်အတွက် ကျန်ရစ်သူ အကျိုးခံစားခွင့်နှင့် နာရေးစရိတ်အပါအဝင် စုစုပေါင်း ငွေကျပ် ၅၁၀၂၀၄၀ ကို ကျန်ရစ်သူမိသားစုထံပေးအပ်ခဲ့ပြီး နိုင်ငံ့ဝန်ထမ်းများအပါအဝင် ပုဂ္ဂလိကစက်ရုံ၊ အလုပ်ရုံများမှ လူမှုဖူလုံရေးအာမခံလုပ်သား ၁၉ ဦးအတွက် ဆေးကုသစရိတ်ကုန်ကျငွေကျပ် သိန်းလေးဆယ်ကျော် စုစုပေါင်း ၉၆ သိန်းကျော် ပေးအပ်ခဲ့သည်။ ။

အမေး/အရေး – သီသီမင်း၊ ဓာတ်ပုံ –လင်းသစ်

အလင်္ကာကျော်စွာ ဒါရိုက်တာ အောဝမ်းဦးတင်မောင်

တင့်လွင်ဦး
(စီးပွားရေးတက္ကသိုလ်)

ဦးတင်မောင်သည် အနုပညာသမားဖြစ်သော်လည်း ပျော့လျှင်ဖယောင်း၊ မာလျှင်သံချောင်း ဆိုသကဲ့သို့ မျိုးချစ်စိတ်အပြည့်ရှိသည့်အတွက် ၁၉၄၂ ခုနှစ်တွင် သူချစ်သော အနုပညာလောကကိုစွန့်ကာ တိုင်းပြည်အတွက် မြန်မာ့လွတ်လပ်ရေး တပ်မတော်(ဘီအိုင်အေ)သို့ ဝင်ရောက်စစ်မှုထမ်းခဲ့သည်။

၁၉၂၀ ခုနှစ်မှ စတင်ပေါ်ပေါက်ခဲ့သော မြန်မာ့ရုပ်ရှင်သည် ယခုအခါ ရာပြည့်ခရီးသို့ ဦးတည်ချီတက်လျက်ရှိသည်။ တာထွက်ကတည်းက ရုပ်ရှင်အနုပညာလက်ရာမြောက်သူ၊ ကျွမ်းကျင်သူ၊ ထူးချွန်သူနှင့် ထက်မြက်သူများ ပေါ်ပေါက်ခဲ့ကြသည်မှာ ရေတွက်မကုန်၊ ယခုလည်း ပေါ်ပေါက်နေဆဲ၊ နောင်ကိုလည်း ဆက်လက်ပေါ်ပေါက်နေမည်မှာ မလွဲ၊ အဘယ်ကြောင့်ဆိုသော် မြန်မာတို့သည် အကင်းပါးပြီး မြင်လွယ်တတ်လွယ်သူများဖြစ်ကြသည်။ ထိုသို့အစွမ်းအစရှိသူများကြောင့် မြန်မာ့ရုပ်ရှင်သည် ရှင်သန်ခိုင်မြဲလျက်ရှိသည်။

မြန်မာ့ရုပ်ရှင်သမိုင်းအကြောင်း ပြန်ပြောင်းပြောကြလျှင် မြန်မာအဆွေဖလင်(ခ)အောဝမ်းဖလင်အကြောင်းမပါလျှင် မပြီး။ မျိုးချစ်စိတ်ထက်သန်သော၊ မြန်မာ့ရုပ်ရှင်ကို ချစ်မြတ်နိုးသော ပြည်မြို့သား ဦးဘညွန့်၏ စွမ်းဆောင်မှုဖြင့် မြန်မာအဆွေ(ခ)အောဝမ်းဖလင်ပေါ်ပေါက်ခဲ့ရသည်။ ၁၉၂၆ ခုနှစ် မြန်မာအဆွေဖလင်အမည်ဖြင့် စတင်သည်မှ လက်ဆင့်ကမ်း မျိုးဆက်များဖြစ်ကြသော ဒါရိုက်တာ အောဝမ်းသိန်းထွဋ်၊ ဒါရိုက်တာအောဝမ်းသန်းထွဋ် အမှာညီအစ်ကို၊ ကိုမြင့်၊ စိုင်းဝဏ္ဏစသည့် သမန်းကျား ရုပ်ရှင်အနုပညာအုပ်စုအထိ ဇာတ်ကားများ စဉ်ဆက်မပြတ် ရိုက်ကူးထုတ်လုပ်ခဲ့သည်။

မြန်မာအဆွေဖလင်မှ ဇာတ်အိမ်၊ ဇာတ်လမ်း လေးနက်ခိုင်မာသည့်၊ အနှစ်သာရပြည့်ဝသည့်၊ ပရိသတ်ရင်ထဲထိအောင် အရောက်ပို့နိုင်သည့် မြန်မာ့ရုပ်ရှင်ကို များစွာအထောက်အကူပြုသည့် ဇာတ်ကားများထုတ်လုပ်ခဲ့သလို ထူးချွန်သည့် သရုပ်ဆောင်ကောင်းများ၊ ဒါရိုက်တာကောင်းများနှင့် အကယ်ဒမီရှင်ပေါင်းများစွာကိုလည်း မွေးထုတ်ပေးနိုင်ခဲ့သည်။ ထို့အပြင် နိုင်ငံတော်အတွက် အလွန်အရေးပါအရာရောက်သည့် သမိုင်းမှတ်တမ်းများကိုလည်း ရိုက်ကူးပေးခဲ့ပြန်သည်။

သာဓကအဖြစ် ရဲဘော်သုံးကျိပ်ဝင် ဗိုလ်ရန်နိုင်တပ်ဖွဲ့ ရန်ကုန်မြို့တော်သို့ရောက်ရှိစဉ် အောဝမ်းဖလင်မှ ဒါရိုက်တာ သရုပ်ဆောင်ဦးတင်မောင်နှင့် ဓာတ်ပုံဆရာ ဦးလှမောင်ကြီး(သာဂေါင်ကြီး)တို့သည် ကင်မရာဖလင်အပြည့်အစုံနှင့် တပ်ဖွဲ့ဆက်လက်ချီတက်ရာ အထက်မြန်မာပြည်သို့ လိုက်ပါသွားကြသည်။ လမ်းတစ်လျှောက်တွင် တရားဥပဒေစိုးမိုးရေးနှင့် ငြိမ်ဝပ်ပိပြားရေးအတွက် လူဆိုး၊ ဓားပြ၊ တောကြောင်များကို ဖမ်းဆီးနှိပ်ကွပ်ခြင်း၊ ရပ်ရွာအေးချမ်းရေးအတွက် ပြည်သူ့အကျိုးပြုလုပ်ငန်းများဆောင်ရွက်ခြင်းတို့ကို ရုပ်ရှင်ဖြင့် မှတ်တမ်းတင်ခဲ့ကြသည်။ ရွှေတောင်တစ်ဝိုက် အင်္ဂလိပ်ယန္တရားတပ်နှင့် တပ်မတော်တို့ တိုက်ပွဲဖြစ်ပွားစဉ်က ဗမာ့တပ်မတော်၏လက်ချက်ဖြင့် ပျက်စီးကျန်ခဲ့သော သံချပ်ကာယာဉ်များ၊ တင့်ကားများ၊ အင်္ဂလိပ်တို့ အထိနာခဲ့ရပုံများကိုလည်း သက်စွန့်ဆံဖျား ရိုက်ကူးမှတ်တမ်းတင်ခဲ့သည်။

ဘမျိုးဘိုးတူဟုဆိုလေမလား။ မြန်မာအဆွေလက်ထွက် ထူးချွန်အနုပညာရှင်များစာရင်းတွင် ဒါရိုက်တာ အောဝမ်းဦးတင်မောင်သည် ရှေ့ဆုံးက၊ ယနေ့ မျိုးဆက်သစ်လူငယ်များ သူ့ခေတ်သူ့အခါ မမီလိုက်ကြသော်လည်း မြန်မာ့ရုပ်မြင်သံကြား၏ကျေးဇူးဖြင့် ဦးတင်မောင်ပါဝင်ရိုက်ကူးသည့် ရုပ်ရှင်ကားများကို ရံဖန်ရံခါ ကြည့်ရှုခွင့်ရကြသည်။ မမီလိုက်ကြသော်လည်း ရုပ်ရှင်ချစ်သူများ စိတ်ဝင်စားသည့် အချက်အလက်များကို တင်ပြချင်သည်။

ဖခင်ဖြစ်သူက အင်္ဂလိပ်စီးပွားရေးကုန်သည်ကြီးများကို အံတုယှဉ်ပြိုင်ပြီး မြန်မာအဆွေကုမ္ပဏီကုန်တိုက်ကြီးကို အောင်မြင်စွာ ဖွင့်လှစ်နိုင်ခဲ့သည့် သူဌေးကြီးတစ်ဦးအဖြစ်လည်းကောင်း၊ မြန်မာအဆွေ(ခ)အောဝမ်းဖလင်ကို တည်ထောင်ခဲ့သည့် မြန်မာအဆွေဖလင်၏ ဖခင်ကြီးအဖြစ်လည်းကောင်း ထင်ပေါ်ကျော်ကြားခဲ့သည့် ဦးဘညွန့်၊ မိခင်ဖြစ်သူ ဒေါ်ငြိမ်းရှင်တို့မှ ဦးတင်မောင်ကို မွေးဖွားခဲ့သည်။ မြန်မာအဆွေဖလင်မှ ဒါရိုက်တာ ဦးတင်နွယ်၊ မြန်မာနိုင်ငံ၏ ပထမဦးဆုံး ရုပ်ရှင်မင်းသားဖြစ်သူ ဒါရိုက်တာ ဦးညီပုနှင့် ဒါရိုက်တာ မောင်မောင်စိုးတို့၏ ညီအငယ်ဆုံး၊ ရန်ကုန်တက္ကသိုလ်တွင် အိုင်အေအထိ ပညာသင်ကြားခဲ့ပြီး ပြင်းထန်သောဆန္ဒကို ထိန်းချုပ်မရသည့်အတွက် တက္ကသိုလ်ပညာကိုစွန့်လွှတ်ပြီး ရုပ်ရှင်လောကထဲ ခြေစုံပစ်ဝင်ခဲ့သည်။ ငယ်စဉ်ကတည်းက အဆို၊ အကနှင့် ရုပ်ရှင်ဝါသနာပြင်းထန်ပြီး ကျောင်းနှင့်အရပ်ကပွဲများတွင် ရှေ့ဆုံးက၊ ဘားမစ်ဖေးဖရိတ်ကုမ္ပဏီမှထုတ်လုပ်သည့် "အောဝမ်းရိုကော့" အောဝမ်းဓာတ်ပြားများတွင် အဆိုတော်အဖြစ် သီချင်း ၂၈ ပုဒ်ခန့် သီဆိုခဲ့သည်။

အစ်ကိုကြီးများမှာ ရုပ်ရှင်ဒါရိုက်တာကြီးများဖြစ်ကြသည့်အတွက် အချို့သောဇာတ်ကားများတွင် မထင်မရှားအခန်းများမှ ပါဝင်ခဲ့ပြီး ရုပ်ရှင်ရိုက်ကူးခြင်းအတတ်ပညာကို ကျောင်းသားဘဝမှာပင် အောက်ခြေသိမ်းလေ့လာဆည်းပူးခဲ့သည်။ အတွေ့အကြုံများပေါ် အခြေတည်၍ ၁၉၃၄ ခုနှစ် တက္ကသိုလ်ကျောင်းသားဘဝမှာပင် ဒါရိုက်တာအဖြစ် "မြဂနိုင်"ဇာတ်ကားကို ရိုက်ကူးခဲ့သည်။ ထိုတစ်ကားတည်းဖြင့် လျှမ်းလျှမ်းတောက်အောင်မြင်မှုရခဲ့သည်။ တက္ကသိုလ်မှထွက်၍ ဖခင်၏"ဘားမားဖေးဖရိတ်"ကုမ္ပဏီတွင် ဓာတ်ပြားသွင်းလုပ်ငန်းများ လုပ်ကိုင်ခဲ့သည်။ ဒုတိယမြောက်လက်ရာ ဒါရိုက်တာအဖြစ် "နီလာရောင်" ဇာတ်ကားကို ထပ်မံရိုက်ကူးခဲ့ရာ အောင်မြင်မှုများ ရရှိပြန်သည်။ ၁၉၃၈ ခုနှစ်တွင် "အောင်သပြေ"အသံဇာတ်ကားကို အစ်ကိုကြီးဖြစ်သူ ဒါရိုက်တာ ဦးတင်နွယ်နှင့် တွဲဖက်၍ တွဲဖက်ဒါရိုက်တာအဖြစ် ဆက်လက်ရိုက်ကူးခဲ့သည်။ "အောင်သပြေ"ဇာတ်ကားတွင် သီပေါမင်းကို အင်္ဂလိပ်တို့ဖမ်းဆီးခေါ်ဆောင်သွားသည့် အခန်းပါဝင်သည့်အတွက် အင်္ဂလိပ်အစိုးရ၏ ဆင်ဆာဖြတ်ခြင်း၊ ပြသခွင့်ပိတ်ပင်ခြင်းခံခဲ့ရသည်။ အင်္ဂလိပ်တို့သည် မြန်မာများ၏ မျိုးချစ်စိတ်ပြင်းပြပုံကိုသိသည်။ သီပေါမင်းဖမ်းဆီးခံရပုံကို ပြသပါက မြန်မာများ အင်္ဂလိပ်တို့အပေါ် ပိုမိုနာကျည်းမုန်းတီးဖွယ်ရာဖြစ်မည်ကို စိုးရိမ်ပူပန်သည့်အတွက် ထိုသို့ပြသခွင့်ပိတ်ပင်သည်အထိ အရေးယူခဲ့ခြင်းဖြစ်သည်။

၁၉၃၈ ခုနှစ်တွင် ကိုယ်တိုင်သရုပ်ဆောင်မင်းသားအဖြစ်လည်းကောင်း၊ အစ်ကိုအကြီးဆုံးဖြစ်သူ ဒါရိုက်တာ ဦးတင်နွယ်နှင့် တွဲဖက်၍ တွဲဖက်ဒါရိုက်တာအဖြစ်လည်းကောင်း ရိုက်ကူးခဲ့သည့် "ချစ်စနိုး"အသံထွက် ဇာတ်ကားတွင် ပရိသတ်အကြိုက်တွေ့ခဲ့သည့်အတွက် သရုပ်ဆောင်ဒါရိုက်တာအဖြစ် ထင်ရှားခဲ့ပြန်သည်။ ဦးတင်မောင်သည် အနုပညာသမားဖြစ်သော်လည်း ပျော့လျှင်ဖယောင်း၊ မာလျှင်သံချောင်းဆိုသကဲ့သို့ မျိုးချစ်စိတ်အပြည့်ရှိသည့်အတွက် ၁၉၄၂ ခုနှစ်တွင် သူချစ်သော အနုပညာလောကကိုစွန့်ကာ တိုင်းပြည်အတွက် မြန်မာ့လွတ်လပ်ရေးတပ်မတော် (ဘီအိုင်အေ)သို့ ဝင်ရောက်စစ်မှုထမ်းခဲ့သည်။ ရဲဘော်သုံးကျိပ်ဝင် ဗိုလ်ရန်နိုင်တပ်တွင် ဗိုလ်သင်တန်းတပ်သားများကို စီမံအုပ်ချုပ်ခဲ့ရသည်။

ဦးတင်မောင်သည် ၁၉၃၄ ခုနှစ်မှ ၁၉၄၀ ခုနှစ်အထိ စစ်မဖြစ်မီကာလတွင် ရုပ်ရှင်ဇာတ်ကားပေါင်း ၁၁ ကား၊ စစ်ပြီးခေတ် ၁၉၄၈ ခုနှစ်မှ ၁၉၆၈ ခုနှစ်အထိ ရုပ်ရှင်ဇာတ်ကားပေါင်း ၁၃ ကား ရိုက်ကူးခဲ့ရာ ထူးချွန်ထင်ရှားသော ရုပ်ရှင်အနုပညာရှင်ပေါင်းများစွာနှင့် အကယ်ဒမီအနုပညာရှင်ပေါင်းများစွာ မွေးထုတ်ပေးခဲ့သူဖြစ်သည်။ သရုပ်ဆောင်အဖြစ်လည်းကောင်း၊ ဒါရိုက်တာအဖြစ်လည်းကောင်း ရိုက်ကူးခဲ့သည်။

ရုပ်ရှင်လောကအတွက် လမ်းညွှန်ပြသခဲ့သော ဦးတင်မောင်၏ မှတ်သားဖွယ်ရာအဆိုအမိန့်များစွာရှိသည့်အနက် "ဒါရိုက်တာသည် King of the Set ရိုက်ကွင်း၏ ဘုရင်၊ ရုပ်ရှင်သည် တစ်ဦးကောင်း တစ်ယောက်ကောင်း လုပ်၍မရ၊ Team Work အဖွဲ့လိုက် ညီညွတ်စွာ စုပေါင်းလုပ်ဆောင်မှ အောင်မြင်မှုရနိုင်သည်။ အနုပညာဟူသည် လွယ်မယောင်နှင့်ခက်၏။ စိတ်ကူးကို သင်၍မရ၊ မူရင်းအခြေခံကိုသာ သင်၍ရသည်"ဟူသော အဆိုအမိန့်စကားရပ်သည် လေးနက်ပြီး ကျယ်ဝန်းနက်ရှိုင်းလှသည်။

ဦးတင်မောင်သည် ဇနီးဒေါ်တင်တင်နှင့် ဖူးစာမျှခဲ့ပြီး သားနှစ်ယောက်၊ သမီးလေးယောက်ထွန်းကားခဲ့သည်။ ဆရာကြီးသည် ၄-၁၀-၂၀၀၀ ရက်နေ့တွင် ကွယ်လွန်သွားခဲ့သည်။ ရုပ်ရှင်လောကကို ကျောခိုင်းထွက်သွားသော်လည်း ၎င်း၏ စွမ်းစွမ်းတမံဆောင်ရွက်ခဲ့သော အနုပညာဂုဏ်သတင်းများသည် ရုပ်ရှင်လောကတွင်သာမက မြန်မာပြည်တစ်ဝန်း သင်းထုံပျံ့နေဆဲ. . .။ ။

ရောင်းမည်

ဗထူးလမ်း ပေ(၆၀×၄၀) L ကွက်	သိန်း ၄၈၅၀
၄၂၊ ဗထူးလမ်း ပေ(၄၀×၆၀)	သိန်း ၅၃၀၀
၄၇၊ ဗထူးလမ်း ပေ(၄၀×၆၀)	သိန်း ၅၂၀၀
၄၃၊ ဒူးယာလမ်း ပေ(၄၀×၆၀)	သိန်း ၁၁၅၀

ဖုန်း-၀၉-၂၅၀၆၁၉၇၂၇၊ ၀၉-၄၅၀၀၂၂၂၉၈၊ ၀၉-၄၉၃၃၁၁၉၂

ဦးမောင်လှိုင်၊ ဦးကံမြင့်
အကောက်ခွန်ဦးစီးဌာန
အလုပ်သင်ဒု-အကောက်ခွန်မှူးရာထူး
ဝင်ခွင့်သင်တန်း(၂၄-၇-၂၀၁၄)ရက် စမည်။
၁၅၉၊ ဒုထပ်၊ ၃၈လမ်း(အလယ်)၊ ကျောက်တံတား
ဖုန်း-၀၉-၅၀၉၃၆၇၄၊ ၀၉-၇၃၂၄၁၀၅၉



သစ်ပင်စိုက်ပါ ဒို့ကမ္ဘာ သာယာလှပ စိမ်းမြမြ

သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်နေ ကျွန်မ၏သမီးဖြစ်သူ မတင်တင်စိန်(ခ)သီသီအေး[၁၂/မဂတ(နိုင်)၀၂၅၅၉၄]သည် မိခင်ဖြစ်သူအား မကြာခဏ ရိုင်းပျစွာဆက်ဆံခြင်း၊ ရန်မူခြင်း၊ နည်းအမျိုးမျိုးဖြင့် စိတ်ဆင်းရဲအောင်ပြုလုပ်နေပါသဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ သမီးအဖြစ်မှ အပြီးအပိုင် အမွေပြတ်စွန့်လွှတ်ကြောင်း။

ဒေါ်စိန်စိန်[၁၂/မဂတ(နိုင်)၀၂၅၅၉၅]

ဆိုစီဒက်တောင်ပံကစားသမား ဂရက်ဇ်မန်းအား ဥရောပအသင်းကြီးများ စိတ်ဝင်စား

စပိန်လာလီဂါ ကလပ် ဆိုစီဒက် အသင်း၏ ပြင်သစ် တောင်ပံကစားသမား ဂရက်ဇ်မန်းအားခေါ်ယူရန် ဥရောပအင်အားကြီးကလပ်များ စိတ်ဝင်စားလျက်ရှိကြောင်းသိရသည်။

ဂရက်ဇ်မန်းသည် ပြီးခဲ့သည့် ကမ္ဘာ့ဖလားပြိုင်ပွဲတွင် ပြင်သစ်အသင်း၌ ပါဝင်ကစားခဲ့သူဖြစ်ပြီး လက်ရှိအချိန်တွင်၎င်းအား ဥရောပအင်အားကြီး ကလပ်များဖြစ်ကြသည့် PSG၊ မန်စီးတီး၊ လီဗာပူးစသည့်အသင်းများအပြင် ပြင်သစ်ကလပ် မိုနာကိုအသင်းကပါ စိတ်ဝင်စားလျက်ရှိကြောင်း စပိန်မီဒီယာများက ဖော်ပြခဲ့သည်။ မိုနာကို အသင်းမှာ ၎င်းအား ရီးယဲလ်အသင်းသို့ ပြောင်းရွှေ့ဖွယ်ရှိနေသည့် ကိုလံဘီယာ တိုက်စစ်မှူး ဂျိမ်းစ်ရိုဒရီဂွက်ဇ် နေရာတွင် အစားထိုးရန် ပြင်ဆင်နေခြင်းဖြစ်သလို ၎င်းအတွက်မြင့်မားသည့်ပြောင်းရွှေ့ကြေးတစ်ရပ်ဖြင့် ခေါ်ယူသွားဖွယ်ရှိကြောင်းသိရသည်။ ဂရက်ဇ်မန်းမှာ ဆိုစီဒက်အသင်းနှင့် စာချုပ်သက်တမ်း ထပ်မံတိုးမြှင့်တော့မည်မဟုတ်ဘဲ လာမည့်နွေရာသီအပြောင်းအရွှေ့တွင် ဥရောပကလပ်အသင်းကြီးတစ်သင်းသို့ပြောင်းရွှေ့ရန် ပြင်ဆင်နေခြင်းလည်းဖြစ်သည်။

ထို့ပြင် ဆိုစီဒက်အသင်းကလည်း ဂရက်ဇ်မန်းအားခေါ်ယူလိုပါက ယူရိုသန်း ၃၀ ပေးချေရန်ထုတ်ပြန်ကြေညာထားကြောင်းသိရသည်။ ဂရက်ဇ်မန်းမှာ ဆိုစီဒက်အသင်းသို့ ၂၀၀၉ ခုနှစ်က ရောက်ရှိလာခဲ့သူဖြစ်ပြီး အသင်းအတွက် ၁၇၉ ပွဲ ပါဝင်ကစားကာ ၄၉ ဂိုးသွင်းယူပေးထားခဲ့သည်။ **[စွမ်းထက်အောင်]**

နောက်ထပ်တိုက်စစ်မှူး ခေါ်ယူတော့မည်မဟုတ်ကြောင်း ဝင်းဂါးဆုံးဖြတ်

ပရီမီယာလိဂ်ကလပ် အာဆင်နယ်အသင်းအနေဖြင့် နောက်ထပ်တိုက်စစ်မှူးခေါ်ယူတော့မည် မဟုတ်ကြောင်း နည်းပြအာစင်ဝင်းဂါးက ၎င်း၏ ဆုံးဖြတ်ချက်ကို ထုတ်ဖော်ပြောကြားခဲ့သည်။ သို့ရာတွင် ဇူလိုင် ၁၉ ရက်က အာဆင်နယ်အသင်းနှင့် ဘိုရီဟန်ဝုဒ်အသင်းတို့ ခြေစမ်းကစားခဲ့ရာ အာဆင်နယ်အသင်းက နှစ်ဂိုးပြတ်ဖြင့် အနိုင်ရရှိခဲ့ပြီးနောက် သောမက်ဗာမေလန်၏ အာဆင်နယ်အနာဂတ်သည် မသေချာသည့်အတွက် ဗဟိုနောက်ခံကစားသမား တစ်ဦးထပ်မံ ခေါ်ယူသွားမည်ဖြစ်ကြောင်း အာစင်ဝင်းဂါးက ဆိုသည်။

ထို့ပြင် အာဆင်နယ်အသင်းသည် ၂၀၁၄ ဘရာဇီးကမ္ဘာ့ဖလားတွင် လက်စွမ်းပြနိုင်ခဲ့သည့် ကိုလံဘီယာဂိုးသမားအိုစပီနာအား လက်ရှိပြင်သစ်ကလပ် နိုက်စ်အသင်းမှ ပြောင်းရွှေ့ကြေးပေါင် ၃ ဒသမ ၂ သန်းဖြင့် ခေါ်ယူရန် စီစဉ်လျက်ရှိကြောင်းသိရသည်။

ဘာစီလိုနာ တိုက်စစ်မှူး အလက်ဆစ်ဆန်းချက်အား ပြောင်းရွှေ့ကြေးပေါင် ၃၂ သန်းဖြင့် ခေါ်ယူကာ တိုက်စစ်ပိုင်းအတွက် အားဖြည့်ခဲ့ပြီးနောက် အလက်ဆစ်ဆန်းချက်သည် ဘာစီလိုနာအသင်း၌ ကစားခဲ့သည့်အတိုင်း စွမ်းဆောင်နိုင်လိမ့်မည်ဟုဆိုကာ တိုက်စစ်ပိုင်းအတွက် နောက်ထပ်ကစားသမားခေါ်ယူရန်ဆန္ဒမရှိကြောင်းအာဆင်နယ်အသင်းနည်းပြ အာစင်ဝင်းဂါးက ပြောကြားခဲ့သည်။

တိုက်စစ်မှူး အလက်ဆစ်ဆန်းချက်အား သီယိုဝဲလ်ကော့နှင့် တွဲဖက်လျက် တိုက်စစ်ပိုင်းကို ပုံဖော်ရန်ရှိနေပြီး ဒူးဒဏ်ရာခွဲစိတ်ကုသမှုခံယူထားသော အဆိုပါတောင်ပံကစားသမားသီယိုဝဲလ်ကော့ကိုလည်း လာမည့်လတွင် လေ့ကျင့်ရေးပြန်ဆင်းနိုင်မည်ဟု မျှော်လင့်ထားကြောင်းနှင့် နောက်တန်းတွင်မူ ဘာကာရီဆက်ဂ်နာသည် ယခုအပြောင်းအရွှေ့အစောပိုင်းက မန်စီးတီးအသင်းသို့ ပြောင်းရွှေ့သွားခြင်းကြောင့် ၎င်းနေရာတွင် အစားထိုးရန် နယူးကာဆယ်ကစားသမား ဒီဘူချီကို ခေါ်ယူထားပြီးဖြစ်ကြောင်း အာစင်ဝင်းဂါးက ပြောကြားခဲ့သည်။ **(ငွေကြယ်)**

မန်ယူအသင်းခေါင်းဆောင်အဖြစ် ဗန်ပါစီအား ရွေးချယ်ဖွယ်ရှိနေ

မန်ယူအသင်း ခေါင်းဆောင် ဗီဒစ်အသင်းမှ ထွက်ခွာသွားပြီးနောက် မန်ယူအသင်းသည် အသင်းခေါင်းဆောင်နေရာအတွက် လစ်လပ်လျက်ရှိခြင်းကြောင့် မန်ယူအသင်းနည်းပြသစ်ဗန်ဟားလ်အနေဖြင့် ဗန်ပါစီအား ရွေးချယ်ရန်ရှိနေကြောင်း မန်ယူအသင်း၌ ၁၃ နှစ်ကြာကစားကာ မန်ယူအသင်းနှင့်အတူ ပွဲပေါင်း ၄၆၁ ပွဲပါဝင်ကစား ပေးထားခဲ့ဖူးသည့် ရော့ဘ်ဆင်က ပြောကြားခဲ့သည်။

မန်ယူအသင်းနှင့်အတူ ၁၀ နှစ်ကျော်ကြာ လက်တွဲခဲ့သည့် တိုက်စစ်မှူးရွန်းနီသည် မန်ယူအသင်းခေါင်းဆောင်ဖြစ်လာရန် ရေပန်းစားနေသော်လည်း နယ်သာလန်နည်းပြအဖြစ် ကိုင်တွယ်ခဲ့သည့် ဗန်ဟားလ်နှင့် နယ်သာလန် အသင်းခေါင်းဆောင် ဗန်ပါစီတို့၏ ဆက်ဆံရေးအနေအထားတို့ကြောင့် မန်ယူအသင်းခေါင်းဆောင်အဖြစ် ရွေးချယ်ရန် ဗန်ပါစီကို ဦးစားပေးမည့်အခြေအနေတွင် ရှိနေခြင်းဖြစ်ကြောင်း ရော့ဘ်ဆင်က သုံးသပ်ခဲ့ခြင်းဖြစ်သည်။ **(ငွေကြယ်)**

အရှေ့တောင်အာရှ လူငယ်ဘော်လီဘောပြိုင်ပွဲ မြန်မာလူငယ် ဘော်လီဘောအသင်းများ ပြင်ဆင်လေ့ကျင့်

လာမည့် ဩဂုတ် ၂ ရက်တွင် မြန်မာနိုင်ငံက အိမ်ရှင်အဖြစ်လက်ခံကျင်းပမည့် အရှေ့တောင်အာရှ လူငယ်ချန်ပီယံရှစ် လူငယ်ဘော်လီဘောပြိုင်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်ရန်အတွက် မြန်မာအမျိုးသား၊ အမျိုးသမီး လူငယ်ဘော်လီဘောအသင်းများ နေပြည်တော်တွင် နောက်ဆုံးအဆင့် လေ့ကျင့်မှုများ ပြုလုပ်လျက်ရှိကြောင်း သိရသည်။

ယင်းပြိုင်ပွဲတွင် မြန်မာလူငယ်ဘော်လီဘောအသင်းမှာ အသင်းသုံးသင်းဖြင့် ဝင်ရောက်ယှဉ်ပြိုင်သွားမည်ဖြစ်ပြီး အမျိုးသား (က)အသင်း၊ (ခ) အသင်းတို့အပြင် အမျိုးသမီးအသင်းတို့ဖြင့်ယှဉ်ပြိုင်ရန် ပြင်ဆင်ထားကြောင်းသိရသည်။

ယင်းပြိုင်ပွဲတွင်မြန်မာအမျိုးသားအသင်းနှစ်သင်းအပြင် အရှေ့တောင်အာရှ ဘော်လီဘောထိပ်သီးအသင်းများဖြစ်သည့် ထိုင်း၊ ဗီယက်နမ်တို့အပြင် သမုဒ္ဒရာပိုင်းဇုန်မှ နယူးဇီလန်အသင်းလည်း ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သည်။ အမျိုးသမီး ပြိုင်ပွဲတွင် ထိုင်း၊ ဗီယက်နမ်နှင့် မြန်မာအသင်းတို့သာ ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ပြီး အုပ်စုပတ်လည်ပုံစံစနစ်ဖြင့်ကစားသွားမည်ဖြစ်ကြောင်းသိရသည်။ ပြိုင်ပွဲကို ဩဂုတ် ၆ ရက်ထိ ဝဏ္ဏသိဒ္ဓိ အားကစားရုံ၌ ကျင်းပသွားမည်ဖြစ်သည်။ မြန်မာအမျိုးသားအသင်းမှာ ပြီးခဲ့သည့်နှစ်က ချန်ပီယံဆုရရှိထားခဲ့သည်။ **[ရဲစွမ်း]**

ပညာရေးဝန်ကြီးဌာန
အမှတ်(၂)အခြေခံပညာဦးစီးဌာန
ပြည်နယ်ပညာရေးညွှန်ကြားရေးမှူးရုံး
ရှမ်းပြည်နယ်၊ တောင်ကြီးမြို့ တင်ဒါခေါ်ယူခြင်း

၁။ ရှမ်းပြည်နယ်အတွင်းရှိ အခြေခံပညာကျောင်းများတွင် အောက်ဖော်ပြပါ ကျောင်းဆောင်သစ်များကို ဆောက်လုပ်ရန်အတွက် လုပ်ငန်းဆောင်ရွက်လိုသည့် တရားဝင်အသိအမှတ်ပြုလိုင်စင်ရ(အဖွဲ့အစည်း/ကုမ္ပဏီ/ကန်ထရိုက်တာ)များထံမှ အိတ်ဖွင့်တင်ဒါ အဆိုပြုလွှာများထည့်သွင်းနိုင်ရန် ခေါ်ယူအပ်ပါသည်။

၂။

စဉ်	ကျောင်းဦးရေ			လုပ်ငန်းအမျိုးအစား	မှတ်ချက်
	ရှမ်း(ရှေ့)	ရှမ်း(မြောက်)	ရှမ်း(တောင်)		
၁		၅		ပေ(၄၀×၃၀) RCC တစ်ထပ်အသစ်ဆောက်ရန်	
၂	၁၈	၂၂	၆၅	ပေ(၆၀×၃၀) RCC တစ်ထပ်အသစ်ဆောက်ရန်	
၃		၁		ပေ(၇၀×၃၀) RCC နှစ်ထပ်အသစ်ဆောက်ရန်	
၄	၁	၆	၂	ပေ(၈၀×၃၀) RCC တစ်ထပ်အသစ်ဆောက်ရန်	
၅	၄	၄	၁၄	ပေ(၉၀×၃၀) RCC တစ်ထပ်အသစ်ဆောက်ရန်	
၆		၅	၁	ပေ(၁၀၀×၃၀) RCC တစ်ထပ်အသစ်ဆောက်ရန်	
၇		၂	၁	ပေ(၁၀၀×၃၀) RCC နှစ်ထပ်အသစ်ဆောက်ရန်	
၈	၆	၁၄	၁၅	ပေ(၁၂၀×၃၀) RCC တစ်ထပ်အသစ်ဆောက်ရန်	
၉			၁	ပေ(၁၅၀×၃၀) RCC တစ်ထပ်အသစ်ဆောက်ရန်	
ပေါင်း	၂၉	၅၉	၉၉	ကျောင်း	

၃။ တင်ဒါပုံစံနှင့်ပတ်သက်၍အသေးစိတ်သိလိုသောအချက်အလက်များကို ပြည်နယ်ပညာရေးညွှန်ကြားရေးမှူးရုံး၊ တောင်ကြီးမြို့၊ ပြည်နယ်ပညာရေးညွှန်ကြားရေးမှူးရုံး(ခွဲ)၊ လားရှိုးမြို့၊ ပြည်နယ်ပညာရေးညွှန်ကြားရေးမှူးရုံး(ခွဲ)၊ ကျိုင်းတုံမြို့များတွင် ရုံးချိန်အတွင်း လာရောက်ဆက်သွယ်စုံစမ်းနိုင်ပါသည်။

၄။ အိတ်ဖွင့်တင်ဒါပိတ်ရက်မှာ ၂၈-၈-၂၀၁၄ရက် ညနေ ၁၆:၀၀နာရီဖြစ်ပြီး အချိန်မီတင်သွင်းရန် ဖြစ်ပါသည်။

အိတ်ဖွင့်တင်ဒါခေါ်ယူရေးအဖွဲ့

ရှမ်း(တောင်) ဖုန်း-၀၈၁-၂၁၂၁၃၁၈၊ ၂၁၂၁၃၁၉
ရှမ်း(မြောက်) ဖုန်း-၀၈၂-၂၃၆၈၀၊ ၀၉-၂၅၉၀၄၀၇၆၄
ရှမ်း(အရှေ့) ဖုန်း-၀၈၄-၂၂၆၈၁၊ ၀၉-၄၁၀၀၉၆၉၃



ကမ္ဘာ့အမွေအနှစ်စာရင်းဝင် ဟန်လင်း၊ ဗိဿနိုးနှင့် သရေခေတ္တရာ၊ ပုဂံ၊ မြောက်ဦး၊ အင်းဝ အပါအဝင် ယဉ်ကျေးမှုအမွေအနှစ်ဒေသများအတွင်း ဟိုတယ်၊ မိုတယ်၊ ဧည့်ဂေဟာ၊ တည်းခိုရိပ်သာ၊ စားသောက်ဆိုင်ကြီးများနှင့် စက်မှုလက်မှုလုပ်ငန်းဆိုင်ရာ အဆောက်အအုံများဆောက်လုပ်ရန် ဆောင်ရွက်ခြင်းနှင့်စပ်လျဉ်း၍ လိုက်နာဆောင်ရွက်ရန် သတိပေးကြေညာချက်

၁။ နိုင်ငံတော်သည် ယဉ်ကျေးမှုအမွေအနှစ်ဒေသများကို ကာကွယ်ထိန်းသိမ်းရန်အတွက် ယဉ်ကျေးမှုအမွေအနှစ်ဒေသများ ကာကွယ်ထိန်းသိမ်းရေးဥပဒေကို ၁၉၉၈ ခုနှစ်တွင် ပြဋ္ဌာန်းခဲ့ပါသည်။ ယဉ်ကျေးမှုအမွေအနှစ်ဒေသများ ကာကွယ်ထိန်းသိမ်းရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေနှင့် နည်းဥပဒေများကိုလည်း ၂၀၀၉ ခုနှစ်နှင့် ၂၀၁၁ ခုနှစ်များတွင် ပြဋ္ဌာန်းထုတ်ပြန်ခဲ့ပြီး ဖြစ်ပါသည်။ အဆိုပါ ဥပဒေပုဒ်မ-၃ အရ တစ်နိုင်ငံလုံးတွင် ယဉ်ကျေးမှုအမွေအနှစ်ဒေသ (၄၆)ဒေသကို သတ်မှတ်ခဲ့ပြီး ဥပဒေဖြင့် ကာကွယ်ထိန်းသိမ်းစောင့်ရှောက်လျက်ရှိပါသည်။

၂။ ယခုအခါ ကမ္ဘာ့အမွေအနှစ်စာရင်းဝင် ဟန်လင်း၊ ဗိဿနိုးနှင့် သရေခေတ္တရာ မြို့ဟောင်းများ၊ ပုဂံ၊ မြောက်ဦး၊ အင်းဝစသည့်ဒေသများ အပါအဝင် ယဉ်ကျေးမှုအမွေအနှစ်ဒေသအချို့၌ ဥပဒေဖြင့် ကန့်သတ်ထားသောဇုန်များအတွင်းတွင် ဟိုတယ်၊ မိုတယ်၊ ဧည့်ဂေဟာ၊ တည်းခိုရိပ်သာ၊ စားသောက်ဆိုင်ကြီးများနှင့် စက်မှုလက်မှုလုပ်ငန်းဆိုင်ရာ အဆောက်အအုံများတည်ဆောက်ခြင်း၊ တည်ဆောက်ရန်အတွက် မြေနေရာများ ရှင်းလင်းခြင်းနှင့် ရောင်းဝယ်ခြင်း၊ ပန်းခြံများတည်ရန် တိုင်များစိုက်ထူခြင်းနှင့် ကာရံခြင်းစသည်တို့ဆောင်ရွက်နေခြင်းကြောင့် ဥပဒေချိုးဖောက်ရာ ရောက်သည့်အပြင် တန်ဖိုးမဖြတ်နိုင်သည့် မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်များ ထိခိုက်ပျက်စီးမှု၊ ယဉ်ကျေးမှုအမွေအနှစ်ဒေသ၏ မြင်ကွင်းများ ပျက်စီးမှုတို့ ဖြစ်ပေါ်လျက်ရှိနေပါသည်။ ကမ္ဘာ့အမွေအနှစ်စာရင်းဝင် ပျူမြို့ဟောင်းများဖြစ်သည့် ဟန်လင်း၊ ဗိဿနိုးနှင့် သရေခေတ္တရာမြို့ဟောင်းများ၏ ဇုန်စနစ်ဧရိယာများအတွင်းတွင်ဆိုပါက အထက်ပါဆောင်ရွက်မှုမျိုးပြုလုပ်ခြင်းကြောင့် ကမ္ဘာ့အမွေအနှစ်စာရင်းဝင်အဖြစ်မှ ပြန်လည်ရုပ်သိမ်းနိုင်ခြင်းမျိုး ဖြစ်ပေါ်လာနိုင်ပါသည်။

၃။ အပိုဒ်(၂)ပါ ကိစ္စရပ်တစ်ခုခုပြုလုပ်လိုသူတိုင်းသည် တည်ဆဲအခြားဥပဒေများပါ ပြဋ္ဌာန်းချက်များကိုလိုက်နာရမည့်အပြင် ယဉ်ကျေးမှုအမွေအနှစ်ဒေသများ ကာကွယ်ထိန်းသိမ်းရေးဥပဒေ၊ အခန်း(၆)ပါ အောက်ပါပြဋ္ဌာန်းချက်များကို လိုက်နာရပါမည်-

ဥပဒေကောက်နုတ်ချက်

ပုဒ်မ ၁၃ ။ အောက်ပါကိစ္စရပ်တစ်ခုခုပြုလုပ်လိုသူသည် တည်ဆဲအခြားဥပဒေများပါပြဋ္ဌာန်းချက်များကို လိုက်နာရမည့်အပြင် ဤဥပဒေအရလည်း ကြိုတင်ခွင့်ပြုချက်ရရှိရန် သတ်မှတ်ချက်များနှင့်အညီ ဦးစီးဌာနသို့လျှောက်ထားရမည်-

(က) ရှေးဟောင်းအထိမ်းအမှတ်အဆောက်အအုံတည်ရှိရာဇုန် သို့မဟုတ် ရှေးဟောင်းနေရာတည်ရှိရာဇုန်အတွင်းတွင်-

(၁) အဆောက်အအုံကို တည်ဆောက်ခြင်း သို့မဟုတ် တိုးချဲ့ဆောက်လုပ်ခြင်း၊

(၂) ရှေးဟောင်းအထိမ်းအမှတ်အဆောက်အအုံကို ပြင်ဆင်ခြင်း သို့မဟုတ် ယင်း၏ဝင်းခြံနယ်နိမိတ်တိုးချဲ့ခြင်း၊

(ခ) ကာကွယ်ထိန်းသိမ်းသောဒေသ ဇုန်အတွင်းတွင် ဟိုတယ်၊ မိုတယ်၊ ဧည့်ဂေဟာ၊ တည်းခိုရိပ်သာ သို့မဟုတ် စက်မှုလက်မှုလုပ်ငန်းအဆောက်အအုံကို တည်ဆောက်ခြင်း၊ တိုးချဲ့ဆောက်လုပ်ခြင်း၊ ပြင်ဆင်ခြင်း သို့မဟုတ် ယင်း၏ဝင်းခြံနယ်နိမိတ်တိုးချဲ့ခြင်း။

၄။ ပုဒ်မ ၁၃ အရ လျှောက်ထားလာသည့်ကိစ္စနှင့်စပ်လျဉ်း၍ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနသည် သတ်မှတ်ချက်များနှင့်အညီ စိစစ်၍ယဉ်ကျေးမှုဝန်ကြီးဌာနသို့ တင်ပြခြင်း၊ ယဉ်ကျေးမှုဝန်ကြီးဌာနသည် စိစစ်ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်းတို့ကို ပြုနိုင်ကြောင်း အထက်ပါဥပဒေပုဒ်မ ၁၄ တွင် ဖော်ပြထားပါသည်။

၅။ [illegible] အခန်း(၁၂)တွင် ပြစ်မှုနှင့်ပြစ်ဒဏ်များအလိုက် ပုဒ်မများထားရှိ၍ အတိအလင်းပြဋ္ဌာန်းထားပါသည်။ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ပါက အထက်ပါဥပဒေအခန်း(၈)ပါ ပြစ်မှုနှင့် ပြစ်ဒဏ်များဖြင့် အရေးယူမည်ဖြစ်ကြောင်းလည်း ပြစ်မှုတစ်ခုချင်းအလိုက် ဖော်ပြပြဋ္ဌာန်းထားပါသည်။

၆။ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်သူများအား တည်ဆဲတရားဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း ထပ်လောင်းသတိပေး ကြေညာပါသည်။ ၎င်းအပြင် အမည်ပေါက်ပြသတိပေးသည့်အဆင့် ပြုလုပ်ရတော့မည်ဖြစ်ကြောင်းလည်း သတိပေးပါသည်။

၇။ သို့ဖြစ်ပါ၍ ယဉ်ကျေးမှုအမွေအနှစ်ဒေသများ ကာကွယ်ထိန်းသိမ်းရေးဥပဒေ၊ နည်းဥပဒေများနှင့်အညီ လိုက်နာဆောင်ရွက်ကြခြင်းဖြင့် ရှေးဟောင်းအမွေအနှစ်ဒေသများကို ဂုဏ်ယူစွာထိန်းသိမ်းစောင့်ရှောက်ကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန

ယဉ်ကျေးမှုဝန်ကြီးဌာန

ကောင်းမွန်သောအုပ်ချုပ်ရေးနှင့် အများပါဝင်မှု အလုပ်ရုံဆွေးနွေးပွဲ မန္တလေးတွင်ပြုလုပ်

မန္တလေး၊ ဇူလိုင် ၂၁

မန္တလေးတိုင်းဒေသကြီး ပြည်သူဗဟိုပြုဝန်ဆောင်မှုပေးခြင်းလုပ်ငန်း အစိုးရနှင့်ပြည်သူ ပူးပေါင်းဆောင်ရွက်ခြင်း ဒေသန္တရအုပ်ချုပ်ရေးလုပ်ငန်းများ အလုပ်ရုံဆွေးနွေးပွဲကြီးကို မဟာအောင်မြေမြို့နယ် ၇၈ လမ်းရှိ ဟိုတယ်မန္တလေးခန်းမတွင် ဇူလိုင် ၁၇ ရက်က ကျင်းပခဲ့ကြောင်း သိရသည်။

အလုပ်ရုံဆွေးနွေးပွဲတွင် ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ် (ယူအင်န်ဒီပီ) ရုံးမှ တာဝန်ရှိသူများ၊ မန္တလေးတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များ၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ခရိုင်နှင့်မြို့နယ်အုပ်ချုပ်ရေးမှူးများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ တာဝန်ရှိသူများ၊ မန္တလေးမြို့ရှိ လူမှုရေးအသင်းအဖွဲ့များ၊ ဖိတ်ကြားထားသူများ တက်ရောက်ဆွေးနွေးကြကြောင်း သိရသည်။

ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များတွင် ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ၌ စွမ်းဆောင်ရည်တိုးတက်ကောင်းမွန်ရေး၊ ကောင်းမွန်သောအုပ်ချုပ်ရေးနှင့် ပြည်သူများပူးပေါင်းပါဝင်မှု၏ အရေးပါမှုကို နိုင်ငံတော်သမ္မတက အလေးထားပြောကြားထားပြီးဖြစ်သည်။

အဆိုပါရည်မှန်းချက်များ ပေါက်မြောက်အောင်မြင်ရေးအတွက် ပြည်ထောင်စုအစိုးရအဖွဲ့မှ ပြည်နယ်နှင့်တိုင်းဒေသကြီး၊ ခရိုင် မြို့နယ်အုပ်ချုပ်ရေးအဖွဲ့များသို့ ဝန်ဆောင်မှုလုပ်ငန်းနှင့် အုပ်ချုပ်ရေးလုပ်ငန်းများဆိုင်ရာ တာဝန်နှင့် အရင်းအမြစ်များကို တဖြည်းဖြည်းချင်း ပိုမိုလွှဲပြောင်းပေးအပ်ခဲ့သည်။

ကောင်းမွန်သောအုပ်ချုပ်ရေးနှင့် အများပါဝင်ဆောင်ရွက်ရေးလုပ်ငန်းစဉ်ကို ပံ့ပိုးပေးရန် ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ် (ယူအင်န်ဒီပီ) က ဒေသဆိုင်ရာအာဏာပိုင်အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မောင်ပြည်သူ(မန္တလေး)

ယာဉ်စနစ်တကျကိုင်တွယ်မောင်းနှင်နိုင်ရန် အခြေခံယာဉ်မောင်းနှင်ထိန်းသိမ်းမှုသင်တန်း သထုံတွင်ဖွင့်

သထုံ၊ ဇူလိုင် ၂၀

ဒေသအတွင်း လူ့စွမ်းအားအရင်းအမြစ်များဖွံ့ဖြိုးရေး၊ ယာဉ်နှင့်လမ်းစည်းကမ်းများကို သိရှိနားလည်ပြီး ယာဉ်ကို စနစ်တကျကိုင်တွယ်မောင်းနှင်နိုင်သော ယာဉ်မောင်းများပေါ်ထွက်လာစေရန် အခြေခံယာဉ်မောင်းနှင်ထိန်းသိမ်းမှု အထူးသင်တန်း (Mobile Training) ကို ဇူလိုင် ၁၉ ရက်က သထုံမြို့၊ မြေနီကုန်းကျေးရွာရှိ ကုန်စည်ပို့ဆောင်ရေးဌာနခွဲတွင် ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။ အဆိုပါအခြေခံယာဉ်မောင်းနှင်ထိန်းသိမ်းမှုအထူးသင်တန်းကိုရထားပို့ဆောင်ရေးဝန်ကြီးဌာန၊ ကုန်းလမ်းပို့ဆောင်ရေးဌာနမှ ဖွင့်လှစ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

သင်တန်းဖွင့်ပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းထွန်းနိုင်က အဖွင့်အမှာစကားပြောကြားပြီး သင်တန်းတာဝန်ခံ ဦးညွန့်ဦးက သင်တန်းဖွင့်လှစ်ပေးရသည့် ရည်ရွယ်ချက်နှင့် သင်ကြားမှုနည်းစနစ်များကို ရှင်းလင်းပြောကြားခဲ့သည်။

အဆိုပါသင်တန်းကို ကရင်ပြည်နယ်၊ ဘားအံမြို့တွင် အခြေစိုက်ကာ (Mobile Training)အဖြစ် သထုံမြို့တွင် ပထမအကြိမ်စတင်၍ လာရောက်ဖွင့်လှစ်ခြင်းဖြစ်ကြောင်း သိရသည်။

သက်ဦး(သထုံ)

နိုင်ငံသားစိစစ်ဆေးရေးကတ်ကွင်းဆင်းဆောင်ရွက်

နွားထိုးကြီး၊ ဇူလိုင် ၂၁

နွားထိုးကြီးမြို့ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှ နွားထိုးကြီးမြို့နယ် အခြေခံပညာအထက်တန်းကျောင်း၌ မိုးပွင့်အဆင့်(၆)နိုင်ငံသားစိစစ်ရေးကတ်ပြား (One Stop Service) ဖြင့် ကွင်းဆင်းဆောင်ရွက်ပေးခြင်းကို ဇူလိုင် ၁၇ ရက် နံနက် ၉ နာရီမှ စတင်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးစိုးမိုးနှင့် ဝန်ထမ်းများသည် အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူ ၁၆၁ ဦးကို နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပြုလုပ်ပေးခဲ့ကြောင်း သိရသည်။ အခြေခံပညာအထက်တန်းကျောင်းရှိ ကျောင်းသား၊ ကျောင်းသူများကိုမြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့်အမျိုးသားမှတ်ပုံ တင်ရေးဦးစီးဌာနရုံးမှ နိုင်ငံသားစိစစ်ရေးကတ်ပြားများ အခမဲ့ဆောင်ရွက်ပေးခြင်းဖြစ်သည်။

သန်းအောင်ဇော်(နွားထိုးကြီး)

သရက်ချောင်းတွင်သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းအတွက်လက်ကျန်ငွေများထုတ်ပေး

သရက်ချောင်း၊ ဇူလိုင် ၂၁

၂၀၁၄ ခုနှစ်၊ လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းအတွက် စာရင်းစစ်/စာရင်းကောက် ဆရာ၊ ဆရာမများအား လက်ကျန်ငွေများ သရက်ချောင်းမြို့နယ်တွင် ထုတ်ပေးလျက်ရှိကြောင်း သိရသည်။

တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်ခရိုင်၊ သရက်ချောင်းမြို့နယ်၌ ဇူလိုင် ၂၀ ရက် နံနက် ၉ နာရီ တွင် မြို့နယ်ပညာရေးမှူးရုံး၌ လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူခြင်း လုပ်ငန်းအတွက် စာရင်းစစ်၊ စာရင်းကောက် ဆရာ၊ ဆရာမများ ၂၃၉ ဦးအား လက်ကျန်ငွေများကိုထုတ်ပေးလျက်ရှိကြောင်းသိရသည်။ ၎င်းထောက်ပံ့ငွေများကိုကမ္ဘာ့လူဦးရေ ရန်ပုံငွေအဖွဲ့ (UEFPA) အဖွဲ့မှ ထောက်ပံ့ပေးခြင်း ဖြစ်ပြီး ကမ္ဘောဇဘဏ်မှ ၎င်းငွေများကို တာဝန်ယူ ထုတ်ပေးကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

အာရှဘောလုံးအဖွဲ့ချုပ်အမှုဆောင်များ မန္တလေးမြို့ရှိ ဘောလုံးကွင်းများသို့လာရောက်လေ့လာ

မန္တလေး၊ ဇူလိုင် ၂၁

အာရှဘောလုံးအဖွဲ့ချုပ်မှ အမှုဆောင်များသည် ဇူလိုင် ၁၈ ရက် နံနက် ၈ နာရီက မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်မှ တာဝန်ရှိသူများလိုက်ပါ၍ မန္တလေးမြို့ရှိ အားကစားကွင်းများအား ကြည့်ရှုလေ့လာ၍ ဘောလုံးအားကစား ဖွံ့ဖြိုးတိုးတက်ရေး ဆွေးနွေးခဲ့ကြောင်း သိရသည်။

အာရှဘောလုံးအဖွဲ့ချုပ်မှ အမှုဆောင်များသည် နံနက် ၈ နာရီတွင် ချမ်းအေးသာစံမြို့နယ် လမ်း ၃၀ နှင့် ၇၁ လမ်းထောင့်ရှိ ဗထူးအားကစားကွင်းသို့ ရောက်ရှိလာရာ မန္တလေးတိုင်းဒေသကြီး ဘောလုံးဆပ်ကော်မတီမှ တာဝန်ရှိသူများက ကြိုဆိုကြပြီး အားကစားသမားများ နားနေခန်း၊ အစည်းအဝေးခန်းမ၊ အထူးတန်းပွဲကြည့်စင်၊ အားကစားကွင်းတို့ကို ကြည့်ရှုရာ မန္တလေးတိုင်းဘောလုံးအဖွဲ့ချုပ်မှ ဦးစိန်ဝင်းကြီး (မြန်မာ့လက်ရွေးစင်ဟောင်း) နှင့် ရတနာပုံဘောလုံးအသင်းအုပ်ချုပ်သူ ဦးအောင်ထွန်းဦးတို့က ပြိုင်ပွဲများကျင်းပမှု၊ ပရိသတ်ဝင်မှု၊ ကွင်းပြင်ဆင်ထိန်းသိမ်းမှုများအား ရှင်းလင်းတင်ပြပြီး အစည်းအဝေးခန်းမတွင် မန္တလေးတိုင်းဘောလုံးအဖွဲ့ချုပ်၊ ရတနာပုံအသင်းတာဝန်ရှိသူများနှင့် တွေ့ဆုံ၍ ဘောလုံးအားကစား ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဆွေးနွေးခဲ့သည်။

ဆက်လက်၍ အာရှဘောလုံးအဖွဲ့ချုပ်မှ အမှုဆောင်များသည် ချမ်းမြသာစည်မြို့နယ် ၇၃ လမ်းရှိ ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်၏ ထောက်ပံ့မှုဖြင့် ဖွင့်လှစ်ထားသော မြန်မာဘောလုံးအကယ်ဒမီသို့ သွားရောက်လေ့လာရာ ကျောင်းအုပ်ကြီး ဦးစိုးညွန့်နှင့် နည်းပြများက သက်တန်းအလိုက် ဘောလုံးအားကစားသမားများ ရွေးချယ်လေ့ကျင့်ပေးနေမှု၊ ပြည်ပပြိုင်ပွဲများတွင် ဝင်ရောက်ယှဉ်ပြိုင်မှုနှင့် မျိုးဆက်သစ်လက်ရွေးစင်အားကစားသမားများ မွေးထုတ်ပေးမှုတို့ကို ရှင်းလင်းပြသခဲ့သည်။

ထို့နောက် (၂၇) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ အမျိုးသမီးဘောလုံးပြိုင်ပွဲများ လက်ခံကျင်းပခဲ့သည့် မန္တလာသီရိအဆင့်မြင့်အားကစားကွင်းနှင့် အောင်မြေမန္တလာအားကစားကွင်းတို့အား ကြည့်ရှုခဲ့သည်။ **သီဟကိုကို(မန္တလေး)**

ဆောက်လုပ်ရေးဝန်ကြီးဌာန
ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း(ရုံးချုပ်)
လျှပ်စစ်ဦးစီး၊ နေပြည်တော်
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

တင်ဒါအမှတ်-၀၀၁/တင်ဒါ/၂၀၁၄-၂၀၁၅/လစစ

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း(ရုံးချုပ်)မှ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်၊ ပြည်ထောင်စုခွင့်ပြုရန်ပုံငွေဖြင့် e-government လုပ်ငန်းများဆောင်ရွက်ရန် လိုအပ်သည့် အောက်ဖော်ပြပါပစ္စည်းများကို (မြန်မာကျပ်ငွေ)ဖြင့် ဝယ်ယူလိုပါ သည်။

စဉ်	ပေးသွင်းရမည့်ပစ္စည်း	အရေအတွက်
(က)	Computer,Printerများ အပါအဝင် Hardware ပစ္စည်းများ	1 Lot
(ခ)	Software များ	1Lot

တင်ဒါပိတ်မည့်ရက်/အချိန် - ၁၅-၈-၂၀၁၄ရက် နံနက် ၁၀နာရီ
တင်ဒါဖွင့်မည့်ရက်/အချိန် - ၁၅-၈-၂၀၁၄ရက် မွန်းလွဲ ၁နာရီ
(ပြောင်းလဲမှုရှိပါက ထပ်မံအကြောင်းကြားပါမည်)

၂။ တင်ဒါလျှောက်လွှာပုံစံနှင့် စည်းကမ်းချက်များကို ၁၅-၇-၂၀၁၄ရက်မှစ၍ လျှပ်စစ်ဦးစီး၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း(ရုံးချုပ်)၊ ရုံးအမှတ်(၄၀)၊ နေပြည်တော်တွင် ရုံးချိန်အတွင်း ဝယ်ယူစုံစမ်းပေးသွင်းနိုင်ပါသည်။ ဆက်သွယ်ရမည့်တယ်လီဖုန်းအမှတ်များမှာ ဝန်ကြီးရုံး(ဖုန်း) ၀၆၇-၄၀၇၅၄၀၊ လျှပ်စစ်ဦးစီးရုံး၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ ဖုန်း-၀၆၇-၄၀၇၀၇၉တို့ ဖြစ်ပါသည်။

တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့
ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း
ရုံးအမှတ်(၄၀)၊ နေပြည်တော်

ကျန်းမာရေးဝန်ကြီးဌာန
ကျန်းမာရေးဦးစီးဌာန
မန္တလေးမြို့၊ ဗဟိုအမျိုးသမီးဆေးရုံကြီး
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကျန်းမာရေးဦးစီးဌာန၊ မန္တလေးမြို့ ဗဟိုအမျိုးသမီးဆေးရုံကြီးရှိ ခွဲစိတ်ခန်း/သားဖွားဆောင်အတွက် လျှပ်စစ်ပါဝါလိုင်းများတပ်ဆင်ခြင်း၊ ပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်းနှင့် ဂါလန် (၂၀၀၀၀)ဆံ့ ရေလှောင်ကန်၊ ရေတွင်း တူးဖော်ခြင်းလုပ်ငန်းများ လုပ်ဆောင်မည်ဖြစ်ပါသဖြင့် အိတ်ဖွင့်တင်ဒါ တင်သွင်းရန် ဖိတ်ခေါ်ပါသည်။

၂။ တင်ဒါပုံစံရောင်းချမည့်နေ့ရက် - ၂၂-၇-၂၀၁၄ရက်(အင်္ဂါနေ့)
တင်ဒါပိတ်မည့်ရက်နှင့်အချိန် - ၃၁-၇-၂၀၁၄ရက်(ကြာသပတေးနေ့) ညနေ ၄နာရီ

၃။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

ဆေးရုံအုပ်ကြီးရုံး
ဗဟိုအမျိုးသမီးဆေးရုံကြီး
၆၈×၇၀ကြား၊ ၃၀×၃၂ကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့
ဖုန်း-၀၂-၆၅၆၃၃၊ ၀၂-၆၅၆၃၄

စက်မှုဝန်ကြီးဌာန
အမှတ်(၁၁)အကြီးစားစက်ရုံ
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စက်မှုဝန်ကြီးဌာန၊ အမှတ်(၁) အကြီးစားစက်မှုလုပ်ငန်း၊ အမှတ်(၁၁) အကြီးစားစက်ရုံ (ရန်ကုန်)တွင် ထုတ်လုပ်မှုဆောင်ရွက်ခြင်းမရှိတော့သည့် Mazda Jeep X-2000 Press Parts (၂၃)မျိုးနှင့် X-2000 Component Parts (၁၃၄)မျိုးတို့အား အိတ်ဖွင့်တင်ဒါစနစ်ဖြင့် လေလံတင် ရောင်းချမည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါပေးသွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ တင်ဒါပုံစံရောင်းချမည့်ရက် - ၂၂-၇-၂၀၁၄ရက်မှ ၂၀-၈-၂၀၁၄ရက် အထိ
၃။ တင်ဒါပုံစံရောင်းချမည့်နေရာ - အမှတ်(၁၁)၊ အကြီးစားစက်ရုံ(ရန်ကုန်)၊ စီမံကိန်းဌာန
၄။ တင်ဒါတင်သွင်းရမည့်နောက်ဆုံးရက် - ၂၀-၈-၂၀၁၄ ရက်
အချိန်နှင့်နေရာ - နံနက် ၉း၃၀ နာရီ
အမှတ်(၁၁)အကြီးစားစက်ရုံ (ရန်ကုန်)၊ စီမံကိန်းဌာန
တင်ဒါဖွင့်လှစ်မည့်ရက်နှင့်အချိန် - ၂၁-၈-၂၀၁၄ ရက်၊ ၁၂း၀၀ နာရီ
၅။ အသေးစိတ်သိရှိလိုပါက ဖုန်း-၀၁-၆၆၈၁၇၈၊ ၀၁-၆၆၀၄၀၉ တို့သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

လေလံတင်ရောင်းချရေးအဖွဲ့
အမှတ်(၄၆)၊ ကမ္ဘာအေးစေတီလမ်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။





ကျန်းမာရေးဆောင်းပါး

ဆေးဖက်ဝင်တဲ့ ရွက်ကျပင်ပေါက်

à ayjuf&yjuf

ရွက်ကျပင်ပေါက်တွေဟာ ဥတုရာသီမရွေး အမြဲစိမ်းလန်းနေသော အပင်မျိုးဖြစ်ပြီး၊ စိုစွတ်တဲ့နေရာများမှာ အလေ့ကျပေါက် ရောက်လေ့ရှိပါတယ်။ ရုက္ခဗေဒအမည်မှာ Bryophyllum Calycinum Salisb ဖြစ်၍၊ Life Plant ၊သို့မဟုတ် Air Plant ဟု လည်း ခေါ်ပါတယ်။ အရွက်ရှည်နှင့် အရွက်ဝိုင်းဟူ၍ အပင်နှစ်မျိုးနှစ်စား ရှိပါတယ်။ ၎င်းအပင်၏ ထူးခြားချက်က အချိန်အပိုင်းအခြားပေါ်မူတည်ပြီး အရသာပြောင်းလဲ သွားလေ့ရှိပါတယ်။ နံနက်ပိုင်းမှ နေမွန်းတည့်ချိန်အထိ 'ချို' သောအရသာရှိပြီး၊ မွန်းလွဲပိုင်းမှ ညနေအထိ 'ချဉ်' သောအရသာဖြစ်ပါတယ်။ အချိန်ကာလပေါ်မူတည်၍ အရသာပြောင်းလဲသွားလေ့ရှိသော်လည်း၊ ဆေး ဖက်ဝင်အာနိသင်ကတော့ အတူတူပါဘဲ။

(၁) ရွက်ကျပင်ပေါက် သတ္တုရည်(အရွက်ကိုညှစ်၍ ရသောအရည်)ကို စတီးဇွန်း တစ်ဇွန်းထဲထည့်၍ မီးနွေးနွေးဖြင့်ချက်ပါ။ ထို့နောက် အအေးခံ၍ ကလေး၏ ဝမ်းဗိုက်ကို လိမ်းပေးပါက ဝမ်းချုပ်၊ လေထိုးလေအောင့်နှင့် လေဆန်နာ ရောဂါများကို သက်သာပျောက်ကင်းစေပါတယ်။

(၂) လူကြီးများ လေထိုး၊ လေအောင့်၊ လေနာရောဂါများအတွက် ရွက်ကျပင်ပေါက် သတ္တုရည်ကို ရေနံဆီဖြင့်ရောစပ်၍ ဝမ်းဗိုက်ပေါ် လိမ်းပေး(သပ်ချပေး)ပါ။

(၃) သွေးဖျဉ်း၊ လေဖျဉ်းရောဂါများအတွက် ရွက်ကျပင်ပေါက် သတ္တုရည်ကို ရေနံဆီ၊ မုန်ညင်းဆီတို့နှင့် ဆတူရောစပ်ပြီး ဝမ်းဗိုက်ပေါ်သို့ တစ်နေ့ နှစ်ကြိမ် လိမ်းကျံပေးပါ။ (ပိုလျှံသော ဆေးရည်ကို ပုလင်းထဲထည့်သိမ်းထားနိုင် ပါတယ်၊ လိမ်းခါနီးပုလင်းကို လှုပ်၍လိမ်းပေးပါ။)

(၄) အသည်းရောင်၊ အသည်းကြီးဝေဒနာများအတွက် ရွက်ကျပင်ပေါက် သတ္တုရည်၊ ရှောက်ရည်နှင့် နှမ်းဆီထို သုံးမျိုးကို ဆတူရောစပ်၍ အသည်းရှိသည့်နေရာပေါ် လိမ်းကျံပေးခြင်းဖြင့် သက်သာပျောက်ကင်းစေနိုင်ပါတယ်။

> **ထူးခြားချက်က အချိန် အပိုင်းအခြားပေါ်မူတည် ပြီး အရသာပြောင်းလဲ သွားလေ့ရှိပါတယ်။ နံနက်ပိုင်းမှ နေ့မွန်းတည့် ချိန်အထိ 'ချို' သော အရသာရှိပြီး. . .**

(၅) မြန်မာ့ဆေးကျမ်းများအဆိုအရ 'ရွက်ကျပင်ပေါက်ဟာ အနာများကိုစင်ကြယ်စေ၏၊ အနာပေါက်များကို အသားနု တက်စေ၏၊ သွေးယိုစီးကျနေသော အနာများကို သွေးရပ်တန့် ချုပ်တည်းရာမှာ နတ်ဆေးသဖွယ်ဖြစ်၏ ' လို့ ဆိုထားပါတယ်။ ဒါကြောင့် သွေးစိမ်းရှင်ရှင်ထွက်သော ထိခိုက်ရှနာများအတွက် ရွက်ကျပင်ပေါက်ကို မီးကင်၍ ကပ်ပေးခြင်းဖြင့် သွေးထွက်ရပ်ပြီး အနာကျက်မြန်စေပါတယ်။

(၆) သွေးကြောငယ်များ ကျုံ့သွားစေသော အာနိသင်ရှိတာကြောင့် ဝမ်းသွားစဉ် သွေးပါခြင်းအတွက်ကိုလည်း ရွက်ကျပင် သတ္တုရည်သောက်သုံး၍လည်းကောင်း၊ ရုတ်တရက်နှာခေါင်း၊ ပါးစပ်၊ မျက်စိ အတွင်းမှ သွေးယိုခြင်းအတွက် ရွက်ကျပင်သတ္တုရည် ထည့်ပေး၍သော်လည်းကောင်း၊ ပြည်တည်နေသော အနာများ၊ သွေးပုပ်များနှင့် မန်းရည်များအတွက် အရွက်သတ္တုရည်ကို ဖန်ရည်အဖြစ် ဆေးကြောနိုင်ပါတယ်။

(၇) အရွက်ကို ကျိတ်ညှစ်၍ ရလာသောအရည်ကို လိမ်းပေးပါက၊ မွှေးကျွတ်နာများကို ပျောက်ကင်းစေပါတယ်။

(၈) မီးလောင်ဖုကဲ့သို့ အနာလေးများစဖြစ်ပြီး၊ တဖြည်းဖြည်းပွားလာတတ်သော အနာမီး၊ အနာစက်များအတွက် ရွက်ကျပင်ပေါက် ဆေးရည်ဖော်စပ်၍ လိမ်းပါ။ ဆေးဖော်စပ်နည်းမှာ ရွက်ကျပင်ပေါက်များကို ဒန်အိုးအဖုံးပေါ်တင်ပြီး မီးဖိုပေါ်မှာ ပြာဖြစ် သည် အထိလှော်ပါ။ ထိုပြာများကို အုန်းဆီနှင့် ခပ်ပျစ်ပျစ်ဖျော်ပြီး အနာပေါ်ကို တစ်နေ့ သုံးကြိမ်လိမ်းပေးပါ။ နေ့စဉ်မှန်မှန် လိမ်းပေးပါက ၁၀ ရက်ခန့် အကြာတွင် ပျောက်ကင်းသွားပါလိမ့်မယ်။ (ရောဂါမပျောက်ခင် ဆပ်ပြာရည်နှင့် အနာကို မထိပါစေနှင့်။ ထိုအနာက ဆပ်ပြာရည်နှင့် (လုံး၀) ဓာတ်မတည့်ပါ။)

(၉) အပူလွန်ကဲ၍ မျက်စိနာခြင်းအတွက် ရွက်ကျပင်ပေါက်အရွက်အနည်းငယ်ကို ကြိတ်ကာ နနွင်းတက်မှုန့်အစစ် အနည်း ငယ်နှင့်ရောစပ်၍ မျက်ခွံပေါ်မှာ အုံပေးထားနိုင်ပါတယ်။ အအေးလွန်ကဲ၍ မျက်စိနာခြင်းအတွက် လတ်ဆတ်သော ရွက်ကျပင်ပေါက်ကို သေချာစွာဆေးကြော၍ ညက်စွာကြိတ်ပြီး မျက်ခွံပေါ်တွင်အုံပေးနိုင်ပါတယ်။

(၁၀) ဆီးရောဂါအမျိုးမျိုးအတွက် ရွက်ကျပင်ပေါက် ကြိတ်ရည်(သတ္တုရည်) ဟင်းစား စတီးဇွန်းထက်ဝက်ကို သကြားအညိုအနည်းငယ် နှင့်ရောစပ်ကာ ရေအနည်းငယ်နှင့်သောက်ပေးပါ။ နံနက်တစ်ကြိမ်၊ ညတစ်ကြိမ် တစ်နေ့ နှစ်ကြိမ်ပုံမှန်သောက်ပေးပါ။ (သွေးဝမ်းကျရောဂါ အတွက်ကိုလည်း ထိုဆေးရည် သောက်သုံးနိုင်ပါတယ်)



ကျုံးဘေးရှိအဆောက်အအုံများ အမြင့်ပေသတ်မှတ်

မန္တလေး၊ ဇူလိုင် ၂၁

မန္တလေးမြို့၊ ကျုံးဘေးလမ်းတစ်လျှောက်ရှိ အဆောက်အအုံများ အမြင့်ဆုံးထားရှိနိုင်မည့် အမြင့်ပေကို သတ်မှတ်နိုင်ရန်အတွက် ဇူလိုင် ၁၇ ရက်တွင် မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံးတွင် ဆွေးနွေးခဲ့ကြကြောင်းသိရသည်။

ကျုံးမြို့ရိုးဘေးရှိ မြေပြင်အမြင့် BM (ညွှန်းကိန်း)အား ပင်လယ်ရေမျက်နှာပြင်အထက် ပျမ်းမျှအမြင့် (MSL) 252 ပေရှိသည့် အရပ်များမှ ၁၄ ဒီဂရီ တိုင်းတာသတ်မှတ်ခဲ့ပြီး ထိုသို့ သတ်မှတ်သဖြင့် ကျုံးရှေ့လမ်းဘေးကပ်လျက် အဆောက်အအုံများသည် ၄၆ ပေအမြင့်အထိ သာဆောက်လုပ်နိုင်မည်ဖြစ်ကြောင်း သိရသည်။

၎င်းနောက်ပိုင်းရှိ အဆောက်အအုံများသည် အချိုးကျ မြင့်တက်ဆောက်လုပ်နိုင်မည်ဖြစ်ပြီး ထိုသို့ တွက်ချက်မှုများသည် ပညာရှင်များပါဝင်သော အဖွဲ့၏ လေ့လာသုံးသပ်ချက်များအပေါ် အခြေခံသတ်မှတ်ခြင်းဖြစ်သည်။

မောင်ပြည်သူ(မန္တလေး)

စစ်ကိုင်းတိုင်းဒေသကြီး ကလေးတွင် သိပ္ပံနည်းကျ စိုက်ပျိုးရေးနည်းပညာသင်တန်းဖွင့်

ကလေး၊ ဇူလိုင် ၂၁

၂၀၁၄-၂၀၁၅ ခုနှစ် စစ်ကိုင်းတိုင်းဒေသကြီးကလေးခရိုင် ကလေး၊ ကလေးဝ၊ မင်းကင်းမြို့နယ်အတွင်း သီးနှံစိုက်ပျိုး ထုတ်လုပ်မှု တိုးတက်ရေးနှင့် လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ကလေးခရိုင် စိုက်ပျိုးရေးဦးစီးဌာနကကျင်းပသော သိပ္ပံနည်းကျ စိုက်ပျိုးရေးနည်းပညာသင်တန်းကို ကလေးမြို့၊ မြို့တော်ခန်းမ၌ ဇူလိုင် ၁၈ မှ ၁၉ ရက်ထိ ကျင်းပခဲ့သည်။

အဆိုပါသင်တန်းတွင် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးစိန်ဝင်းနှင့် ခရိုင်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး ဦးသိန်းဝင်းတို့က အဖွင့် အမှာစကားပြောကြားပြီး ခရိုင်စိုက်ပျိုးရေးဦးစီးမှူး ဦးသိုက်စိုးက သိပ္ပံနည်းကျစိုက်ပျိုးရေးနည်းပညာပေးသင်တန်း ဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်နှင့် သင်တန်းတွင် ဆွေးနွေးပို့ချမည့် ဘာသာရပ်များအကြောင်းကို ရှင်းလင်းဆွေးနွေးခဲ့ကြောင်းသိရသည်။

နိုင်ငံတော်အစိုးရသည် ဆင်းရဲမှုလျှော့ချရေးနှင့် ကျေးလက်ဒေသပြည်သူများ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် ဘတ်ပေါင်းစုံ၊ ထောင့်ပေါင်းစုံမှ လက်တွေ့ပြသဆောင်ရွက်ရာတွင် တောင်သူလယ်သမားများ၏ ဝင်ငွေတိုးတက်ရေးအတွက် သိပ္ပံနည်းကျစိုက်ပျိုးရေးနည်းပညာသည် အရေးကြီးသည်။

အခမ်းအနားဖွင့်ပွဲတွင် ကလေးမြို့ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်ဦးစိန်ဝင်းနှင့် ခရိုင်/မြို့နယ်အုပ်ချုပ်ရေးမှူးများ၊ ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ စိုက်ပျိုးရေးဦးစီးဌာနမှဝန်ထမ်းများ၊ ဒေသခံတောင်သူများစုစုပေါင်း ၁၃၅ ဦးတက် ရောက်ခဲ့ကြကြောင်းသိရသည်။

ဒီဒိုင်း(ကလေး)

ကော့ကရိတ်တွင် ကညနမှ နိဗ္ဗာန်ယာဉ်များအားလိုင်စင်ထုတ်ပေး

ကော့ကရိတ်၊ ဇူလိုင် ၂၁

ကရင်ပြည်နယ်၊ ကော့ကရိတ်ခရိုင်အတွင်းရှိနိဗ္ဗာန်ယာဉ်များခရိုင်ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှလိုင်စင်များထုတ်ပေးလျက်ရှိကြောင်းသိရသည်။

၎င်းလိုင်စင်များကိုခရိုင်ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦး စီးအရာရှိဦးကျော်စိုး၊ အင်ဂျင်နီယာ ဦးထွန်းထွန်းစိုးနှင့်အဖွဲ့သည် ဇူလိုင် ၇ ရက်မှ ၃၁ ရက်အထိ နိဗ္ဗာန်ယာဉ်များအားလိုင်စင်ထုတ် ပေးလျက်ရှိရာ ယနေ့အထိ နိဗ္ဗာန်ယာဉ် ၂၉ စီးကို လိုင်စင်ထုတ်ပေးခဲ့ပြီး ဖြစ်သည်။

ဆက်လက်၍ ကော့ဘိန်းတိုက်နယ်နှင့် ကြာအင်းဆိပ်ကြီးမြို့နယ်များသို့ ကွင်းဆင်းမည်ဖြစ်သည်။

တင်ဝင်းလှိုင်

ကျန်းမာရေးဝန်ကြီးဌာန
ကျန်းမာရေးဦးစီးဌာန
ခုတင်(၅၅၀)ဆံ့ ရန်ကင်းကလေးဆေးရုံကြီး၊ ရန်ကုန်မြို့
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကျန်းမာရေးဦးစီးဌာန၊ ရန်ကင်းကလေးဆေးရုံကြီးတွင် ဆေးကုသမှုခံယူနေသော လူနာများအတွက်လိုအပ်သောဆေးဝါးများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါများပေးသွင်းရန် ခေါ်ယူအပ်ပါသည်။

၂။ (က) ဈေးနှုန်းတင်သွင်းလွှာပုံစံများ စတင်ရောင်းချမည့်ရက်နှင့်အချိန် - ၂၁-၇-၂၀၁၄၊ နံနက် ၁၀နာရီ

(ခ) တင်ဒါပိတ်မည့်ရက်နှင့်အချိန် - ၂၀-၈-၂၀၁၄ရက်၊ ညနေ ၄နာရီ

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းချက်များနှင့် ဝယ်ယူမည့်ဆေးဝါးနှင့်ဆေးပစ္စည်းများ စာရင်းအသေးစိတ်ကို သိရှိလိုပါက နေ့စဉ်ရုံးချိန်အတွင်း အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းနိုင်ပါသည်။

ဆေးရုံအုပ်ကြီးရုံး၊ ရန်ကင်းကလေးဆေးရုံကြီး
အမှတ်-၉၀၊သစ္စာလမ်းမကြီး၊ ကံဘဲ့၊ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၁-၈၅၅၀၆၉၀

ရေအားလျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ရေအားလျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်းမှ အောက်ဖော်ပြပါပစ္စည်းများအား DDP(ပေါင်းလောင်း)ဂိုဒေါင်အရောက် မြန်မာ(ကျပ်)ငွေဖြင့် ဝယ်ယူလိုပါသည်-

Tender No.21/HPGE/14-15-Computer, Printer, Copier, Scanner, Fax Phone
Tender No.22,23,24/HPGE/14-15-Light Truck (5) Nos/Fire Fighting (2) Nos, Double Cab(2) Nos

၂။ အိတ်ဖွင့်တင်ဒါပိတ်ရက်မှာ ၂၀၁၄ ခုနှစ်၊ ဩဂုတ်လ ၁၉ ရက် မွန်းတည့် ၁၂ နာရီ ဖြစ်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ် အချက်အလက်များကို သတင်းစာတွင် ကြော်ငြာပါသည့်ရက်မှ စတင်၍ ရုံးချိန်အတွင်း အောက်ဖော်ပြပါဌာနတွင် လာရောက်စုံစမ်းနိုင်ပါသည်။ ရေအားလျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း
ရုံးအမှတ်(၂၇)၊ နေပြည်တော် ဖုန်း-၀၆၇-၄၁၀၂၉၆ နှင့် ၄၁၀၅၃၈

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ကျိုင်းတောင်းမြို့၏ အနောက်တောင်ဘက် (၁၄)မိုင် ခန့်အကွာ၊ အထက်ကျိုင်းတောင်းရေအားလျှပ်စစ်စီမံကိန်းတွင် ဆောင်ရွက်သွားမည့် မြေကြီး/ကျောက်သားတူးဖော်ခြင်းလုပ်ငန်းအား မြန်မာကျပ်ငွေဖြင့် လုပ်ငန်းအပ်နှံ ဆောင်ရွက်လိုပါသည်။

၂။ တင်ဒါပုံစံစတင်ရောင်းချမည့်ရက် - ၁၇-၇-၂၀၁၄ ရက်
တင်ဒါပုံစံအရောင်းပိတ်ရက် - ၃၁-၇-၂၀၁၄ရက် ၁၆း၃၀ နာရီ
Company Profile အပါအဝင် Technical Proposal နှင့် Price Proposal နောက်ဆုံးထား၍ တင်သွင်းရမည့်ရက် - ၇-၈-၂၀၁၄ ရက် ၁၆း၃၀ နာရီ

၃။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်ကို သတင်းစာတွင် ကြော်ငြာပါသည့်ရက်မှစတင်၍ ရုံးချိန်အတွင်း အောက်ပါဌာနတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ
ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန
ရုံးအမှတ်(၂၇)၊ နေပြည်တော်
ဖုန်း-၀၆၇-၄၁၀၂၅၇၊ ၄၁၀၄၃၁၊ ဖက်စ်-၀၆၇-၄၁၀၄၃၁



ဗလငါးတန် ဖွံ့ဖြိုးဖို့ စာအုပ်စာပေလေ့လာစို့

(၆၇)နှစ်မြောက်အာဇာနည်နေ့အထိမ်းအမှတ် အဖြစ် ဆရာတော် သံဃာတော်များအား ဆွမ်းဆက်ကပ်

မန္တလေး၊ ဇူလိုင် ၂၁

မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့မှကြီးမှူး၍ (၆၇) နှစ်မြောက် အာဇာနည်နေ့အထိမ်းအမှတ် ဆရာတော်သံဃာတော်များအား ဆွမ်းဆက်ကပ်လှူဒါန်းပွဲအခမ်းအနားကို ဇူလိုင် ၁၉ ရက် နံနက် ၁၀ နာရီက မန္တလေးမြို့ မြို့တော်ခန်းမတွင်ကျင်းပရာ နိုင်ငံတော်သြဝါဒါစရိယ အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက မဟာဝိသုဒ္ဓါရုံတိုက်သစ် ဝါဆိုကျောင်းသက်တော်ရှည်ဆရာတော် ဘဒ္ဒန္တအဂ္ဂိယအမှူးပြုသော ဆရာတော်သံဃာတော်များကြွရောက်ပြီး မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးရဲမြင့်နှင့် အစိုးရအဖွဲ့အစည်းများ၊ လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမောင်နှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ နိုင်ငံရေးပါတီများမှကိုယ်စားလှယ်များ၊ မြို့နယ်အထောက်အကူပြုကော်မတီဝင်များ၊ တိုင်းဒေသကြီး၊ ခရိုင်နှင့် မြို့နယ်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ တက်ရောက်ကြသည်။

အခမ်းအနားတွင် နိုင်ငံတော်သြဝါဒါစရိယ ရွှေကျင်သာသနာပိုင် အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက မဟာဝိသုဒ္ဓါရုံတိုက်သစ် ဝါဆိုကျောင်းဆရာတော်ကြီးထံမှ ငါးပါးသီလခံယူဆောက်တည်ပြီး ဆရာတော် သံဃာတော်များက ချီးမြှင့်သော ပရိတ်တရားတော်များကို နာယူကြည်ညိုကြသည်။

ထို့နောက် မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အစိုးရအဖွဲ့စည်းဝင်များက ဆရာတော်သံဃာတော်များအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်ကြသည်။ **သီဟကိုကို(မန္တလေး)**

လားရှိုးတက္ကသိုလ်၊ သချ်ာဌာန မိသားစုမှ ကြီးမှူး၍ဝါတွင်းသီလ ခံယူပွဲနှင့် မိဘမဲ့ဂေဟာ သို့သွားရောက် လှူဒါန်း

လားရှိုး၊ ဇူလိုင် ၂၁

ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ လားရှိုးတက္ကသိုလ်၊ သချ်ာဌာန မိသားစုများမှ ကြီးမှူး၍ ဇူလိုင် ၁၉ ရက် နံနက် ၈ နာရီတွင် တက္ကသိုလ်ဓမ္မာရုံ၌ ဝါတွင်းသီလခံယူပွဲနှင့် ကျောင်းဓမ္မာရုံအသစ် အလှူငွေအတွက် ရေစက်ချလှူဒါန်းပွဲအခမ်းအနား ကိုကျင်းပခဲ့သည်။

အဆိုပါသချ်ာဌာနမှ ဆရာ၊ ဆရာမများ၊ အဝေးသင်၊ နေ့ကျောင်းသား၊ ကျောင်းသူများ စုပေါင်းဒါနပြုလှူဒါန်းသော ငွေသား ၅၅၃၀၀၀ ကျပ်ကို တက္ကသိုလ်ဓမ္မာရုံအသစ်အတွက် လှူဒါန်းခဲ့သည်။

ကျောင်းသား၊ ကျောင်းသူများက ပင့်ဆောင်လာသော ရေကန်တောင်ဆရာတော် ဝိသုဒ္ဓအား လှူဖွယ်ပစ္စည်းများဖြစ်သည့် ဆီ၊ ဆန်၊ ထီး၊ သက်န်းနှင့် ငွေသားများ လှူဒါန်းခဲ့သည်။

ထို့နောက် ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ စုပေါင်းကာ လားရှိုးမြို့နယ်အတွင်းရှိ လူမှုဝန်ထမ်းဦးစီးဌာနမှ ဖွင့်လှစ်ထားသော မိဘမဲ့ဂေဟာ လူငယ်သင်တန်းကျောင်းနှင့် အေးဝံကေရိခရစ်ယာန် ဧလိမ်မိဘမဲ့ဂေဟာကျောင်း မိဘမဲ့ကလေးငယ် ကျောင်းသား၊ ကျောင်းသူ စုစုပေါင်း ၁၂၀ ဦးကို သွားရောက်အားပေးကာ ထီး၊ စာရေးကိရိယာ၊ အဝတ်အစားများနှင့် အသုံးအဆောင်ပစ္စည်းများအား ဝိုင်းဝန်းကူညီထောက်ပံ့ပေးကြကြောင်း သိရသည်။

အဆိုပါ ဝါတွင်းသီလခံယူပွဲနှင့် မိဘမဲ့ဂေဟာမှ မိဘမရှိကြသောကလေးငယ်များကို သချ်ာဌာန မိသားစုမှ ၂၀၀၂ ခုနှစ်မှစ၍ နှစ်စဉ် နှစ်တိုင်း လှူဒါန်းမှုဒါနပြုလုပ်ခဲ့သည်မှာ ၁၄ ကြိမ်တိုင်ခဲ့ပြီဖြစ်ကြောင်းသိရသည်။ **(ပြန်/ဆက်)**

ကွမ်းလုံမြို့၌ အခွန်ကောက်ဥပဒေနှင့် အခွန်ဥပဒေများပြင်ဆင်ခြင်းရှင်းလင်းဆွေးနွေး

ကွမ်းလုံ၊ ဇူလိုင် ၂၁

ရှမ်းပြည်နယ်(မြောက်ပိုင်း) ကွမ်းလုံမြို့တွင် ၂၀၁၄ ခုနှစ် ပြည်ထောင်စု၏ အခွန်ကောက်ဥပဒေနှင့် အခွန်ဥပဒေများ ပြင်ဆင်ခြင်းရှင်းလင်းပွဲကို ဇူလိုင် ၁၄ ရက် မွန်းလွဲ ၁ နာရီက ကွမ်းလုံမြို့၊ သံလွင်ဦးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမင်းဆွေက အဖွင့်အမှာစကားပြောကြားခဲ့ပြီး ကွမ်းလုံမြို့နယ်အခွန်ဦးစီးဌာနမှူး ဦးမြင့်ဆွေက ၂၀၁၄ ခုနှစ် ပြည်ထောင်စု၏အခွန်အကောက်ဆိုင်ရာဥပဒေနှင့် အခွန်ဥပဒေများ ပြင်ဆင်ခြင်းဆိုင်ရာအကြောင်းအရာများ၊ ကုန်သွယ်လုပ်ငန်းခွန်နှင့် ဝင်ငွေခွန်ဆိုင်ရာ ပြုပြင်ပြောင်းလဲမှုအကြောင်းအရာများကို ရှင်းလင်းဆွေးနွေးခဲ့သည်။

အခမ်းအနားသို့ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးထွန်းရင်၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာများ၊ ရပ်မိရပ်ဖများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ အခွန်ထမ်းပြည်သူများ ၁၁၀ ဦး တက်ရောက်ခဲ့ပြီး တက်ရောက်လာသူများမှ သိရှိလိုသည်များကို မေးမြန်းရာ မြို့နယ်အခွန်ဦးစီးဌာနမှူးက ပြန်လည်ရှင်းလင်းခဲ့သည်။

ထို့နောက် တက်ရောက်လာသူများအား ၂၀၁၄ ခုနှစ် ဝင်ငွေခွန်နှင့်ကုန်သွယ်လုပ်ငန်းခွန်ဥပဒေစာအုပ်၊ ၂၀၁၄ ခုနှစ် ပြည်ထောင်စု အခွန်ကောက်ဆိုင်ရာဥပဒေစာအုပ်နှင့် လက်ကမ်းစာစောင်များ၊ ပြက္ခဒိန်များကို အခမဲ့ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

တက္ကသိုလ်ဝင်စာမေးပွဲတွင်ထူးချွန်စွာ အောင်မြင်သော ကျောင်းသား၊ ကျောင်းသူများအား ဂုဏ်ပြု

တောင်သာ၊ ဇူလိုင် ၂၁

မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံခရိုင်၊ တောင်သာမြို့ အခြေခံပညာအထက်တန်းကျောင်း အမှတ်(၁)တွင် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့သော ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများအား ဂုဏ်ပြုချီးမြှင့်ပွဲကို ဇူလိုင် ၁၈ ရက် နံနက် ၁၀ နာရီက ကျင်းပခဲ့သည်။

အခမ်းအနားတွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ ဘဏ်များနှင့်ငွေကြေးဆိုင်ရာဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ သီရိပျံချီဦးအောင်သောင်းမှ အမှာစကားပြောကြားပြီး၊ လူရည်ချွန်မောင်မယ်များနှင့် တက္ကသိုလ်ဝင်စာမေးပွဲကို ထူးချွန်စွာအောင်မြင်ခဲ့သူများအား ဆုများချီးမြှင့်ခဲ့သည်။

ထို့နောက် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဘဏ်များနှင့်ငွေကြေးဆိုင်ရာဖွံ့ဖြိုးတိုးတက်ရေးကော်မတီအတွင်းရေးမှူး ဦးဝင်းမြင့်၊ မန္တလေးတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမောင်၊ မန္တလေးတိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးသန်းဌေးအောင်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ကျော်ညွှန့်၊ မြို့နယ်ရဲတပ်ဖွဲ့မှူး၊ မြို့နယ်ပညာရေးမှူး ၊ မြို့နယ်အထောက်အကူပြုအဖွဲ့ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများမှ ဆက်လက်၍ ထူးချွန်ကျောင်းသား၊ ကျောင်းသူများနှင့် သင်ကြားပြသပေးသော ဆရာ၊ ဆရာမများကို ဆုများချီးမြှင့်ပေးခဲ့ကြသည်။

တောင်သာမြို့ အခြေခံပညာအထက်တန်းကျောင်း အမှတ်(၁)တွင် ပြုလုပ်သော ဆုချီးမြှင့်ပွဲအပြီးတွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ ဘဏ်များနှင့်ငွေကြေးဆိုင်ရာဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ သီရိပျံချီ ဦးအောင်သောင်းသည် တာဝန်ရှိသူများလိုက်ပါ၍ ပြဿဒ်ကြီးကျေးရွာ၊ လှည်းကူးမကျေးရွာ၊ မကြီးပင်တဲကျေးရွာ၊ တံငါကျင်းကျေးရွာများရှိ အလယ်တန်းကျောင်း(ခွဲ) ဖွင့်ပွဲများသို့ တက်ရောက်ချီးမြှင့် ဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။

ဦးဇော်မင်းနိုင်(မြင်းခြံ)

သင့်စီးပွားရေးလုပ်ငန်းများ အောင်မြင်ဖို့ ကြေးမုံတွင် ကြော်ငြာစို့

ခြင်ဆေးခွေနှင့်ပတ်သက်သည့်သတိပေးချက်

ယခုအခါ မြန်မာနိုင်ငံအတွင်းသို့ ပြည်ပမှနည်းလမ်းမျိုးစုံဖြင့် မှတ်ပုံတင်ခွင့်ပြုထားခြင်းမရှိသော အဆိပ်ရှိပစ္စည်းများနှင့် ထုတ်လုပ်ထားသည့် ကျင်းထုံခြင်ဆေးခွေများ ဝင်ရောက်လျက်ရှိပါသည်။ ၎င်းခြင်ဆေးခွေများအား ပြည်သူများသုံးစွဲခြင်းမပြုကြရန် လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနမှ နေ့စဉ်ထုတ်သတင်းစာများတွင် အသိပေးထုတ်ပြန်ကြေညာထားပြီးဖြစ်ပါသည်။

မြန်မာနိုင်ငံတွင် ကျင်းထုံခြင်ဆေးခွေအမည်ဖြင့် မည်သည့်ခြင်ဆေးခွေကိုမျှ ပိုးသတ်ဆေး၊ ဥပဒေနှင့်အညီ မှတ်ပုံတင်ထားခြင်းမရှိဘဲ ဈေးကွက်တွင် တွေ့ရှိရသော ကျင်းထုံတံဆိပ် ခြင်ဆေးခွေနမူနာများကို စစ်ဆေးခဲ့ရာတွင် ကျင်းထုံတံဆိပ်ဖြင့် ခြင်ဆေးခွေများပေါ်တွင် ဖော်ပြထားသော အမျိုးအစား ဓာတုပစ္စည်း၏ပါဝင်မှုရာခိုင်နှုန်း ၀.၀၈%သည် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးမှ ထုတ်ပြန်ထားသော အများဆုံးပါဝင်ရမည့် ပမာဏ ၀.၀၄%ထက်ပိုမိုပါဝင်နေသဖြင့် သုံးစွဲသူများ၏ ကျန်းမာရေးကို များစွာထိခိုက် စေပါသည်။

တရားမဝင်တင်သွင်းလာသော အခြားခြင်ဆေးခွေများကိုလည်း လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာန သီးနှံကာကွယ်ရေးဌာနခွဲ၊ ပိုးသတ်ဆေးဓာတ်ခွဲခန်းတွင် စစ်ဆေးလျက်ရှိပါသည်။ ခြင်ဆေးခွေ တင်သွင်းရောင်းချသူများအနေဖြင့် တင်သွင်းလာသော ခြင်ဆေးခွေတွင် အဆိပ်ရှိပစ္စည်း ပါဝင်မှုစစ်ဆေးခြင်းနှင့်မှတ်ပုံတင်ခြင်းကို သီးနှံကာကွယ်ရေးဌာနခွဲသို့ ဆက်သွယ်ဆောင်ရွက်နိုင်ပါသည်။ သို့ဖြစ်ပါ၍ တရုတ်ပြည်မှတင်သွင်းလာသော ကျန်းမာရေးကို ထိခိုက်စေနိုင်သည့် ယင်းကျင်းထုံခြင်ဆေးခွေများကို သုံးစွဲခြင်းမပြုကြရန်နှင့်တင်သွင်း၊ရောင်းချ၊ ဖြန့်ဖြူးမှုများကို တွေ့ရှိပါက ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းမည်ဖြစ်ပြီး ပိုးသတ်ဆေးဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း ထပ်မံသတိပေးကြေညာအပ်ပါသည်။

ပိုးသတ်ဆေးမှတ်ပုံတင်အဖွဲ့
လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန



မုဒိတာ(၁/၂)ကွန်ဒိုတိုက်ခန်းများနှင့်
ဒဂုံမြို့သစ်ရှိတိုက်ခန်းများ
ရောင်း/ဝယ်/ငှားလိုပါက စိတ်တိုင်းကျဆောင်ရွက်ပေးပါသည်။
မဆွေ-၀၉-၂၅၀၁၈၇၅၇၅
မဘုတ်-၀၉-၇၃၀၁၇၀၀၅၊ ၀၉-၃၁၉၂၉၄၅၄

ဆားချက်ရာမှထွက်ရှိသည့်ဆားစစ်ရည် များရေခဲစက်များမှ ဝယ်ယူအသုံးပြု

ဆားချက်လုပ်ငန်းတစ်ခုမှ ဆားချက်၍ထွက်ရှိလာသည့် ခံရေ(ခေါ်) ဆားစစ်ရည် ထုတ်လုပ်နေသည်ကိုတွေ့ရစဉ်။

ဝက်လက်၊ ဇူလိုင် ၂၁

ဝက်လက်မြို့နယ်၊ သခွတ္တောကျေးရွာ ရိုးရာကုန်းတွင်းဆားချက်လုပ်ငန်းများမှ ထွက်ရှိသည့် ခံရေ(ခေါ်) ဆားစစ်ရည်များကို ရေခဲစက်များမှ ဝယ်ယူအသုံးပြုလျက်ရှိနေသဖြင့် စွန့်ပစ်ပစ္စည်းမှ ရောင်းတန်းဝင်ပစ္စည်းအဖြစ် ရောက်ရှိနေကြောင်း သိရသည်။

ကုန်းတွင်း ဆားချက်လုပ်ငန်းသည် ဆားခင်းများအတွင်း ဆားငံရေသွင်းကာ နေလှမ်းကြရပြီး သုံးရက်ခန့် နေလှမ်းပြီးလျှင် ဆားခင်းအပေါ်ယံလွှာ ဆားပွင့်မြေကို ကြိုးယူပြီး ဆားရေစစ် 'ကား'စင်အတွင်းထည့်ကာ ရေနှင့်ရောမွှေ၍ ဆားငံရည်ကို စစ်ယူကာ ရရှိလာသည့် ဆားငံရည်(စစ်ရေ)ကို ဒယ်နှင့်ထည့်ကာ ဆားပွင့်များရအောင် ဖွဲမီးနှင့်ကျိုချက်ယူရသည်။

ဆားတစ်ဒယ်ရရှိရန် သုံးနာရီခန့် ကြာမြင့်လေ့ရှိပြီး ဆားပွင့်များကို သံစကာခွက်ဖြင့် ခပ်ယူပြီး ဝါးခြင်းကျားအတွင်းထည့်ကာ ရေစစ်ထားရ၍ ဆားထည့်ခြင်းမှ ယိုစိမ့်ထွက်ရှိလာသည့် ဆားရည်(ခံရေ)ကို အောက်မှ အိုးဖြင့်ခံယူထားရပြီး ဆားမှထွက်စိမ့်လာသော ဆားရည်ကို ခံရေဟုခေါ်ကာ အရောင်အဆင်းမှာ ဆားကဲ့သို့ဖြူဖွေးမနေဘဲ နီကျင်ကျင် အရောင်ဖြစ်သည်။

အဆိုပါ ခံရေခေါ် ဆားငံရည်ကို ရှေးယခင်က မြင်းစာတွင် ထည့်သွင်းကျွေးမွေးလေ့ရှိသော်လည်း ယခုနောက်ပိုင်းတွင် ရေခဲစက်များက ဝယ်ယူအသုံးပြုလာသဖြင့် ရောင်းတန်းဝင်ပစ္စည်းဖြစ်လာကြောင်း သိရသည်။

"ခံရေကို ရေခဲစက်တွေက လာဝယ်ပြီး ရေခဲလုပ်ရာမှာ သုံးကြတယ်။ ငါးဂါလန်ပုံးတစ်ပုံးကို ကျပ်တစ်ထောင်ရတယ်။ ခံရေကို စဉ့်အိုးတွေနဲ့ ထည့်ပြီး လှောင်ထားတယ်။ လာဝယ်တဲ့အခါမှ ထုတ်ရောင်းတာပေါ့။ ကုန်းတွင်းဆားက လူကြိုက်များတော့ ထုတ်သလောက် ရောင်းရတယ်။ ဟန်လင်းဆား၊ သခွတ္တောဆားဆိုပြီး နာမည်လည်းကြီးတယ်။ အထူးသဖြင့် ငါးငပိသိပ်ရာမှာ ကုန်းတွင်းဆားက သိသိသာသာကောင်းတယ်။ ဆားဈေးက တစ်ပိဿာ လေးရာ ဝန်းကျင်ရှိတယ်။ စစ်ရည်တစ်ဒယ်ချက်ရင် ဆား ၁၃ ပိဿာလောက် ထွက်တယ်။ ခံရေက တစ်ပုံးလောက်ရပါတယ်"ဟု ကုန်းတွင်းဆားချက်လုပ်ငန်းလုပ်ကိုင်နေသူ သခွတ္တောရွာမှ ဦးကျော်ခိုင်က ပြောသည်။

ကုန်းတွင်း ဆားချက်လုပ်ငန်းများကို ဝက်လက်မြို့နယ် သခွတ္တောရွာ၊ ဟန်လင်းရွာနှင့် လိန်ပင်ကျေးရွာတို့တွင် ဆားမြေများ၊ ဆားငံရေများရှိသဖြင့် ရှေးယခင် ပျူခေတ်ကပင် ရိုးရာလုပ်ငန်းတစ်ရပ် အနေဖြင့် လုပ်ကိုင်လာခဲ့ကြကြောင်း သိရသည်။

ဆားခင်းမြေဈေးနှုန်းကြီးမြင့်မှု၊ ဆားဈေး ကျဆင်းမှုများကြောင့် ယခုအခါ ကုန်းတွင်းဆားချက်လုပ်ငန်းကို လုပ်ကိုင်မှု နည်းပါးလာကြောင်း၊ သခွတ္တောကျေးရွာတွင် ဆားလုပ်ငန်းရှင် ၄၅ ဦးခန့်ရှိပြီး ဟန်လင်းရွာ၊ လိန်ပင်ရွာတို့တွင် ဆားကွင်းများရှိသော်လည်း လုပ်ကိုင်သူ နည်းပါးလာကြောင်း သိရသည်။

နန္ဒာမင်းလွင်

၂၀၁၃-၂၀၁၄ခုနှစ် နွေစပါးစံကွက် ရိတ်သိမ်းပွဲအား မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံမြို့နယ်တွင်ကျင်းပ

မြင်းခြံ၊ ဇူလိုင် ၂၁

မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံခရိုင်၊ မြင်းခြံမြို့နယ်တွင် ၂၀၁၃-၂၀၁၄ ခုနှစ် နွေစပါးစံကွက် ရိတ်သိမ်းပွဲကို ဇူလိုင် ၁၇ ရက်က နဘူးအိုင်ကျေးရွာအုပ်စု ကွင်းအမှတ် (၆၄/က) ရှိ တောင်သူ ဦးကျော်သောင်း၏ နွေစပါးစိုက်ခင်း၌ ကျင်းပရာ တစ်ဧကအထွက်နှုန်း ၁၅၅ ဒသမ ၉၂ တင်း ထွက်ရှိကြောင်း သိရသည်။

စံကွက်ရိတ်သိမ်းပွဲသို့ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းသိန်းအောင်၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုအဖွဲ့ဝင် တောင်သူကိုယ်စားလှယ်ဦးလှငွေနှင့် မြို့နယ်စိုက်ပျိုးရေးညှိနှိုင်းမှုကော်မတီဝင်များ နဘူးအိုင်ရှေ့တန်းနယ်မြေမှ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ အကျိုးဆောင် တောင်သူများ တက်ရောက်ကြပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးဒေါ်ကြည်မှ အထူးအထွက်တိုး ဖိလစ်ပိုင် ပုလဲသွယ် စပါးမျိုးများကို (Sun moonstar)ကုမ္ပဏီမှလည်းကောင်း၊ ဓာတ်မြေဩဇာများကို မြို့နယ်ရှိဓာတ်မြေဩဇာ ပုဂ္ဂလိကအရောင်းဆိုင်များမှလည်းကောင်း၊ (G.A.P)စနစ်ဖြင့် စိုက်ပျိုးသည့် တောင်သူများအား စပါးရိတ်သိမ်းပြီးချိန် ငွေချေစနစ်ဖြင့် ဆက်စပ် ဆောင်ရွက်ပေးခဲ့ပါကြောင်းနှင့် တောင်ပင်လယ် ဆည်ရေသောက်ဒေသတွင် အထူးအထွက်တိုး စပ်မျိုးစပါးများကို နွေစပါး ၊ မိုးစပါး အသုံးပြုခဲ့ခြင်းကြောင့် ကုလားပဲသီးနှံကိုလည်း စိုက်ပျိုးနိုင်၍ တစ်ကေသုံးသီး၊ သီးထပ်စိုက်ပျိုးလျက်ရှိကြောင်းသိရသည်။

ဦးဇော်မင်းနိုင်(မြင်းခြံ)

နယ်စပ်ဒေသတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးရန်ပုံငွေဖြင့် နောင်ခမ်းကျေးရွာတွင် စိမ့်စမ်းရေထွက်မှ ရေသွယ်တန်းပေး

မောက်မယ်၊ ဇူလိုင် ၂၁

မောက်မယ်မြို့နယ်တွင် ယခင်ကကျေးရွာ အနီးမှ မိုင်ဝက်ခန့် ကိုယ်ထူကိုယ်ထစနစ်ဖြင့် ပိုက်ငယ်များနှင့် စိမ့်စမ်းရေသွယ်ယူရပြီး ယခုယင်းလုပ်ငန်းများအားလုံးကိုမောက်မယ်မြို့နယ် ကျေးလက်ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်ယူဆောင်ရွက်ခဲ့ရာ ဇွန်လနောက်ဆုံးပတ်တွင် ပြီးစီးခဲ့ကြောင်းသိရသည်။

"မိုင်ဝက်ခန့်ရှိတဲ့ ကျေးရွာနားကနေ ကိုယ်ထူကိုယ်ထစနစ်ပိုက်ငယ်လေးတွေနဲ့ စိမ့်စမ်းရေကို သွယ်ယူတာကြောင့် ရေမလောက်မငှလို့ အဆင်မပြေခဲ့ပါဘူး။ အခုနိုင်ငံတော်အစိုးရရဲ့ စေတနာကြောင့် ကျွန်တော်တို့ရွာသူရွာသားတွေ သောက်သုံးရေလုံလုံလောက်လောက် အိမ်တိုင်ရာရောက် သုံးစွဲနိုင်ပါပြီ။ ဒီလို လုပ်ပေးလို့ ဒီနယ်က ပြည်သူတွေက နိုင်ငံတော်ကို ကျေးဇူးတင်နေ ကြပါ တယ်"ဟု နောင်ခမ်းကျေးရွာ နောင်ခမ်းကျောင်း ဆရာတော်နှင့် သူကြီးဦးဝန်တို့က ပြောကြားသည်။

အဆိုပါ စိမ့်စမ်းရေသွယ်ယူခြင်းလုပ်ငန်းကို ၂၀၁၃-၁၄ ဘဏ္ဍာနှစ် နယ်စပ်ဒေသနှင့် တိုင်းရင်းသား လူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ရန်ပုံငွေကျပ် သိန်း ၂၂၅ ဖြင့် ကျေးရွာမှသုံးမိုင်ခန့် ပီဗွီစီနှစ်လက်မပိုက်ဖြင့် စိမ့်စမ်းရေထွက်မှ ရေသွယ်တန်းပေးခဲ့ကြောင်းသိရသည်။

ထို့ပြင် ယင်းကျေးရွာ၏ ရွာလယ်တွင် ဂါလံ ၅၀၀၀ ဆန့် ရေလှောင်ကန် တည်ဆောက်ပေးခဲ့သည့် အပြင် နေအိမ် ၆၈ လုံးကိုလည်း ရေကန်ကြီးမှတဆင့် အိမ် တိုင်ယာရောက်သွယ်တန်းပေးခဲ့ခြင်းများ ဆောင်ရွက်ခြင်းကြောင့် ကျေးရွာသူ၊ ကျေးရွာသားများ နွေ၊ မိုး၊ ဆောင်းသောက်သုံးရေ လုံလောက်စွာသုံးစွဲနိုင်ပြီ ဖြစ်ကြောင်း သိရသည်။

စိုင်းမျိုးသန့်(ပြန်/ဆက်)

ချင်းတွင်းအသင်း(ရန်ကုန်)ဝါဆိုသင်္ကန်းကပ်လှူပူဇော်ပွဲ

(၁၃)ကြိမ်မြောက် ဝါဆိုသင်္ကန်းကပ်လှူပူဇော်ပွဲကို ၂၇-၇-၂၀၁၄ ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ ပါရမီလမ်း၊ အမှတ်(၄)ဝိုင်းရှိ ရွှေသလ္လာပရိယတ္တိစာသင်တိုက်၌ ရွှေသလ္လာဆရာတော်နှင့် ချင်းတွင်းအသင်းသူအသင်းသား၊ နယ်သူနယ်သားများက စည်ကားသိုက်မြိုက်စွာ စုပေါင်းကျင်းပမည်ဖြစ်ပါ၍ ကြွရောက်ကပ်လှူကြပါရန် ဖိတ်ကြားအပ်ပါသည်။ လှူဒါန်းလိုပါက အောက်ပါဖုန်းနံပါတ်များထံ ဆက်သွယ်လှူဒါန်းနိုင်ကြပါသည်။

ဦးဇော်ဝိတ်(၀၉-၅၁၄၃၄၃၇)၊ ဦးမြင့်ဆွေ(၀၉-၅၁၄၇၈၈၃)၊
ဦးသိန်းလွင်(၀၁-၅၆၃၁၃၄)

အလုပ်အမှုဆောင်အဖွဲ့

ကောင်းမှုကုသိုလ်တော်သာခုခေါ်

ရန်ကုန်မြို့၊ အိမ်အမှတ်(၄၅၈)၊ ရွှေသူငွေးလမ်း၊ (၃၆)ရပ်ကွက်၊ မြောက်ဒဂုံနေ အလှူရှင်(ဦးထွန်းညဏ်) - ဒေါ်စောရီမိသားစုတို့က ဒေါ်စောရီ၏ သက်စေ့(၁၈)ကြိမ်မြောက် သက်စေ့ဝါဆိုသင်္ကန်း(၈၂)စုံနှင့် ဆွမ်းဆန်တော်အိတ်(၃၀)၊ ဆီ(၃၀)ပိဿာတို့ကို အင်းစိန်ရွာမပရိယတ္တိစာသင်တိုက်ကြီးတွင်နှစ်စဉ်လှူဒါန်းမှုအား ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်ဆွေသင်္ဂဟများ "ကောင်းမှုကုသိုလ်တော် သာခုခေါ်" ဆိုနိုင်ပါကြောင်း အသိပေးအပ်ပါသည်။

ဒေါ်စောရီမိသားစု

အန္တရာယ်ရှိခြင်ဆေးခွေ ရောင်းဝယ်မှုများပပျောက်ရေး စစ်ဆေး

သုံးခွ၊ ဇူလိုင် ၂၁

ရန်ကုန်တိုင်းဒေသကြီး တောင်ပိုင်းခရိုင် သုံးခွမြို့တွင် အန္တရာယ်ရှိ ဓာတုပစ္စည်းများပါဝင်သော ခြင်ဆေးခွေ ရောင်းဝယ်ဖြန့် ဖြူးမှုများ ပပျောက်ရေးအတွက် ဇူလိုင် ၁၉ ရက် နံနက် ၈ နာရီက အမှတ် ၄ ရပ်ကွက်အတွင်းရှိ ကုန်မျိုးစုံဆိုင်များ မုန့်မျိုးစုံဆိုင်များသို့ သုံးခွမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူး ဦးအောင်မြင့်ထွန်းမှ ဦးဆောင်၍ လိုက်လံစစ်ဆေးမှုများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ ယင်းသို့ လိုက်လံစစ်ဆေးမှုများဆောင်ရွက်ရာတွင် သုံးခွမြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန အုပ်ချုပ်ရေးမှူး ဦးအောင်မြင့်ထွန်း၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးဦးအောင်သင်းဦးနှင့်တပ်ဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးခိုင်ကြည်သာလှ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှူး မြို့မဈေးတာဝန်ခံ ဦးတင်ယု၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများပါဝင်သောအဖွဲ့က လိုက်လံစစ်ဆေးခဲ့ကြသည်။ ဈေးဝယ်လာသူတစ်ဦးက "ယခုလို အလွန်အန္တရာယ်များတဲ့ ခြင်ဆေးခွေ အများပြောနေကြတဲ့ ကျင်းထုံခြင်ဆေးခွေမျိုးက ခြင်သေပေမဲ့ လူကိုအန္တရာယ်ပေးတယ်လို့ ဘယ်သူမှမသိကြဘူးလေ။ ကျွန်မတောင်မှ တီဗွီကကြေငြာနေလို့ သိရတာပါ။ ဒီလိုမျိုးသက်ဆိုင်ရာက လိုက်စစ်တော့ ပြည်သူတွေ အန္တရာယ်ကင်းတာပေါ့" ဟု ပြောကြားခဲ့သည်။

ကြည်စိုးလွင်(သုံးခွ)

ကျောက်ပန်းတောင်းမြို့မဈေးတွင် ရေမြောင်းများရှင်းလင်း

ကျောက်ပန်းတောင်း၊ ဇူလိုင် ၂၁

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ပန်းတောင်းမြို့နယ် မြို့မဈေးကြီးဝန်းကျင်ရှိ ရေဆိုးမြောင်းများမှာ မိုးရာသီအတွင်း ရေပြည့်ရေလျှံခြင်းမဖြစ်စေရန်နှင့် ရေစီးရေလာကောင်းမွန်စေရန်အတွက် မြို့နယ်စည်ပင်သာယာကော်မတီမှ တာဝန်ရှိသူများနှင့် မြို့နယ်စည်ပင်သာယာ အင်ဂျင်နီယာဌာနနှင့် ဈေးဌာနတာဝန်ရှိသူများ၏ အနီးကပ်ကြီးကြပ်မှုဖြင့် ဇူလိုင် ၁၉ ရက် နံနက်ပိုင်းမှစတင်ကာ ရေမြောင်းများအတွင်းပိတ်ဆို့နေသည့် အမှိုက်များအား ဆယ်ယူရှင်းလင်းခဲ့ကြောင်း သိရသည်။

ကိုနေ(ကျောက်ပန်းတောင်း)

ခေါင်းဆောင်များသည် ခေါင်းဆောင်အရည်အချင်း ပြည့်ဝရန်လိုအပ်ဟု ဝန်ကြီးချုပ်ပြော

မန္တလေး၊ ဇူလိုင် ၂၁

မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ အဓိကတာဝန်သည် ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးဖြစ်ပြီး ပင်မတာဝန်ထမ်းဆောင်ရာတွင် ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ ဆောင်ရွက်သွားရန်လိုကြောင်း၊ အရေးကြီးကိစ္စရပ်များကို အချိန်မီသတင်းပို့ ညှိနှိုင်းဆောင်ရွက်သွားဖို့လိုကြောင်း၊ ခေါင်းဆောင်များသည် ခေါင်းဆောင်တစ်ဦး၏ အရည်အချင်းများ ပြည့်ဝနေရမည်ဖြစ်ပြီး လုပ်ငန်းတာဝန်များကို မှန်မှန်ကန်ကန် ရဲရဲရင့်ရင့် ပြတ်ပြတ်သားသား လုပ်ဆောင်ကြရမည်ဖြစ်ကြောင်းဖြင့် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးရဲမြင့်က ဇူလိုင် ၁၈ ရက် နံနက် ၈ နာရီတွင် မန္တလေးတိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံး ရဲသူရိန်ခန်းမ၌ တိုင်းဒေသကြီးအတွင်းရှိ ရဲတပ်ဖွဲ့ဝင်အရာရှိကြီးများနှင့်တွေ့ဆုံပွဲတွင် ရှင်းလင်းပြောကြားခဲ့သည်။

တိုင်းဒေသကြီးဝန်ကြီးချုပ်က ဆက်လက်၍ နယ်မြေအေးချမ်းသာယာရေးဆောင်ရွက်ရာတွင် ရဲတပ်ရင်း၏တာဝန် နယ်မြေရဲတပ်ဖွဲ့၏ တာဝန်ဟူ၍ မခွဲခြားဘဲ ရဲတပ်ဖွဲ့၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ အလျင်အမြန် ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ မူလတာဝန်ထမ်းဆောင်နေစဉ် အရေးပေါ်ကိစ္စရပ်များ ဖြစ်ပေါ်လျှင် ဆောင်ရွက်နိုင်ရန် မြို့နယ်အလိုက်၊ စခန်းအလိုက် အရန်တပ် စုဖွဲ့မှုများဖွဲ့၍ စနစ်တကျ တာဝန်ပေးဆောင်ရွက်သွားရန်လိုကြောင်း ဆက်လက်ပြောသည်။

ရဲတပ်ရင်းများအနေဖြင့် အကြမ်းဖက်မှုဖြစ်ပေါ်လာနိုင်သည့် အရေးပေါ်အခြေအနေများတွင် အချိန်မီ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ လူစုလူဝေးများကို ဖြိုကွဲသွားအောင် အမြန်ဆုံး ဆောင်ရွက်ကြရမည်ဟုလည်း ဆက်လက်ပြောသည်။

ထို့ပြင် ကုလသမဂ္ဂ ကူညီပါရစေဟူသော ဆောင်ပုဒ်နှင့်အညီ သင်ကြားပေးထားသည့် ရဲအတတ်ပညာများဖြင့် ပြည်သူလူထုအတွက် အေးချမ်းသာယာအောင် ဆောင်ရွက်ပေးကြရမည်ဖြစ်ကြောင်း တိုင်းဒေသကြီးတစ်ခုလုံး နယ်မြေအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များမှ တက်ညီလက်ညီဖြင့် တာဝန်ကျေပွန်စွာ ဆောင်ရွက်ကြရန် ပြောကြားခဲ့သည်။

အဆိုပါတွေ့ဆုံပွဲသို့ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးအောင်ကျော်မိုး၊ အမှတ်(၃) ရဲလုံခြုံရေးကွပ်ကဲမှုအဖွဲ့မှူး ရဲမှူးချုပ် မောင်မောင်ခိုင်၊ တိုင်းဒေသကြီး ခေတ္တရဲတပ်ဖွဲ့မှူး ရဲမှူးကြီးမောင်စိုး၊ တိုင်းဒေသကြီးအတွင်းရှိ ခရိုင်နှင့်မြို့နယ်ရဲတပ်ဖွဲ့မှူးများနှင့် စခန်းမှူးများ တက်ရောက်ခဲ့ကြသည်။

သီဟကိုကို(မန္တလေး)

(၆၇)နှစ်မြောက်အာဇာနည်နေ့ မီးသတ်တပ်ဖွဲ့ အလေးပြု

မန္တလေး၊ ဇူလိုင် ၂၁

ယခုနှစ် ဇူလိုင် ၁၉ ရက်နေ့တွင် ကျရောက်သည့် (၆၇) နှစ်မြောက် အာဇာနည်နေ့၌ အာဇာနည်ကြီးများ ကျဆုံးချိန် ၁၀ နာရီ ၃၇ မိနစ်တွင် ဥသြဆွဲခြင်း၊ ဟွန်းတီးခြင်း၊ အရိုအသေပေးခြင်း၊ ငြိမ်သက်စွာရပ်လျက် အလေးပြု မေတ္တာပို့ခြင်းများဆောင်ရွက်ရန် မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့မှ မြို့နယ်များသို့ နှိုးဆော်အကြောင်းကြားထားကြောင်း သိရသည်။

ဇူလိုင် ၁၉ ရက်တွင် မန္တလေးတိုင်းမီးသတ်တပ်ဖွဲ့များက မြို့နယ်အလိုက် အာဇာနည် ခေါင်းဆောင်ကြီးများအား အလေးပြုခဲ့ကြသည်။

ယခင်က ပြည်သူများ စိုးရိမ်ထိတ်လန့်မှု ဖြစ်စေသဖြင့် အာဇာနည်နေ့များတွင် တားမြစ်ထားခဲ့ရာ အစိုးရသစ်လက်ထက် ပြည်သူတို့ တောင်းဆိုခဲ့မှုကို အလေးထားသဖြင့် အာဇာနည်ခေါင်းဆောင်ကြီးများ ကျဆုံးချိန်ကို မီးသတ်ယာဉ်များ ပြန်လည်၍ အလေးပြုခြင်းဖြစ်ကြောင်း သိရသည်။

သီဟကိုကို(မန္တလေး)

မန္တလေးတိုင်းဒေသကြီး၊ မလှိုင်မြို့နယ်တွင် ကား၊ ထော်လာဂျီစသည့် စက်တပ်ယာဉ်များ စနစ်တကျ ထိုးရပ်စေလို

မလှိုင်၊ ဇူလိုင် ၂၀

မန္တလေးတိုင်းဒေသကြီး မလှိုင်မြို့နယ်သည် ကျေးလက်ဒေသများမှ လာရောက်ရောင်းဝယ်ဖောက်ကားကြသလို မြို့ကြီးများမှလည်း ကား၊ ထော်လာဂျီစသည့် စက်တပ်ယာဉ်များ လာရောက်ရောင်းဝယ်နေကြသည့် မြို့ဖြစ်ပြီး ငါးရက်တစ်ခါပြုလုပ်သည့် ဈေးနေ့များတွင် ယာဉ်ပိုင်ရှင်များမှာ မိမိတို့ယာဉ်များကို စည်းကမ်းမဲ့စွာ ရပ်ထားသည့်အပြင် အများပြည်သူသွားလာနေသည့် ပွဲစားတန်းလမ်းမပေါ်၌ ယာဉ်နှစ်ထပ်ရပ်တန့်ထားကြောင်း တွေ့ရသည်။

" ကျွန်တော်တို့ခရီးသွားတွေဟာစည်းကမ်းမရှိရပ်ထားတဲ့ ကားတွေကို ရှောင်တိမ်းသွားလာနေရတယ်။ ဝန်စည်စလည်ပါရင် ပိုပြီး ရှောင်တိမ်းဖို့ခက်တယ် စည်းကမ်းမဲ့တွေ ပျောက်ပျက်စေချင်တယ်"ဟု ဒေသခံတစ်ဦးက ပြောသည်။

"ကျွန်မတို့ နေထိုင်ခဲ့တဲ့ မလှိုင်မြို့ဟာ ဟိုအရင်က ဒီလောက် မတိုးတက်ပါဘူး။ ဒါပေမယ့် ယာဉ်မတော်တဆမှုတွေလည်း မကြုံခဲ့ဖူးပါဘူး။ အခုလို ခေတ်နဲ့အညီ တိုးတက်ပြောင်းလဲလာနေသလိုလူတိုင်း ကိုယ်စီ စည်းကမ်းရှိစွာ နေထိုင်နိုင်ဖို့ လိုပါတယ်" ကျောင်းသားမိဘတစ်ဦးက ပြောသည်။

စည်းကမ်းမဲ့စွာရပ်ထားသောယာဉ်များကြောင့်မိမိတို့သားသမီးများအတွက်စိုးရိမ်နေရကြောင်းလည်းဎင်းကပြောသည်။

"အခုလို စည်းကမ်းမဲ့စွာရပ်တန့်ထားတဲ့ ကားစသည့် စက်တပ်ယာဉ်တွေကိုကြည့်ပြီး ကျွန်မတို့ သားသမီးတွေကို နေ့စဉ်ယာဉ်မတော်တဆမဖြစ်ရအောင် ပြောဆိုဆုံးမနေရပါတယ်။ အခုဆိုရင် မလှိုင်မြို့မှာ တိုင်းဒေသကြီးအစိုးရက မီးပွိုင့်များတပ်ဆင်ပေးထားသလိုဒေသခံပြည်သူများဟာ ယာဉ်စည်းကမ်းလမ်းစည်းကမ်းများကို လိုက်နာဖို့လိုပါတယ်။ မလှိုင်မြို့မှာ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းထိန်းသိမ်းဖို့စည်းကမ်းမဲ့ ရပ်နားထားတဲ့ ယာဉ်များကို ထိန်းသိမ်းပေးစေလိုပါတယ်" ဟု ဎင်းက ပြောသည်။

ကျော်ကျော်(မလှိုင်)

မြန်မာပြည်တွင်ပထမဆုံး 3D ဝန်ဆောင်မှုပေးပြီ

3D Scanဖတ်ခြင်းနှင့် 3D Printing ဝန်ဆောင်မှုများအား ဇူလိုင်လ၂၅-၂၇ထိ ရန်ကုန်မြို့၊ တပ်မတော်ခန်းမတွင် ကျင်းပပြုလုပ်မည့် ICT Products,Solutions & Edu Fair 2014 ပြပွဲတွင် ပြခန်းအမှတ်(S-3,S-4)၌ Life and Challenge Co.,Ltd မှ (25%)လျှော့ဈေးဖြင့် ဝန်ဆောင်မှုပေးပါမည်။ 3D Scan ဖတ်လိုသောလူ/ပစ္စည်း၊ 3D Print လုပ်လိုသော Data များ တစ်ပါတည်း ယူဆောင်လာပါရန်။ (ဖုန်း-၀၉-၄၂၀၀၉၆၀၀၀၊ ၀၉-၄၂၀၇၅၄၇၃၉ သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်)

မြစ်ကြီးနားမြို့ ပလနကျေးရွာအုပ်စု အင်ခိုင်ဘွန်တောင်ခြေရှိ ငွေပျော်စံပြကျေးရွာ၌ ယာယီမူကြိုကျောင်းဖွင့်လှစ်

မြစ်ကြီးနား ဇူလိုင် ၂၁

မြစ်ကြီးနားမြို့ ပလနကျေးရွာအုပ်စု အင်ခိုင်ဘွန်တောင်ခြေရှိ ငွေပျော်စံပြကျေးရွာ၌ မြစ်ကြီးနားနှင့်ဝိုင်းမော်မြို့နယ် IDP စခန်းများမှ ပြောင်းရွှေ့မိသားစုများအတွက် ပြည်နယ်အစိုးရအဖွဲ့မှ ယာယီစာသင်ကျောင်းများ၊ ယာယီဆေး ပေးခန်းများ ဖွင့်လှစ်ဆောင်ရွက်ပေးလျက်ရှိရာ ဇူလိုင် ၁၈ ရက် နံနက်ပိုင်းတွင် ပြည်နယ်အစိုးရအဖွဲ့ဝင် စည်ပင်သာယာရေးဝန်ကြီး ဦးအလေးပါ၊ လူမှုရေးဝန်ကြီး ဒေါ်ဘောက်ဂျာနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ စေတနာအလှူရှင်များက အဆိုပါကျေးရွာ၌ ယာယီမူကြိုကျောင်းဖွင့်လှစ်ပေးကြပြီး မူကြိုကျောင်းတက်ရောက်မည့် ကလေးငယ်များ၊ မိဘများနှင့် တွေ့ဆုံ၍ မူကြိုကျောင်းယာယီဖွင့်လှစ်ပေးသည့်အတွက် မိဘများအနေဖြင့် မိသားစုဝင်ငွေ ပိုမိုတိုးအောင်ရှာနိုင်ရန် ရည်ရွယ်ပါကြောင်းနှင့် စပ်လျဉ်း၍ လူမှုရေးဝန်ကြီး ဒေါ်ဘောက်ဂျာက ရှင်းလင်းပြောကြားကာ ကလေးငယ်များကို ကျောင်းဝတ်စုံများပေးအပ်ကြသည်။

ယင်းနောက် ယာယီမူကြိုကျောင်းဖွင့်လှစ်မည့်အဆောက်ကို ကြည့်ရှုစစ်ဆေးပြီး ကျောင်းသားမိဘများနှင့်စုပေါင်း၍ ပြင်ဆင်ဆောင်ရွက်ပေးကြကာ ကလေးငယ်များအတွက် ခြင်ထောင် အလုံး ၅၀၊ ခေါင်းအုံး အလုံး၅၀၊ စောင် ၂၁ ထည်၊ ဖျာ ၁၅ ချပ်၊ ပန်းကန်/ခွက်ယောက်များနှင့် ရေပုံး/ရေခွက်များ ထောက်ပံ့ပေးအပ်ကြပြီး ကျောင်းရေရှည်တည်တံ့ခိုင်မြဲရေးအတွက် ကျောင်းသားမိဘများနှင့် ကျောင်းကြီးကြပ်ရေး ကော်မတီဖွဲ့စည်းဆောင်ရွက်ပေးသည်။

ထို့နောက် ကျေးရွာရှိအခြေခံပညာ အလယ်တန်းကျောင်းခွဲတွင် ပညာသင်ကြားနေသည့်ဆရာဆရာမများအတွက် ဆိုလာပြားများနှင့်စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်ကြပြီး လိုအပ်ချက်များကိုမေးမြန်းကာ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

အဆိုပါ ငွေပျော်စံပြကျေးရွာကို မေ ၁၀ ရက်တွင် မြစ်ကြီးနားနှင့်ဝိုင်းမော်မြို့နယ် IDP စခန်းများမှအိမ်ထောင်စုများကို ပြည်နယ်အစိုးရအဖွဲ့မှ ပြောင်းရွှေ့နေရာချထားပေးပြီး ယာယီစာသင်ကျောင်းဖွင့်လှစ်လျက် ကျောင်းသားကျောင်းသူ ၁၁၄ ဦးကို ဆရာ ဆရာမ ရှစ်ဦးဖြင့် ပညာသင်ကြားပေးလျက်ရှိရာ ယခုအခါတွင် မူကြိုကျောင်းကိုပါ ထပ်မံဖွင့်လှစ်ပေးနိုင်ခြင်းဖြစ်သည်။

(ပြည်နယ်ပြန်/ဆက်)

သတင်းတို

ဝက်လက်မြို့နယ်တွင် မိုးကြို ရွှေတောင်(၈)ဝါ စံကွက်ရိတ်သိမ်း

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ဝက်လက်မြို့နယ်၌ မိုးကြိုရွှေတောင်(၈)ဝါ စံကွက်ရိတ်သိမ်းပွဲကို ဇူလိုင် ၁၇ ရက်ကလိန်ပင်ကျေးရွာအုပ်စု ကွင်းအမှတ် ၃၄၄၉ ဦးပိုင်အမှတ် ၄၉ တစ်ရှိ တောင်သူဦးသန်းဝင်း၏ ရွှေတောင်(၈)ဝါ ငါးဧက စိုက်ခင်း၌ပြုလုပ်ခဲ့ရာ တစ်ဧကလျှင် ၈၇၅ ပိသာခန့်ထွက်ရှိခဲ့ကြောင်းသိရသည်။ ဝါစံကွက်ရိတ်သိမ်းပွဲသို့ စက်မှုသီးနှံဖွံ့ဖြိုးရေးဦးစီးဌာန ရွှေဘိုခရိုင် ဦးစီးမှူးဦးမြင့်လှိုင်၊ မြို့နယ်ဦးစီးမှူးဦးလှမြင့်နှင့် ဝန်ထမ်းများ မြို့နယ် စိုက်/ကြပ်ကော်မတီဝင်များ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် တောင်သူများလာရောက်ကြည့်ရှုလေ့လာခဲ့ကြသည်။ စံကွက် ရိတ်သိမ်းပွဲသို့တက်ရောက်လာကြသော တောင်သူများအား စက်မှုသီးနှံဖွံ့ဖြိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူးက စပါးစိုက်ပျိုးရန်အတွက် ရေရယူရန်ခက်ခဲသော လယ်မြေများတွင် ရေလိုအပ်မှုနည်းပါးပြီး အကျိုးအမြတ်များသော ဝါကိုစိုက်ပျိုးသင့်ကြောင်းကိုလည်းကောင်း၊ မြို့နယ်ဦးစီးမှူးက သိပ္ပံနည်းကျစိုက်ပျိုးနည်းစနစ်(GAP) အကြောင်းကိုလည်းကောင်း ရှင်းလင်းဆွေးနွေးပြောကြားခဲ့ကြောင်းသိရသည်။

နန်းမြင့်

ငှက်ဖျားရောဂါတိုက်ဖျက်မှုဆိုင်ရာ အသိပညာပေး ဟောပြောပွဲ ကျောက်တံခါးမြို့တွင်ကျင်းပ

ကျောက်တံခါး၊ ဇူလိုင် ၂၁

ပဲခူးတိုင်းဒေသကြီး၊ ကျောက်တံခါးမြို့နယ်၊ ကျောက်တံခါးမြို့ စည်ပင်သာယာခန်းမတွင် ဇူလိုင် ၁၈ ရက် မွန်းတည့် ၁၂ နာရီက ငှက်ဖျားရောဂါတိုက်ဖျက်ရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲ ကျင်းပခဲ့ကြောင်းသိရသည်။

၎င်းဟောပြောပွဲတွင် ပဲခူးတိုင်းဒေသကြီး ငှက်ဖျားရောဂါဆရာဝန်ကြီး၊ ခရိုင်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာထွန်းမင်းဦးစီး၍ လတ်တလော ငှက်ဖျားရောဂါအခြေအနေနှင့် အမျိုး သားငှက်ဖျားရောဂါကုသမှုလမ်းညွှန် ချက်ဖြင့် PSI/Myanmar စီမံချက်မှ လုပ်ငန်းဆိုင်ရာ အသိပညာပေး ဟောပြောခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အခမ်းအနားသို့ ကျောက်တံခါးမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာခင်မောင်ဆွေ၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးကျော်ဆန်းဦး၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဦးစီးမှူး ဒေါက်တာတိုးမောင်နှင့် ကျောက်တံခါးမြို့နယ် ပြည်သူ့ဆေးရုံ၊ တောကျွဲအင်း၊ ပဲနွယ်ကုန်း၊ ဇဒို၊ ကညင်ကျိုး တိုက်နယ်ဆေးရုံများမှ ဆရာဝန်များ၊ ကျန်းမာရေးဝန်ထမ်း ဆရာ၊ ဆရာမများ တက်ရောက်ခဲ့ကြောင်း သိရသည်။

ရွှေဦးစွာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာခင်မောင်ဆွေမှ အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ကျန်းမာရေးဦးစီးမှူး ဒေါက်တာတိုးမောင်မှ ကျန်းမာရေးနှင့်ပတ်သက်သော ကိစ္စရပ်များအား ပြောကြားခဲ့သည်။

ပဲခူးတိုင်းဒေသကြီး ငှက်ဖျားဆရာဝန်များမှ လက်တလောဖြစ်ပေါ်နေသော ငှက်ဖျားရောဂါအခြေအနေနှင့် ငှက်ဖျားရောဂါကုသမှုဆိုင်ရာ လမ်းညွှန်အမှာစကားများ ရှင်းလင်းပြောကြား၍ တက်ရောက်လာသော တိုက်နယ်ဆရာဝန်နှင့် ကျန်းမာရေးဝန်ထမ်းများမှ ငှက်ဖျားရောဂါနှင့် ပတ်သက်သော သိလိုသည်များကို မေးမြန်းကာ ၎င်းတို့၏ မေးမြန်းချက်များကို ငှက်ဖျား ရောဂါဆရာဝန်ကြီးမှ ပြန်လည်ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

ခင်ကို(ကျောက်တံခါး)

လမ်းပေါ်၌ လွှတ်ကျောင်းတိရစ္ဆာန်များ တက်ရောက်မှုကြောင့် မလိုလားအပ်သော ယာဉ်မတော်တဆမှုဖြစ်ပွားနိုင်

မန္တလေး၊ ဇူလိုင် ၂၁

တိုင်းဒေသကြီးနှင့် ခရိုင်မြို့နယ်များ၌ ယာဉ်မတော်တဆမှုများမဖြစ်ပွားစေရန် သက်ဆိုင်ရာတာဝန်ရှိသူများမှ ပြည်သူများကို ဟောပြောပွဲများ ပြုလုပ်ပေးသကဲ့သို့ အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းများကို ဆောင်ရွက်ပေးလျက်ရှိသည်။ သို့သော်ဒေသခံကျေးလက်ပြည်သူများအနေဖြင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများကို လိုက်နာမှုအားနည်းနေသလို မိမိတို့၏ အိမ်မွေးတိရစ္ဆာန်များကို အများပြည်သူသွားလာနေသည့်လမ်းပေါ်၌ လွှတ်ကျောင်းခြင်းကြောင့် မလိုလားအပ်သည့် ယာဉ်မတော်တဆမှုများ ဖြစ်ပွားနိုင်ကြောင်းယင်းဒေသခံများကပြောသည်။

ဇူလိုင်လအတွင်းက အများပြည်သူ သွားလာနေသည့် မလှိုင်-မန္တလေးသို့သွားသည့် ခရိုင်ချင်းဆက်လမ်း ဇီးတော-ကမ်းနားလမ်းပိုင်း ၁၄/၁ မိုင်အနီးရှိ လမ်းမပေါ်၌ သိုးတစ်အုပ် တက်ရောက်ကျော်ဖြတ်နေသဖြင့် ခရီးသွားပြည်သူများမှာ ရပ်တန့်စောင့်နေခဲ့ရသည်။

တစ်ပိုင်တစ်နိုင် မွေးမြူထားသည့် ကျွဲ၊ နွား၊ သိုး၊ ဆိတ်စသည့် လွှတ်ကျောင်းတိရစ္ဆာန်များကို အများပြည်သူသွားလာနေသည့် လမ်းမများပေါ်သို့ တက်ရောက်မှုကြောင့် မလိုလားအပ်သည့် ယာဉ်မတော်တဆမှုမျိုးများဟာ မကြာခဏဆိုသလို ဖြစ်ပွားကြပြီး မဖြစ်သင့်သည့် ပြဿနာတွေ ဖြစ်ပွားနိုင်ကြောင်း ဆိုင်ကယ်ဖြင့် ခရီးသွားတစ်ဦးက ပြောသည်။

ယင်းကြောင့် မိမိတို့မွေးမြူထားသည့် အိမ်မွေးတိရစ္ဆာန်များကို အများပြည်သူသွားလာနေသည့် လမ်းပေါ်မတက်ရန် ဂရုစိုက် လွှတ်ကျောင်းသင့်ပြီး သက်ဆိုင်ရာတာဝန်ရှိသူများမှလည်း ဝိုင်းဝန်းထိန်းသိမ်းပေးသင့်ကြောင်း ခရီးသွားတစ်ဦးက ပြောသည်။

ကျော်ကျော်(မလှိုင်)

ပေါက်မြို့နယ်အသင်း(ရန်ကုန်)
တတိယအကြိမ်ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲဖိတ်ကြားလွှာ

ပေါက်မြို့နယ်အသင်း(ရန်ကုန်)၏ တတိယအကြိမ်မြောက် ဝါဆိုသင်္ကန်းနှင့် ဆွမ်းဆက်ကပ်လှူဒါန်းပွဲကို ဩဝါဒါစရိယဆရာတော်များအား အမှူးထား၍ ရန်ကုန်မြို့ ဗဟန်းမြို့နယ် ရွှေတိဂုံမြောက်ဘက်မုခ်အနီး မူလကမ္ဘာအေးကျောင်းတိုက်၌ ၂၇-၇-၂၀၁၄ရက် (တနင်္ဂနွေနေ့) နံနက်၉နာရီတွင် ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် ပေါက်မြို့နယ်သူ၊ မြို့နယ်သားများအားလုံး အသင်းဝင်သည်ဖြစ်စေ၊ မဝင်သည်ဖြစ်စေ၊ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ စိတ်ပါလက်ပါတက်တက်ကြွကြွ ပျော်ပျော်ရွှင်ရွှင် အင်တိုက်အားတိုက် မပျက်မကွက်ကြွရောက်ကုသိုလ်ယူကြပါရန် လေးစားစွာဖိတ်ကြားနိုးဆော်အပ်ပါသည်။

သင်္ကန်းလှူဖွယ်ပစ္စည်းများတွင် ဝတ္ထုငွေများလှူဒါန်းလိုသူများသည် နာယကဗိုလ်မှူးကြီးမြတ်သူ(ငြိမ်း) ဖုန်း-၀၉-၅၁၉၂၉၉၄၊ နာယက ဒုတိယဗိုလ်မှူးကြီး ဇော်ဝင်း (ငြိမ်း) ဖုန်း၀၉-၄၂၃၇၁၇၈၈၈၊ ဥက္ကဋ္ဌ ဒေါ်မြမြဟိန်း ဖုန်း-၀၉-၇၃၂၀၁၇၈၆၊ ဒုဥက္ကဋ္ဌ ဦးဇော်ဝင်း (သူဌေးမင်းအိမ်ခြံမြေအကျိုးဆောင်လုပ်ငန်း) ဖုန်း၀၉-၅၀၁၅၁၃၂၊ ဒုဥက္ကဋ္ဌ ဦးတင်အေး(ညွှန်မှူး-ငြိမ်း) ဖုန်း-၀၉-၅၁၉၄၅၁၀၊ အတွင်းရေးမှူး ဦးတင်ညိမ်း ဖုန်း-၀၉၄၂၀၂၃၀၂၈၃၊ ဘဏ္ဍာရေးမှူး ဦးအောင်နိုင်ဦး ဖုန်း-၀၉၄၅၀၀၆၅၀၀၈တို့ထံ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

အလုပ်အမှုဆောင်အဖွဲ့

ရောင်းမည်

အောင်ဆန်း ဘူတာရုံလမ်း၊ မြေနှင့်ဂိုဒေါင်၊ ဘိုးဘွားပိုင် ပေ ၁၀၀ ပတ်လည် ၀. ၂၀၆ဧက ရေမီး(ပါဝါ-၁၊ ရိုးရိုး-၂) ဖုန်းပါ

၀၉-၄၃၂၀၂၈၅၈၊ ၀၉-၄၃၀၈၅၇၃၈



ခရမ်းမြို့နယ်အသင်း(ရန်ကုန်)
ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲဖိတ်ကြားခြင်း

ခရမ်းမြို့နယ်အသင်း(ရန်ကုန်)၏ (၈)ကြိမ်မြောက် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပမည်ဖြစ်ပါ၍ အသင်းသူ၊ အသင်းသားများ ကြွရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

နေ့ရက် - ၁၃၇၆ခုနှစ်၊ ဝါခေါင်လဆန်း (၁)ရက်
၂၇-၇-၂၀၁၄ရက်(တနင်္ဂနွေနေ့)

အချိန် - နံနက် ၇ နာရီမှ ၁၀ နာရီ

နေရာ - ခရမ်းမြို့နယ်အသင်း(ရန်ကုန်)တိုက်(၁)၊ ရန်ကြီးအောင်လမ်း၊ မေတ္တာညွန့်ရပ်ကွက်၊ တာမွေမြို့နယ်

(ခရမ်းမြို့မှ ကြွရောက်မည့် အသင်းသူ၊ အသင်းသားများအတွက် ခရမ်းတွင် ကားစီစဉ်ထားပါသည်။)

အလုပ်အမှုဆောင်အဖွဲ့
ခရမ်းမြို့နယ်အသင်း(ရန်ကုန်)

ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့
